# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ်၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၀) ရက်၊ ကြာသပတေးနေ့၊ (3-11-2022)၊ အတွဲ (၃၁)၊ အမှတ် (၁၈၇)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၂ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၂ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် သာသနာ့မဟာဗိမာန်တော်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ သြဝါဒါစရိယဆရာတော်ကြီးများ အမှူးပြုသည့် ပင့်ဖိတ်ထားသော ဆရာတော်ကြီး ၂၇ ပါးကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်


**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**





ရတနာပုံ
၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်
အယ်ဒီတာ့အာဘော်

# ကျန်းမာရေးအတွက် နေ့စဉ်လမ်းလျှောက်ပါ

လူတိုင်းကျန်းမာရန်အတွက် ကိုယ်လက်လှုပ်ရှားမှုကို နေ့စဉ်အချိန်မှန်ပြုလုပ်သင့်သည်။ ကိုယ်လက်လှုပ်ရှားမှုများတွင် လမ်းလျှောက်ခြင်းသည် အလွယ်ကူဆုံး၊ ငွေကုန်အသက်သာဆုံးနှင့် အန္တရာယ်အကင်းဆုံးဖြစ်သည်။ ထို့ပြင် လမ်းလျှောက်ခြင်းသည် အခြားသောလေ့ကျင့်ခန်းများကဲ့သို့ ပစ္စည်းကိရိယာ၊ နေရာ အထူးတလည်မလိုအပ်ပေ။ ထိုသို့လွယ်ကူသက်သာစွာလုပ်ဆောင်နိုင်သော လမ်းလျှောက်ခြင်းသည် လူတို့၏ကျန်းမာရေးအတွက် အထောက်အကူပြုသောကြောင့် နေ့စဉ်အချိန်မှန်ပြုလုပ်သင့်သည်။

လူ့ခန္ဓာကိုယ်သည် ပူပြင်းသောနွေရာသီတွင် ချွေးထွက်လေ့ရှိပြီး ချွေးနှင့်အတူ ခန္ဓာကိုယ်တွင်းရှိ အညစ်အကြေးများ၊ အပူအခိုးများထွက်ရှိ၍ ခန္ဓာကိုယ်ပေါ့ပါးစေသည်။ ယခုလိုအေးသောရာသီတွင် ချွေးထွက်မှုနည်းပြီး ခန္ဓာကိုယ်လေးလံထိုင်းမှိုင်းနေတတ်သည်။ ထို့ကြောင့် အေးသောရာသီတွင် ခန္ဓာကိုယ် ပေါ့ပါးလန်းဆန်းစေရန်၊ ချွေးမအောင်းစေရန်အတွက် ပုံမှန်လမ်းလျှောက်သင့်သည်။

လမ်းလျှောက်ခြင်းသည် ဦးနှောက်အတွက် အကျိုးကျေးဇူးများစွာပေးဆပ်နိုင်ကြောင်း သိရသည်။ လမ်းလျှောက်ခြင်းဖြင့် အန်ဒေါ်ဖင်ဟုခေါ်သော ဟော်မုန်းတစ်မျိုးထွက်ရှိမှုမြင့်တက်ပြီး ခန္ဓာကိုယ်နာကျင်မှုဝေဒနာကို သက်သာစေသည်။ လူတို့တွင် အန်ဒေါ်ဖင်ဟော်မုန်းထွက်ရှိလေ စိတ်ဖိစီးမှုလျော့ကျလေဖြစ်သည်။ ၎င်းဟော်မုန်းသည် ဦးနှောက်၏ကျန်းမာရေးကို အထောက်အကူဖြစ်စေသည့်အပြင် ဒီမန်းရှားဟုခေါ်သော မှတ်ဉာဏ်ချို့ယွင်းရှုံ့သွပ်ခြင်းရောဂါနှင့် အယ်ဇိုင်းမားရောဂါဖြစ်ပွားနိုင်ခြေကို လျှော့ချပေးကြောင်း ကျန်းမာရေးဆောင်းပါးများအရ သိရသည်။

လူ၏ခန္ဓာကိုယ်တွင် အဆီပိုများမရှိလျှင် ကြွက်သားများသည် ပိုမိုပေါ်လွင်လာပြီး သန်မာလာမည်ဖြစ်သည်။ ထိုသို့သန်မာစေရန် တစ်ရက်လျှင် ခြေလှမ်းတစ်သောင်းခန့် လျှောက်ရန်လိုသည်။ စက္ကန့် ၃၀ မှ တစ်မိနစ်၊ နှစ်မိနစ်ထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းလျှောက်ခြင်း၊ တစ်ဖန်ခပ်မြန်မြန်ပြန်၍လမ်းလျှောက်ခြင်းသည်လည်း ခန္ဓာကိုယ်အတွက် ထိရောက်မှုရှိသည်။ လမ်းလျှောက်ခြင်းသည် ခန္ဓာကိုယ်တစ်လျှောက်ရှိ ကြွက်သားများ၏ တင်းအားကို တိုးမြင့်စေသည်။ ထို့ပြင် ပြင်းထန်သည့် လေ့ကျင့်ခန်းမဟုတ်သောကြောင့် ကြွက်သားနာကျင်ခြင်း၊ အနာတရဖြစ်ခြင်း၊ နောက်တစ်ကြိမ် လမ်းမလျှောက်နိုင်ခြင်းမျိုးမဖြစ်စေပါ။

လမ်းလျှောက်ခြင်းဖြင့် ပန်ကရိယခေါ် မုန့်ချိုအိတ်သည် လူတို့စားသောက်သော အစားအစာအားလုံးကို ခန္ဓာကိုယ်ရှိ ကလာပ်စည်းများအတွက် လိုအပ်သောလောင်စာကို ပြောင်းလဲပေးသည်။ ပန်ကရိယသည် အစာခြေရည်ထုတ်ပေးခြင်းနှင့် သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးသည်။ ထို့ကြောင့် ပုံမှန်လမ်းလျှောက်ခြင်းသည် သွေးတွင်းသကြားဓာတ်ပမာဏကောင်းမွန်စေရန် ကူညီပေးသည်။ လမ်းလျှောက်သူနှင့် ပြေးသောသူနှိုင်းယှဉ်လျှင် လမ်းလျှောက်သူက ကျန်းမာရေးနှင့်ညီညွတ်သော သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်သည်။ ထို့ကြောင့် လမ်းလျှောက်ခြင်းသည် ပြေးခြင်းထက် ဆီးချိုရောဂါဖြစ်ပွားမှုကို ကာကွယ်ရာတွင် ပို၍ထိရောက်မှုရှိကြောင်း ကျန်းမာရေးဆောင်းပါးများတွင် တိတိကျကျဖော်ပြထားသည်။

သို့ဖြစ်ရာ လူတိုင်းပုံမှန်လမ်းလျှောက်ခြင်းသည် ခန္ဓာကိုယ်တစ်ခုလုံး၏ ဟန်ချက်ညီလှုပ်ရှားမှုကို ဖြစ်ပေါ်စေနိုင်ပြီး ကျန်းမာခြင်းကို အကျိုးပြုသည်ဖြစ်ရာ မိမိ၏တစ်နေ့တာအချိန်များထဲက မိနစ် ၃၀ ခန့်လမ်းလျှောက်ခြင်းဖြင့် ခန္ဓာကိုယ်အတွက် ကောင်းကျိုးများရရှိလာမည်ဖြစ်သည်။ ကိုယ်ကျန်းမာလျှင် စိတ်ချမ်းသာသည်ဆိုသောစကားရှိသကဲ့သို့ စိတ်ချမ်းသာ၍ ကိုယ်ကျန်းမာစေရန် နေ့စဉ်လမ်းလျှောက်သင့်ကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးတွင် လူမှုဖူလုံရေးအာမခံအကျုံးဝင် မှတ်ပုံတင်ထားရှိသူ အလုပ်သမား ၁၁၂၄၆၇ ဦးရှိလာ

**မန္တလေး နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်၊ မြို့နယ်အလိုက် အလုပ်ရုံများနှင့် ဌာနများမှ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ယနေ့ထိ လူမှုဖူလုံရေး အာမခံအကျုံးဝင်မှတ်ပုံတင်ထားရှိသူ အလုပ်သမား ၁၁၂၄၆၇ ဦးရှိလာကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ သိရသည်။

အဆိုပါ လူမှုဖူလုံရေးအာမခံအကျုံးဝင်မှတ်ပုံတင် အလုပ်သမားဝင်ရောက်ရန်အတွက် သက်ဆိုင်သည့်အစိုးရဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းဌာနများမှ အလုပ်ရှင်၊ အလုပ်သမားများက ထားရှိကြကြောင်း၊ ထိုသို့ထားရှိကြရာတွင် အလုပ်ဌာနပေါင်း ၇၃၁၂ ဌာနရှိပြီး လူမှုဖူလုံရေး အာမခံအကျုံးဝင် မှတ်ပုံတင်ထားရှိသူ အလုပ်သမား ၁၁၂၄၆၇ ဦးရှိကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးက ပြောပြသည်။

"တိုင်းဒေသကြီးအတွင်း အလုပ်ရုံတွေနဲ့ ဌာနတွေက လူမှုဖူလုံရေး အာမခံအကျုံးဝင် မှတ်ပုံတင်ကို ထားရှိကြပါတယ်။ အလုပ်ရှင်၊ အလုပ်သမား လူမှုဖူလုံရေးကို လက်ရှိ အကျိုးခံစားနေရတာထက် ပိုပြီး အကျိုးခံစားခွင့်ရရှိအောင် လူမှုဖူလုံရေးကို အကျုံးဝင်မှတ်ပုံတင်ပေးတာဖြစ်ပါတယ်။ အခုလို အာမခံလုပ်ထားတာ သာမန်အချိန်မှာမသိသာပေမဲ့ လူမှုအခက်အခဲကြုံတွေ့ရချိန်မှာတော့ တအားကိုအားထားရတဲ့ အဖွဲ့အစည်းပါ။ အာမခံထားရှိတဲ့အခါမှာလဲ အလုပ်ရှင်၊ အလုပ်သမားတွေရဲ့ ဝင်ငွေထဲကမှ အလုပ်ရှင်မှ သုံးရာခိုင်နှုန်း၊ အလုပ်သမားများမှ နှစ်ရာခိုင်နှုန်း စုစုပေါင်း ငါးရာခိုင်နှုန်းဖြစ်တဲ့ငွေကို လစဉ် သွင်းရတာဖြစ်ပါတယ်"ဟု ဦးသန်းနိုင်ဦးက ပြောပြသည်။

(၁၈၅)

# မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက်တွင် ရေပေါ်ပြ၊ကမ်းပေါ်ပြရေလမ်းညွှန်အမှတ်အသားများ စိုက်ထူမည်



**မန္တလေး နိုဝင်ဘာ ၂**

မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက်တွင် ရေပေါ်ပြ၊ ကမ်းပေါ်ပြရေလမ်းညွှန်အမှတ်အသားများစိုက်ထူမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ဧရာဝတီမြစ် မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက်သင်္ဘောများ သွားလာရာတွင် အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် နိုဝင်ဘာ ၁၀ ရက်မှစ၍ ရေပေါ်ပြရေလမ်းညွှန်အမှတ်အသား အခုရေ ၁၄၀ နှင့် ကမ်းပေါ်ပြ ရေလမ်းညွှန်အမှတ်အသားအခုရေ ၂၀၀ စုစုပေါင်း ရေလမ်းညွှန်အမှတ်အသား အခုရေ ၃၄၀ ကို စိုက်ထူပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မန္တလေး-တကောင်းရေလမ်းကြောင်းမှာ နိုဝင်ဘာ ၁၀ ရက်မှာ ရေလမ်းညွှန်အမှတ်အသား စိုက်ထူတဲ့လုပ်ငန်းတွေ စတင်လုပ်ဆောင်ပေးမှာပါ။ ရာသီဥတု အပြောင်းအလဲတွေနဲ့မြစ်ရေတိုက်စားမှုတွေကြောင့် အရင်က စိုက်ထူပြသပေးတဲ့ ရေလမ်းညွှန်အမှတ်အသားတွေ ပျက်စီးဆုံးရှုံးမှုအနည်းငယ်ရှိပါတယ်။ မန္တလေးဆိပ်ကမ်းကနေ မန္တလေး-တကောင်းဘက်ကိုသွားမဲ့ ခရီးသည်တင်သင်္ဘောတွေကော ကုန်တင်သင်္ဘောတွေပါ ရေနည်းချိန်ကာလမှာ သွားရလာရ လွယ်ကူအဆင်ပြေအောင်လို့ ရေလမ်းညွှန်အမှတ်အသားတွေကို နိုဝင်ဘာ ၁၀ ရက်ကစပြီး စိုက်ထူပေးမဲ့အပြင် အခုလက်ရှိ မြစ်ကြောင်းတိုင်းတာရေးလုပ်ငန်းတွေကိုပါ ဆက်တိုက်လုပ်ဆောင်ပေးနေပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

မန္တလေး-တကောင်းရေလမ်းကြောင်းတစ်လျှောက် ရေလမ်းညွှန်အမှတ်အသားအခုရေ ၃၄၀ ကို သင်္ဘောနှစ်စင်းဖြင့် စိုက်ထူပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၈၄)

# ပြည်တွင်းစားသုံးမှုများပြားသည့် ဇမာသံပရာသီးများ အရောင်းအဝယ်ကောင်းမွန်ပြီး ဈေးကောင်းရရှိနေ

**မန္တလေး နိုဝင်ဘာ ၂**

ပြည်တွင်းစားသုံးမှုများပြားသည့် မြန်မာ့ထွက်ကုန် ဇမာသံပရာသီးများ အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ သံပရာပွဲရုံပိုင်ရှင် ဒေါ်မြို့မြို့ဝင်းက ပြောပြ၍ သိရသည်။

သံပရာပင်များစိုက်ပျိုးရာတွင် ဇမာသံပရာ၊ သံပယို စသည်ဖြင့် အမျိုးအစားခွဲခြားစိုက်ပျိုးထားရှိရာ ဇမာသံပရာသီးမှာ တစ်နှစ်ပတ်လုံးထွက်ရှိပြီး ယခုနှစ် အောက်တိုဘာလ တတိယပတ်မှစ၍ ယနေ့ထိ အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းရရှိနေကြောင်း၊ လက်ရှိအချိန်တွင် သံပရာသီးဈေးနှုန်းများမှာ အလုံးသေးတစ်လုံးလျှင် ငွေကျပ် ၈၀ နှင့် အလုံးကြီးတစ်လုံးလျှင် ငွေကျပ် ၁၀၀ ရောင်းချနေရကာ ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ သံပရာသီးပွဲရုံပိုင်ရှင် ဒေါ်မြို့မြို့ဝင်းက ပြောပြသည်။

"ဇမာသံပရာသီးက ပြည်တွင်းဈေးကွက်မှာ ပုံမှန်အတိုင်းအရောင်းအဝယ်ကောင်းနေပါတယ်။ ကဆုန်၊ နယုန်လအတွင်းမှာ မိုးဦးသီးအနေနဲ့ လှိုင်လှိုင်ထွက်ပေါ်လာပြီး တစ်လုံးကို ငွေ ၁၀ ကျပ်၊ ၁၅ ကျပ် လောက်ပဲရရှိပေမဲ့ အခုလို သီတင်းကျွတ်၊ တန်ဆောင်မုန်းလလောက်ကစပြီး ဈေးနှုန်းကတရိပ်ရိပ်တက်လာတာပါ။ တပေါင်း၊ တန်ခူးမှာတော့ မိုးနှောင်းသီးအနေနဲ့ အထွက်နှုန်းနည်းသွားတဲ့အပြင် ပူပြင်းတဲ့ရာသီအတွက် အသုံးပြုမှုများလာတာကြောင့် တစ်လုံးကို ငွေကျပ် ၁၈၀ ကနေ ၂၀၀ ထိ အမြင့်ဆုံးဈေးအနေနဲ့ ရောင်းချရပါတယ်။ ဇမာသံပရာသီးဟာ မိုးဦးသီး၊ မိုးလယ်သီး၊ မိုးနှောင်းသီးဆိုပြီးရှိရာ မိုးဦးသီးများမှာ အထွက်နှုန်းကောင်းမွန်ပြီး အသီးကြွေကျတာတွေလဲ ဖြစ်ပေါ်လေ့ရှိတဲ့အတွက် ကြွေကျတဲ့အသီးတွေကို သံပရာချဉ်ပြုလုပ်ကာ တစ်ပိဿာကို ငွေကျပ် ၃၀၀၀ နှုန်း ရောင်းချရပါတယ်"ဟု မန္တလေးမြို့မှ သံပရာပွဲရုံပိုင်ရှင် ဒေါ်မြို့မြို့ဝင်းက ပြောပြသည်။

အဆိုပါ ဇမာသံပရာသီးကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စဉ့်ကိုင်မြို့နယ်နှင့် ဒုဋ္ဌဝတီမြစ်ကမ်းဘေးတစ်လျှောက်ရှိ ကျေးရွာများတွင် အဓိကစိုက်ပျိုးလျက်ရှိပြီး ထွက်ရှိလာသည့် ဇမာသံပရာသီးများကို ပြည်တွင်းဈေးကွက်သို့ ရောင်းချကြကြောင်း သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုင်းခတ်မြို့နယ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အုတ်ရိုက်နည်းသင်တန်းဖွင့်

**မိုင်းခတ် နိုဝင်ဘာ ၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အုတ်ရိုက်နည်းသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မိုင်းခတ်မြို့နယ် ဖာလန်ကော်ကျေးရွာအုပ်စု တောင်သုံးလုံးကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးရန်ကျော်က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေပြီး ဝင်ငွေတိုးပွားလာစေရန်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ အုတ်ရိုက်နည်းသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ သင်တန်းမှ သင်ကြားပို့ချပေးမှုများကို စိတ်ပါဝင်စားစွာဖြင့် လေ့လာသင်ယူသွားကြရန်နှင့် သင်တန်းပြီးဆုံးပါက ကိုယ်ပိုင်လုပ်ငန်း ထူထောင်နိုင်သည်ထိ ကြိုးစားဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာများက သင်တန်းတွင်သင်ကြားပို့ချပေးမည့်ဘာသာရပ်များ၊ သင်တန်းတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက သင်ကြားမှုသင်ယူမှုအထောက်အကူပြု ပစ္စည်းများကို သင်တန်းသားများအား ပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အုတ်ရိုက်နည်းသင်တန်းသို့ ဖာလန်ကော်ကျေးရွာအုပ်စု၊ တောင်သုံးလုံးကျေးရွာမှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် အုတ်ရိုက်နည်းသင်ခန်းစာများကို မိုင်းခတ်မြို့နယ်ရှိ ကျွမ်းကျင်နည်းပြများက ယနေ့မှ နိုဝင်ဘာ ၂၁ ရက်ထိ စာတွေ့၊ လက်တွေ့ဖြင့် အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရန်ကျော်က ပြောပြ၍ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိတ္တဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ သုခမ္မမဏ်ဇောတာရေ ဦးအောင်နိုင်ဆွေ-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်မြင့်မြင့်နွယ် (သီရိရွှေစင်စိန်ရွှေရတနာဆိုင်)မိသားစုက ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ နာယကကြီး ဦးတင်မောင်၊ စီမံဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇဂေရိတ် ဦးမြဝင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အာလူးဧက ၅၆၅၀ စိုက်ပျိုးမည်



**မုံရွာ နိုဝင်ဘာ ၂**

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အာလူး ဧက ၅၆၅၀ လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၂-၂၀၂၃ ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီးတွင် အာလူးစိုက်ပျိုးရန် လျာထားမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ၆၅၁ ဧက၊ တမူးခရိုင်တွင် ဧက ၆၂၀၊ ကလေးခရိုင်တွင် ၁၄၅ ဧက၊ ခန္တီးခရိုင်တွင် ဧက ၉၀၊ ဟုမ္မလင်းခရိုင်တွင် ၁၇၂ ဧက၊ နာဂဒေသတွင် ၄၁၁ ဧက၊ ရွှေဘိုခရိုင်တွင် ၁၉၈၈ ဧက၊ ရေဦးခရိုင်တွင် ဧက ၂၅၀၊ စစ်ကိုင်းခရိုင်တွင် ၄၇၉ ဧက၊ ကသာခရိုင်တွင် ၆၈၅ ဧက၊ ကောလင်းခရိုင်တွင် ၁၅၉ ဧက စုစုပေါင်းဧက ၅၆၅၀ စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးမှာ အာလူးကို စားဖို့ဆောင်သီးနှံအဖြစ် စိုက်ပါတယ်။ ယင်းမာပင်ဘက်မှာဆိုရင် အာလူးကြော်လုပ်ဖို့ အာလူးပြား ပါးပါးလှီးပြီး အခြောက်လှမ်းကြော်ပြီး စီးပွားဖြစ်လုပ်တာရှိတယ်။ အာလူးပူတင်းလုပ်တာတွေရှိတယ်။ အာလူးကို ဆောင်းတွင်းမှာ စိုက်ကြတယ်။ အာလူးကို ဈေးကွက်အရ စိုက်တာလဲရှိတယ်။ မိရိုးဖလာအရ စိုက်တာတွေလဲရှိတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအနေနဲ့ အာလူးစိုက် ဧကအများအပြား မဟုတ်ပေမဲ့ အများစုကြိုက်နှစ်သက်တဲ့သီးနှံဖြစ်တော့ စိုက်ဧကအနေနဲ့ပုံမှန်ပါပဲ"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကြည်ဝင်းက ပြောပြသည်။

ပြီးခဲ့သည့် ၂၀၂၁-၂၀၂၂ ဆောင်း သီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီးတွင် အာလူး ၅၀၅၅ ဧက စိုက်ပျိုးပြီးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် အာလူးစိုက်တောင်သူများအနေဖြင့် အာလူးစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးနိုင်ရန်၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန်နှင့် GAP စနစ်ဖြင့် စိုက်ပျိုး နိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးတွင် အာလူးတစ်ဧကစိုက်ပျိုးမည်ဆိုပါ ငွေကျပ် ရှစ်သိန်းနှင့် ကိုးသိန်းကြား ကုန်ကျစရိတ်ရှိပြီး အာလူးတစ်ဧကလျှင် ပိဿာ ၃၅၀၀ မှ ပိဿာ ၄၀၀၀ ထိ ထွက်ရှိကြောင်း ၎င်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ပျော်ဘွယ်မြို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် VDP စီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်

**ပျော်ဘွယ် နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်မည့် ကျေးရွာများတွင် စီမံကိန်းကော်မတီဝင်များအား ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီက ပျော်ဘွယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးမင်းနိုင်က ရန်ပုံငွေလွှဲပြောင်းပေးအပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းလုပ်ငန်းစဉ်များ အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာသူကျေးရွာသားများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပျော်ဘွယ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အကောင်အထည်ဖော်ဆောင်ရွက်မည့်ကျေးရွာ ၂၃ ရွာအား စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၃၀၀ နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)အကောင်အထည်ဖော်ဆောင်ရွက်မည့်ကျေးရွာ ၂၈ ရွာအား စီမံကိန်းရန်ပုံငွေကျပ်သိန်း ၂၈၀၀ စီကို ကျေးရွာကော်မတီဝင်များထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# မအူပင်မြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

**မအူပင် နိုဝင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်နေ အမျိုးသမီးများ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေ တိုးပွားစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာနရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးမြင့်က သင်တန်းသူများအနေဖြင့် သင်တန်းမှ သင်ကြားပို့ချပေးခဲ့သော အတတ်ပညာများကို စဉ်ဆက်မပြတ်ဆက်လက်လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးချကာ မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများကိုတစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်အောင်သာက ဌာနမှ ရှေ့ဆက်ဖွင့်လှစ်မည့် အသက်မွေးဝမ်းကျောင်း သင်တန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်း ထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို သင်တန်းသူများအား ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းဆင်းပွဲသို့ မအူပင်မြို့နယ်အတွင်းရှိ ခနောင်၊ ပံတပွတ်၊ ပေါက်ကုန်း၊ မရမ်းကွေ့၊ ဇရင်ဂျီစုနှင့် ပန်းပဲစုကျေးရွာတို့မှ သင်တန်းသူဦးရေ ၃၀ တက်ရောက်ကြပြီး သင်တန်းတွင် အခြေခံစက်ချုပ်နည်းသင်ခန်းစာများကို ကျွမ်းကျင်နည်းပြဆရာမများက အောက်တိုဘာ ၁ ရက်မှ နိုဝင်ဘာ ၁ ရက်ထိ စာတွေ့၊ လက်တွေ့ဖြင့် အခမဲ့သင်ကြားပေးခဲ့ကြောင်း မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်အောင်သာထံမှ သိရသည်။

**မောင်ရိုင်**



# တေးကဗျာများနှင့် ဓမ္မစာပေများက ပြောသောတန်ဆောင်မုန်းလအကြောင်း

မန္တလာပြေ

**တေးကဗျာအနုအရွ တန်ဆောင်မုန်းလ**

တန်ဆောင်မုန်းလနှင့်ပတ်သက်၍ တေးရေးဆရာများက တေးသီချင်းများဖြင့်လည်းကောင်း၊ ကဗျာစာဆိုများက ကဗျာလင်္ကာများဖြင့်လည်းကောင်း၊ စာဆိုများက ဆောင်းပါးများဖြင့်လည်းကောင်း အသီးသီးရေးသားဖွဲ့ဆိုခဲ့ကြသည်။ ထိုသို့ရေးသားဖွဲ့ဆိုရာတွင် တက္ကသိုလ်စိုး ရေးသားပြီး ကိုမြကြီး သီဆိုထားသော မြိုင်မြိုင်ဆိုင်ဆိုင်လတန်ဆောင်တိုင် သီချင်းဖြစ်သည်။

**မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်**

[(မြိုင်မြိုင်ဆိုင်ဆိုင်)၂ လတန်ဆောင်တိုင်]၂

(သီတင်းကျွတ်ပွဲတော်ကြီးပြီးတော့ . . . တန်ဆောင်မုန်း . . . တန်ဆောင်တိုင် ဆီမီးကမြိုင် . . . မသိုးအလှ မြတ်သင်္ကန်းကပ်ဖို့ . . . ရွှေတိဂုံကုန်းတော်မြိုင်မြိုင်ဆိုင် . . . ကထိန်သင်္ကန်းမို့ ကပ်လှူလို့မဆုံး . . . ခင်ပြုံးသူဇာကေသီခိုင်)၂ စသည့် တေးသီချင်းသည် အလွန်နားထောင်ကောင်းပြီး တန်ဆောင်တိုင်အလှကိုပေါ်လွင်အောင် ဖော်ကျူးထားသော တေးသီချင်းကောင်းတစ်ပုဒ်ဖြစ်သည်။

တန်ဆောင်မုန်းလအကြောင်း ဖွဲ့ဆိုထားသည့် ကဗျာတချို့ကို ဖော်ပြပါဦးမည်။ ရှေးခေတ်စာဆိုဖိုးသူတော်ဦးမင်းက-

"လှူကထိန်သင်္ကန်းနဲ့ မင်္ဂလမ်းတဲ့ဆုပန်ရှယ်။
သည်ချိန်ကို ဝတ်မှုန်ကြဲလို့
ခဝဲရွှေညှာရင်းမှာ သင်းရန့်ကြွယ်။
ကောင်းကင်လယ် ထက်ဝယ်ဘုံဦး၊
ရွှေလစန္ဒာနှင့်
ကြတ္တိကာ ကြယ်ရောင်ရှန်းတယ် ထွန်းထိန်လို့မြူး"

ဟုဖွဲ့ဆိုထားသည်။

ဆရာကြီးမင်းသုဝဏ်က "နက္ခတ်ပွဲ"အမည်ရှိ ကဗျာတွင်

"တန်ဆောင်မုန်းလ မိုးအကုန်
နက္ခတ် တာရာစုံ။
တာရာစုံတဲ့ နက္ခတ်ပွဲ
ကျီး ဗျိုင်း ဟင်္သာဝဲ၊
ဟင်္သာမင်းကြီး မိုးမှာပျံ
ကျီးမင်း ရွှေ့ကရံ
ဗျိုင်းမင်းခံလို့ ကျီးညိုဝဲ
ဟင်္သာ နောက်ဆက်တွဲ"ဟု တန်ဆောင်မုန်းလ၏ နက္ခတ်တာရာ အမည်များကို မြူးကြွသွက်လက်သော အရေးအဖွဲ့ဖြင့် ဖွဲ့ဆိုထားသည်။

ထို့ပြင်တန်ဆောင်မုန်းလရာသီဖွဲ့ကဗျာတစ်ပုဒ်တွင်

"ငွေစန်းရယ်တဲ့ ပုဏ္ဏမီ။
ရွှေကျီးညိုတာရာနှင့်
ကြတ္တိကာယှဉ်ဖြိုင်လျှမ်းတယ်
ချမ်းစ ရာသီ။
လှူကထိန် ခါတော်ပွဲငယ်နှင့်
ခဝဲပွင့် ဝါစီစီ
သာကြည်တဲ့မြူရှင်း။
လတန်ဆောင်မှာ
ကြွပြောင်ပြောင် အသရေတင့်ပါဘိ
ရွှေမြင်းမိုရ် ဝါထိန်ထိန်နှင့်
ခါအချိန် မြောက်လေသွေးတယ်
အေးတဲ့ငွေနှင်း"ဟု ဆရာကြီးမောင်ထင်က ဖွဲ့ဆိုခဲ့သည်။

အထက်ပါ တေးသီချင်းနှင့် ကဗျာများကို လေ့လာကြည့်ခြင်းအားဖြင့် တန်ဆောင်မုန်းလအကြောင်းကို များစွာဖော်ထုတ်သိရှိနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာဝင်တို့သည် တန်ဆောင်မုန်းလပြည့်နေ့တွင် တန်ဆောင်တိုင်ပွဲတော်ကို ကျင်းပမြဲဖြစ်သည်။ တန်ဆောင်တိုင်ပွဲတော်တွင် မြတ်စွာဘုရားအား ရည်စူး၍ စေတီပုထိုးများ၊ ရုပ်ပွားတော်များနှင့် ကျောင်းကန်များ၌ ဆီမီးများ၊ ဖယောင်းတိုင်မီးများ၊ ရောင်စုံလျှပ်စစ်မီးများဖြင့် ပူဇော်ကြသည်။ "ရွှေမြင်းမိုရ် ဝါထိန်ထိန်"ဆိုသည့်အတိုင်း တောင်ကြီးမြို့၊ ပြင်ဦးလွင်မြို့နှင့် အချို့မြို့များတွင် မီးပုံးပျံလွှတ်တင်ပွဲများကို ကြီးကျယ်ခမ်းနားစွာကျင်းပကြသည်။

တန်ဆောင်တိုင်ပွဲတော်သည် မြန်မာတို့၏ဆယ့်နှစ်ရာသီပွဲတော်များအနက် အထင်ကရပွဲတော်တစ်ခုဖြစ်ပြီး တန်ဆောင်မုန်းလပြည့်နေ့ကိုနိုင်ငံတော်အစိုးရက တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးသည်။

**တန်ဆောင်မုန်းလနှင့် အမည်အခေါ်ဝေါ်**

တန်ဆောင်မုန်းလအမည် အခေါ်အဝေါ်နှင့်ပတ်သက်၍ "တန်ဆောင်မုန်း"ဟူသော မြန်မာစကားကို ပုဂံခေတ်က "တန်ဆောင်မှုန်း"ဟု ဟထိုးသံဖြင့်သုံးနှုန်း

❖ မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာဝင်တို့သည် တန်ဆောင်မုန်းလပြည့်နေ့တွင် တန်ဆောင်တိုင်ပွဲတော်ကို ကျင်းပမြဲဖြစ်သည်။ တန်ဆောင်တိုင်ပွဲတော်တွင် မြတ်စွာဘုရားအားရည်စူး၍ စေတီပုထိုးများ၊ ရုပ်ပွားတော်များနှင့် ကျောင်းကန်များ၌ ဆီမီးများ၊ ဖယောင်းတိုင်မီးများ၊ ရောင်စုံလျှပ်စစ်မီးများဖြင့် ပူဇော်ကြသည်။ "ရွှေမြင်းမိုရ် ဝါထိန်ထိန်" ဆိုသည့်အတိုင်း တောင်ကြီးမြို့၊ ပြင်ဦးလွင်မြို့နှင့် အချို့မြို့များတွင် မီးပုံးပျံလွှတ်တင်ပွဲများကို ကြီးကျယ်ခမ်းနားစွာကျင်းပကြသည်။ တန်ဆောင်တိုင်ပွဲတော်သည် မြန်မာတို့၏ ဆယ့်နှစ်ရာသီပွဲတော်များအနက် အထင်ကရပွဲတော်တစ်ခု ဖြစ်ပြီး တန်ဆောင်မုန်းလပြည့်နေ့ကို နိုင်ငံတော်အစိုးရက တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးသည်။ ❖

ခေါ်ဝေါ်ခဲ့ကြသည်။ တန်ဆောင်မုန်း(မှုန်း)ဟူသော စကား၌ "တန်"တစ်ပုဒ်၊ "ဆောင်"တစ်ပုဒ်၊ "မှုန်း(မုန်း)" တစ်ပုဒ်ဟူ၍ သုံးပုဒ်ပါရှိသည်။ "တန်" တန်ခိုးအရောင်ကဲ့သို့ မီးအရောင်ဟုလည်းကောင်း၊ "ဆောင်" ဆောင်ယူခြင်းဟုလည်းကောင်း၊ "မှုန်း(မုန်း)" အမှောင်ကိုချေမှုန်းခြင်း၊ ပယ်ဖျောက်ခြင်း၊ ထွန်းလင်းစေခြင်းဟုလည်းကောင်း အနက်ယူကြောင်း လေ့လာသိရှိရသည်။ ထို့ကြောင့် တန်ဆောင်မှုန်း(မုန်း)လဆိုသည်မှာ မီးအရောင်ကိုဆောင်ယူ၍ အမှောင်ကိုပယ်ဖျောက်ကာ လင်းစေသောလဟူ၍ အဓိပ္ပာယ်ရသည်။ ဘာသာစကားရှုထောင့်အရ "မှုန်း"နှင့် "မုန်း"သည် ရှေးခေတ်အသုံးနှင့် နှောင်းခေတ်အသုံးကွဲပြားမှုသာဖြစ်ပြီး အဓိပ္ပာယ်မှာ အတူတူပင်ဖြစ်ကြောင်း ဆရာကြီးဦးဖိုးလတ်က ဖွင့်ဆိုထားသည်။

**တန်ဆောင်မုန်းလ၏ ရာသီနက္ခတ်တာရာနှင့် ပွင့်သောပန်း**

အထက်ဖော်ပြပါ ကဗျာလင်္ကာများကို ကြည့်ခြင်းအားဖြင့် တန်ဆောင်မုန်းလသည် ဆောင်းရာသီဖြစ်ပြီး နှင်းများကျကာ မြောက်လေသွေး၍ ချမ်းအေးလှသည်။ ရာသီမှာ ဗြိစ္ဆာရာသီဖြစ်ပြီး စန်းယှဉ်နက္ခတ်မှာ ကြတ္တိကာနက္ခတ်နှင့် ကျီးတာရာတို့ဖြစ်သည်။ ကောင်းကင်တွင်မြင်ရသော ကြယ်စု၏ရုပ်ပုံ(လူတို့၏စိတ်ထဲတွင် ထင်မြင်စိတ်ကူး၍ရသော ပုံသဏ္ဌာန်၊ ဥပမာ-ခုနစ်စဉ်ကြယ်)မှာ ကင်းမြီးကောက်ပုံဖြစ်သည်။

ရာသီပန်းမှာ ခဝဲပန်းဖြစ်သည်။ ခဝဲပန်းမှာမိမိတို့ ဟင်းလျာအဖြစ် ချက်ပြုတ်စားသောက်နေသော ခဝဲသီးပင်မှ ပွင့်သောပန်းဖြစ်သည်။ ခဝဲပန်း၏အရောင်မှာ အဝါရောင်ဖြစ်ပြီး အနံ့မှာ သင်းသင်းလေးမွှေးသည်။

ခဝဲပင်မှာ အယဉ်နှင့် အရိုင်းဟူ၍ နှစ်မျိုးရှိသည်။ အယဉ်မှာ မိမိတို့ဥယျာဉ်ခြံမြေများတွင် စိုက်ပျိုးသည့်အပင်ဖြစ်ပြီး အရိုင်းမှာ မိုးမှဆောင်းအကူးရာသီတွင် အလေ့ကျပေါက်၍ တန်ဆောင်မုန်းလတွင် မြိုင်မြိုင်ဆိုင်ဆိုင်ပန်းပွင့်သောအပင်ဖြစ်သည်။ အပွင့်မှာ အဝါရောင်ဖြစ်ပြီး အယဉ်ကဲ့သို့ပင်မွှေးသည်။ အညာကျေးလက်တောရွာခြံစည်းရိုးများပေါ်တွင် မြင်တွေ့နိုင်သည်။

**လှူကထိန်သင်္ကန်းနှင့် မင်္ဂလမ်းရှယ်**

ဗုဒ္ဓဘာသာဝင်တို့သည် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ စတင်၍ မင်္ဂဖိုနိဗ္ဗာန်ကိုရည်မှန်းကာ "ဆွမ်းမှာပိဏ္ဍ၊ သင်္ကန်းမှာကထိန်၊ ကျောင်းမှာသိမ်"ဟူသော စကားအတိုင်း ဝါဆိုသင်္ကန်းနှင့်အခြားအလှူသင်္ကန်းများထက် မြတ်သောကထိန်သင်္ကန်းကို သံဃာအားလှူဒါန်းလေ့ရှိကြသည်။ ကထိန်သင်္ကန်းလှူဒါန်းခြင်းကို ကထိန်ခင်းသည်ဟုလည်း ဆိုကြသည်။ ဤတွင် ကထိန်ခင်းနိုင်သောရက်မှာ အကန့်အသတ်ရှိသည်။ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှစ၍ တန်ဆောင်မုန်းလပြည့်နေ့ထိ တစ်လအတွင်းသာ ကထိန်သင်္ကန်းကို သံဃာအား လှူဒါန်းနိုင်ကြသည်။ သတ်မှတ်ရက်အတွင်း ကထိန်သင်္ကန်းကို သံဃာအား ကပ်လှူပြီးနောက် ကထိန်ပွဲကိုမူ သင့်လျော်သော အချိန်တွင် ခမ်းခမ်းနားနားကျင်းပလေ့ရှိကြသည်။

ကထိန်အကြောင်းအရာနှင့်ပတ်သက်၍ ပြည့်ပြည့်စုံစုံသိရှိစေရန် မန္တလေးမြို့ မြတောင်ကျောင်းတိုက် ရွှေဝါဝင်းကျောင်းဆရာတော်ကြီး ဘဒ္ဒန္တသာသနာဘိဝံသ(အဘိဓဇမဟာရဋ္ဌဂုရု)က ဟောကြားတော်မူခဲ့သော ကထိန်အနုမောဒနာတရားတော်ကို အကျဉ်းချုပ်ဖော်ပြလိုသည်။

ဆရာတော်ကြီးက **စိတ္တ** ဟူသောပုဒ်ကို **စိတ်**၊ **နိဗ္ဗာန**ဟူသောပုဒ်ကို **နိဗ္ဗာန်**ဟုဘာသာပြန်ကြသကဲ့သို့ **ကထိန** ဟူသောပါဠိပုဒ်ကို **ကထိန်**ဟု မြန်မာဘာသာပြန်ဆိုထားခြင်းဖြစ်ကြောင်း၊ **ကထိန**ဆိုသည်မှာ တည်တံ့ခြင်း၊ ခိုင်မြဲခြင်းဟု အနက်ရကြောင်း၊ ကထိန်အာနိသင် ငါးပါးကို ကထိန်ခင်းရာကျောင်းတိုက်ပြင်ပသို့ မရောက်စေဘဲ ကျောင်းတိုက်အတွင်းမှာသာ ခိုင်မြဲစေခြင်းဖြစ်ကြောင်း ဟောကြားသည်။ ကထိန်အာနိသင်ငါးပါးနှင့်ပတ်သက်၍ ဆရာတော်ကြီးက လင်္ကာဖြင့် "ကထိန်ခင်းကြ၊ ကျောင်းတိုက်ပြင်ပ၊ နေ့စဉ်ငါးဝ၊ မသွားစေရန်၊ ခိုင်မြဲရန် မှတ်ရန်ကထိန်ခေါ်"ဟု ဆိုပြသည်။

ကထိန်အာနိသင်ငါးပါးကို ဆရာတော်ကြီးက ဆက်လက်ရှင်းပြသည်မှာ ကထိန်ရသော ရဟန်းသည်-

၁။ ကျောင်းတိုက်ပြင်ပ သွားစရာရှိပြီဆိုလျှင် အနီးအပါးရှိ ရဟန်းတော်ကို ပန်ကြားပြီးမှ သွားရမည်ဖြစ်သော်လည်း ကထိန်အာနိသင်ရသည့်နေ့မှစ၍ တပေါင်းလပြည့်နေ့ထိ ငါးလတိုင်တိုင် မည်သူ့ကိုမျှ မပန်မကြားဘဲ သွားလာလျှင်လည်း အာပတ်မသင့်ခြင်း၊

၂။ အဓိဋ္ဌာန်တင်ထားသည့် သင်္ကန်း(သင်းပိုင်၊ ဧကသီ၊ နှစ်ထပ်သင်္ကန်းတို့အနက် တစ်ထည်ထည်)ကို သွားလေရာယူမသွားဘဲ ပေါ့ပေါ့ပါးပါးသွားလာလျှင်လည်း အာပတ်မသင့်ခြင်း၊

၃။ မအပ်စပ်သောနည်းဖြင့် ဆွမ်းစားဖိတ်ခြင်း (ဥပမာ-"ဆွမ်းဘုဉ်းပေးကြွပါ"ဟု ရိုသေစွာမပင့်လျှောက်ဘဲ "ထမင်းစားလာပါ"ဟု ဖိတ်ကြားခြင်း)ကို လက်ခံ၍ ဆွမ်းစားလျှင်လည်း အာပတ်မသင့်ခြင်း၊

၄။ သံဃာတော်များမှာ သင်္ကန်းရလာလျှင် ၁၀ ရက်အတွင်း အဓိဋ္ဌာန်တင်ပြီးမှ သုံးဆောင်ရန် ဝိနည်းရှိသော်လည်း ကထိန်အာနိသင်ရသော ရဟန်းမှာ အဓိဋ္ဌာန်မတင်သော်လည်း သုံးဆောင်နိုင်ပြီး အာပတ်လည်းမသင့်ခြင်း၊

၅။ ကထိန်ခင်းသော ကျောင်းတိုက်မှာ လှူ၍ရသမျှ သံဃိကဝတ္ထုပစ္စည်းများကို ကျောင်းတိုက်ရှိ သံဃာများက ခွဲဝေယူနိုင်ခြင်းတို့ဖြစ်ကြောင်း၊ ကထိန်အာနိသင်ငါးပါး (ဝါ) ကထိန်အကျိုးတရားငါးပါး ကို ကထိန်ရသော ရဟန်းကဲ့သို့ပင် ကထိန်သင်္ကန်းလှူသော ဒါယကာ၊ ဒါယိကာမများကလည်း ရရှိကြောင်း ဟောကြားခဲ့သည်။

**မသိုးသင်္ကန်းရက်လှူဒါန်း**

တန်ဆောင်တိုင်ပွဲတော်နှင့်အတူ မြန်မာနိုင်ငံအရပ်ရပ်ရှိ တန်ခိုးကြီးဘုရားများတွင် ဘုရားဂေါပကများကဦးစီးပြီး မြတ်စွာဘုရားအား မသိုးသင်္ကန်းရက်လုပ်၍ လှူဒါန်းပူဇော်ပွဲများ ကျင်းပလေ့ရှိကြသည်။ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီ၊ မန္တလေးမြို့ရှိ မဟာမုနိဘုရားတို့တွင် နှစ်စဉ်ကျင်းပကြောင်း သိရှိရသည်။

**(က)မသိုးသင်္ကန်းရက်လုပ်လှူဒါန်းခြင်း၏အကြောင်းရင်း**

ဤအကြောင်းကို တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ ဟောကြားတော်မူခဲ့သော ဒက္ခိဏဝိဘင်္ဂသုတ်တရားတော်ကို မှီး၍ဖော်ပြပါမည်။ အလောင်းတော်သိဒ္ဓတ္ထမင်းသားကို ဖွားမြင်ပြီး ခုနစ်ရက်မြောက်နေ့တွင် မယ်တော်မာယာဒေဝီနတ်ရွာစံသဖြင့် ညီမတော်ဖြစ်သော မိထွေးတော်မဟာပဇာပတိဂေါတမီက အလောင်းတော်ကို သားတော်ရင်းဖြစ်သော နန္ဒမင်းသားနှင့်မခြားနို့ချိုတိုက်ကျွေး၍ ကြင်နာယုယစွာ စောင့်ရှောက်ခဲ့သည်။ အလောင်းတော်သည် ၂၉ နှစ်အရွယ်တွင် တောထွက်ပြီး ဒုက္ကရစရိယာခြောက်နှစ် ကျင့်ကြံပြီးနောက် သက်တော် ၃၅ နှစ်အရွယ်တွင် သဗ္ဗညုတဘုရားရှင်ဖြစ်ခဲ့သည်။ ဘုရားရှင်သည် ကပိလဝတ်ပြည်၊ နိဂြောဓာရုံကျောင်းတော်ကြီး၌ သီတင်းသုံးနေစဉ် မိထွေးတော်ဂေါတမီက မြတ်စွာဘုရား၏ ရုပ်ရည်ရူပကာတော်ကိုကြည့်ပြီး ကိုယ်တိုင်သင်္ကန်းရက်လုပ်လှူဒါန်းလိုစိတ်ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် ဝါအကောင်းစားများကို ကိုယ်တိုင်ဝယ်ယူခြင်း၊ နန်းတော်အတွင်း၌ ရက်ကန်းရုံဆောက်လုပ်ပြီး ရက်ကန်းအတတ်ပညာရှင်ကိုခေါ်ယူ၍ ရက်ကန်းရက်စေခြင်း၊ ရက်ကန်းရက်ရာတွင် ဝါဖန်၊ ဝါကောက်မှအစပြု၍ သင်္ကန်းချုပ်လုပ်ပြီးစီးသည်ထိ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်းတို့ပြုလုပ်ခဲ့သည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အမြင်အာရုံကြည်လင်လာစေနိုင်သည်



လမ်းလျှောက်တာနဲ့ အမြင်အာရုံကြည်လင်တာက သိပ်တော့ဆက်စပ်မှုမရှိဘူးလို့ထင်ရပေမယ့် တကယ်တမ်းမှာတော့ အဲဒီလိုမဟုတ်ဘဲ လမ်းလျှောက်တာဟာ မိမိတို့ရဲ့အမြင်အာရုံကို တိုးတက်ကောင်းမွန်စေတယ်လို့ ဆိုပါတယ်။

ဘာကြောင့် အမြင်အာရုံတိုးတက်ကောင်းမွန်တာလဲဆိုရင် လမ်းလျှောက်ခြင်းဟာ မျက်စိမှာဖြစ်ပေါ်နေတဲ့ ဖိစီးမှုတွေကို ပြေလျော့စေလို့ပါ။

ဒါ့အပြင် မျက်လုံးအိမ်အတွင်း ဖိအားများလို့ မျက်စိကွယ်စေတတ်တဲ့ အခြေအနေဖြစ်တဲ့ ရေတိမ်ဖြစ်ပွားမှုကိုလည်း လျော့ချပေးနိုင်ပါတယ်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝါကျွတ်ကာလတွင် အိမ်ခြံမြေဈေးကွက်သွက်နေ

**ရန်ကုန် နိုဝင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝါကျွတ်ကာလတွင် အိမ်ခြံမြေဈေးကွက်သွက်နေပြီး အရောင်းဈေးကွက်မှာ အငှားဈေးကွက်ထက် ပိုမိုသွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေအကျိုးဆောင်များအသင်းမှ အလုပ်အမှုဆောင် စံအိမ်တော် အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းမှ ဦးတင်ကိုဦးက ပြောပြ၍ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အိမ်ခြံမြေဈေးကွက်မှာ ၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းကပင် အရောင်းအဝယ်သွက်ခဲ့ပြီး ဈေးကွက်သဘောအရ ဝယ်လိုအားမြင့်တက်နေသည့်အတွက် အိမ်ခြံမြေဈေးနှုန်းများလည်း မြင့်တက်ခဲ့ကြောင်း သိရသည်။

"အရောင်းအဝယ်ပိုင်းကတော့ ၂၀၂၂ ခုနှစ် ပတ်လုံးကောင်းတယ်လို့ ပြောလို့ရတယ်။ အိမ်ခြံမြေနေရာကောင်းရင် ကောင်းသလို အဝယ်လိုက်တော့ ရောင်းဈေးတွေလဲမြင့်တက်လာပါတယ်။ အရောင်းအဝယ်လဲ ဆက်တိုက်ဖြစ်နေပါတယ်။ မြေကွက်ကော လုံးချင်းအိမ်တွေပါ အရောင်းအဝယ် ကောင်းမွန်နေပါတယ်။ အဝယ်လိုက်တော့ ဈေးကွက်သဘောအရ ရောင်းဈေးတွေ မြင့်သွားပါတယ်။ ရန်ကုန်အိမ်ခြံမြေဈေးကွက်ရဲ့ ထူးခြားချက်ကတော့ အငှားထက် အရောင်းအဝယ်က ပိုသွက်နေပါတယ်"ဟု ဦးတင်ကိုဦးက ပြောပြသည်။

ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေဈေးကွက်အတွင်း အရောင်းအဝယ်အဖြစ်များသည့် မြို့နယ်များမှာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တို့ဖြစ်ကြောင်း သိရသည်။

ASH

➤ စာမျက်နှာ ၄ မှအဆက်

ထို့နောက် နိဂြောဓာရုံကျောင်းတော်သို့သွား၍ မြတ်စွာဘုရားအား ကပ်လှူသောအခါ မြတ်စွာဘုရားက မိထွေးတော်ဂေါတမီကို သနားကရုဏာရှေ့ထား၍ ပိုမိုအကျိုးများစေရန် သံဃာအားရည်မှန်း၍ လှူဒါန်းရန် မိန့်ကြားပြီး သင်္ကန်းတော်လှူဒါန်းမှုလက်ခံခဲ့သည်ကို အကြောင်းပြု၍ ယခုထိတိုင်အောင် မသိုးသင်္ကန်းရက်လုပ်လှူဒါန်းပွဲများ ကျင်းပလာခြင်းဖြစ်ကြောင်း ဆရာတော်ကြီး၏တရားတော်အရ သိရှိရသည်။

**(၈) မဟာမုနိဘုရား မသိုးသင်္ကန်းရက်လုပ်လှူဒါန်းပွဲ**

မန္တလေးမြို့ မဟာမုနိဘုရား ရင်ပြင်ပေါ်တွင် နှစ်စဉ်ဘုရားကြီးဂေါပကအဖွဲ့က ဦးစီးပြီး ရက်ကန်းသည်ပညာရှင်များနှင့် စေတနာရှင်ပြည်သူများစုပေါင်း၍ ခမ်းနားကြီးကျယ်သော မဏ္ဍပ်ကြီးများထိုးကာ ရက်ကန်းစင်တော် ငါးစင်တွင် ကုမ္ဘာရီအမျိုးသမီး ၂၀၀ ခန့်ဖြင့် စည်ကားသိုက်မြိုက်စွာ မသိုးသင်္ကန်းရက်လုပ်လှူဒါန်းလေ့ရှိသည်။ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ ညနေ နေဝင်ချိန်မှစပြီး ရက်ကန်းသည်များသည် ဝါကောက်၊ ဝါကြိတ်၊ ဂွမ်းဖတ်၊ ဗိုင်းငင်၊ ချည်သေ့၊ ချည်ထု၊ ချည်ဖြီး၊ ချည်ချ၊ ချားပုတ်၊ သင်္ကန်းတော်ဆေးဆိုး၊ ရက်လုပ်ခြင်းနှင့် သင်္ကန်းချုပ်ခြင်း စသောပြုမြဲဖြစ်သည့် အမှုကိစ္စဆောင်ရွက်ဖွယ်ဟူသမျှကို တက်ညီလက်ညီဖြင့် တန်ဆောင်မုန်းလပြည့်နေ့ အရုဏ်ဝတ်ပြုချိန်မတိုင်မီ အပြီးဆောင်ရွက်ကြပြီး မဟာမုနိသီတင်းသုံးရာ ဂန္ဓကုဋိတိုက်တော်ကြီးအား မသိုးသင်္ကန်းဒွိစုံကို လက်ယာရစ်လှည့်လည်ပူဇော်၍ မဟာမုနိရေတော်ဆရာတော်ကြီးက ဦးဆောင်ကာ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဝတ်ရုံပူဇော်လှူဒါန်းကြသည်။ ဘုရားဝတ်ပြုပြီးနောက် မသိုးသင်္ကန်းရက်လုပ်လှူဒါန်းမှုကိစ္စပြီးစီးသည်။

ဤကဲ့သို့ မဟာမုနိဘုရား မသိုးသင်္ကန်းတော် ရက်လုပ်ပူဇော်ကျင်းပပွဲကို မဟာမုနိဂေါပကအဖွဲ့က ၁၃၄၉ ခုနှစ်မှစတင်ပြီး အစဉ်အဆက် ကျင်းပလာခဲ့သည်။

**ကျီးမနိုးပွဲ**

တန်ဆောင်မုန်းလပြည့်ညတွင် အမျိုးသားများက ကျီးမနိုးပွဲဆိုသည်ကိုလည်း ပြုလုပ်တတ်ကြသည်။ ထိုပွဲမှာ အပျော်အပါးသက်သက် အချင်းချင်းနောက်ပြောင် ကျီစယ်သောပွဲဖြစ်သည်။ တန်ဆောင်မုန်းလပြည့်ညလူတို့အိပ်မောကျနေစဉ် အိမ်ရှင်မသိအောင် စဉ့်အိုး၊ ပန်းအိုး၊ ကုလားထိုင်၊ တန်းလျား အစရှိသည့် ရွေ့ပြောင်းနိုင်သောပစ္စည်းများကို အိမ်နှင့်ဝေးရာသို့ ရွှေ့ပြောင်းထားတတ်ကြသည်။ နံနက်မိုးလင်းသည့်အခါမှသာ အိမ်ရှင်ကသိရှိပြီး လိုက်လံရှာဖွေကာ အိမ်သို့ပြန်လည်သယ်ရသဖြင့် စိတ်ဒုက္ခရောက်ကြရသည်။ ထို့ထက်ဆိုးသည်မှာ အိမ်ရှင်မွေးမြူထားသောကြက်များကိုခိုးယူပြီး ညတွင်းချင်းချက်ပြုတ်စားသောက်တတ်ကြသော ရပ်ကွက်ကာလသားများ၏ အကျင့်ပင်ဖြစ်သည်။ သူတစ်ပါးကို ထိခိုက်စေသော အကျင့်ဓလေ့များဖြစ်သဖြင့် ရှောင်ကြဉ်သင့်ကြသည်။

**ပုံသကူပစ်ပွဲ**

တန်ဆောင်မုန်းလပြည့်ညတွင် ရပ်ကွက်တွင်းရှိ သဒ္ဓါတရားထက်သန်သူများက စတုဒိသာကျွေးမွေးလှူဒါန်းခြင်း၊ ပိုက်ဆံကြဲခြင်းများ ပြုလုပ်လေ့ရှိသည်။ တချို့က ပိုက်ဆံ၊ အဝတ်အထည်၊ ဗလာစာအုပ် အစရှိသည့် ပစ္စည်းများကို လူအများအလွယ်တကူမမြင်နိုင်သောနေရာ၌ ဝှက်ထားခြင်း(ပုံသကူပစ်ခြင်း)ပြုလုပ်တတ်ကြသည်။ ပစ္စည်းလိုချင်သူများက ရှာဖွေယူငင်ရရှိသည့်အခါ ဝမ်းမြောက်ပျော်ရွှင်ကြသည်ကိုကြည့်ပြီး နောက်ကွယ်မှ ပီတိဖြစ်သော အလှူရှင်များပင်ဖြစ်သည်။ လျှို့ဝှက်ဒါနပြုခြင်းဟု ဆိုရမည်ဖြစ်သည်။

**ဆေးပေါင်းစတဲ့ည**

တန်ဆောင်မုန်းလသည် ကြတ္တိကာနက္ခတ်နှင့် စန်းယှဉ်သောလဖြစ်ပြီး မိုးလေကင်းစင်၍ ကောင်းကင်ယံ၌ နက္ခတ်တာရာစုံလင်ပြီး လွန်စွာထွန်းလင်းတောက်ပသောလဖြစ်သည်။ တန်ဆောင်မုန်းလပြည့်ညသည် ဖိုးလမင်းကြီး ထိန်ထိန်သာပြီး ကြယ်တာရာများလည်း စုံလင်လှသဖြင့် လူအများစိတ်ကြည်နူးပျော်ရွှင်ကြကာ ဆေးပေါင်းခသောညဟုလည်း အဆိုရှိကြသည်။ အထူးသဖြင့် ဤညတွင် မဲဇလီပင်၊ မဲဇလီဖူးများ သိဒ္ဓိဝင်၍ ၎င်းတို့ကိုသုပ်စားပါက တစ်နှစ်ပတ်လုံး ၉၆ ပါးအနာရောဂါကင်းစင်ကြောင်း၊ မဲဇလီပင်သည် တန်ဆောင်မုန်းလဆန်း ၁ ရက်မှ စပြီး လကွယ်နေ့ထိ တစ်လလုံး သိဒ္ဓိဝင်နေသဖြင့် မဲဇလီအဖူး၊ အပွင့်များသည်လည်း သိဒ္ဓိဝင်နေကြောင်း ရှေးလူကြီးများ၏ပြောပြချက်အရ သိရသည်။

**ဆန္ဒဆုမွန်**

"ဖုံးတုန်း လုံးတုန်း တန်ဆောင်မုန်း"ဟူသော ဆိုရိုးစကားနှင့်အညီ စပါးသီးနှံများ အောင်မြင်ဖွံ့ဖြိုးအထွက်တိုးကာ တောင်သူလယ်သမားများ အလျှုကြီးပေးနိုင်ကြပါစေ၊ ပြည်သူ၊ ပြည်သားအားလုံး သိဒ္ဓိအောင်၍ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ကြပါစေဟု ဆုတောင်းရေးသားလိုက်ပါသည်။

**ကိုးကား**

- **ရွှေမြိုင်အရှင်ပဏ္ဍိတာဘိဝံသ၏ "ကထိန်ဆိုင်ရာဟောကွက် ပြောကွက်တရားပေါင်းချုပ်"**
- **ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)၏ "မန္တလေး မဟာမုနိဘုရားကြီးသမိုင်း"**
- **မင်းသုဝဏ်ကဗျာပေါင်းချုပ်(၁၉၂၇ မှ ၁၉၉၄ အတွင်း)**
- **ပြန်ကြားရေးဝန်ကြီးဌာန၏ "စာပေရေးပညာရှင်ကြီးများ၏ နှောင်းခေတ်ကာလပေါ်တေးများ" အတွဲ(၁)**
- **မောင်တင်၏ "မြန်မာ့ဆယ့်နှစ်လအကြောင်း"**
- **သမားတော်ကြီး ဒေါက်တာသက်ဆွေ၏ "၁၂ လရာသီစာတစ်စာ"**

## အောင်မြေ အောင်စေ အောင်သပြေ

- အောင်စေတဲ့ အောင်စေ၊
  အောင်နိမိတ်တွေနဲ့
  အောင်ဟိတ်လျှံဝေ၊
  အောင်စေကြောင်း အောင်သပြေ
  အောင်ရွှေမြေ အောင်ရည်ညွန်း၊
  အောင်စေရာ အောင်အရပ်
  အောင်ဒြပ်ဂုဏ်ထွန်း။

- အောင်မြဲအောင် အောင်စေ၊
  အောင်တိုင်းပြည် အောင်သံကြွေး
  အောင်တေးလျှံဝေ၊
  အောင်မြေတဲ့ အောင်စေ
  အောင်သပြေ အောင်ဆုတောင်း၊
  အောင်အလှတွေနဲ့
  အောင်ကြစေကြောင်း။

- အောင်မြေတဲ့ အောင်စေ၊
  မင်္ဂလာအောင်ရတုနဲ့
  အောင်မှုဖြာဝေ၊
  အောင်မြေနင်း အောင်ရာမြေ
  အောင်ပါစေ အောင်ဂုဏ်ဆောင်း၊
  အောင်သရဖူ အောင်ဂုဏ်လျှမ်း
  ထုံမွှမ်းစေကြောင်း။ ။

**ခင်ဖုန်းကြည်(မိုင်းပွန်)**

# ပခုက္ကူမြို့နယ်၌ သံဖြင့် လူသုံးကုန်ပစ္စည်း ထုတ်လုပ်ခြင်းနှင့် ဂဟေဆက်သင်တန်းဖွင့်

**ပခုက္ကူ နိုဝင်ဘာ ၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် စီးပွားရေးလုပ်ငန်းများ အဆင်ပြေပြီး အသေးစားကိုယ်ပိုင်လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သံဖြင့် လူသုံးကုန်ပစ္စည်းထုတ်လုပ်ခြင်းနှင့် ဂဟေဆက်သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက ပခုက္ကူခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပခုက္ကူခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်လင်းနိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပခုက္ကူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် တက်ရောက်သင်ယူကြသော သင်တန်းသားများအနေဖြင့် တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေများတိုးပွားလာစေရန်၊ သံဖြင့်ပြုလုပ်ရမည့် လက်မှုပညာရပ်များနှင့် ဂဟေဆက်ခြင်းအတတ်ပညာများတွင် လက်တွေ့ကျကျ အသုံးပြုတတ်စေရန် ရည်ရွယ်၍ သံဖြင့် လူသုံးကုန်ပစ္စည်းထုတ်လုပ်ခြင်းနှင့် ဂဟေဆက်သင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ သံဖြင့်လူသုံးကုန်ပစ္စည်းထုတ်လုပ်ခြင်းနှင့် ဂဟေဆက်သင်တန်းသို့ ပခုက္ကူမြို့နယ်အတွင်းရှိ ဘောလုံးခုံကျေးရွာ၊ ရှားပင်ကျေးရွာ၊ စိုတွင်းကျေးရွာ၊ ကွဲတဲကျေးရွာ၊ ဘဲကြီးကျေးရွာတို့မှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြဆရာများက စာတွေ့၊ လက်တွေ့ဖြင့် နိုဝင်ဘာ ၁ ရက်မှ ၁၅ ရက်ထိ ရက်ပေါင်း ၁၅ ရက်ကြာ အခမဲ့ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ပခုက္ကူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်လင်းနိုင်ထံမှ သိရသည်။

**နဲ့ယဉ်**

# နိုင်ငံတကာ သတင်းများ

# အရန်တပ်ဆင့်ခေါ်ရေးလုပ်ငန်းစဉ် အဆုံးသတ်မှုအတွက် သမ္မတ အထူးအမိန့်ဒီကရီမလိုအပ်ကြောင်း ရုရှားပြောကြား



**မော်စကို နိုဝင်ဘာ ၂**

အရန်တပ်အင်အား တစ်စိတ်တစ်ဒေသ ဆင့်ခေါ်ရေးလုပ်ငန်း ပြီးဆုံးမှု တရားဝင်ဖြစ်ရေးအတွက် သမ္မတ၏အထူးအမိန့်ဒီကရီတစ်ရပ် ထုတ်ပြန်ရန်မလိုကြောင်း ရုရှားအစိုးရပြောရေးဆိုခွင့်ရှိသူ ဒီမီထရီ ပက်စကော့ဗ်က နိုဝင်ဘာ ၁ ရက်တွင် ပြောကြားလိုက်သည်။

ရုရှားသမ္မတပူတင်သည် ယခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် ရုရှားနိုင်ငံအတွက် ဒုတိယကမ္ဘာစစ်နောက်ပိုင်း ပထမဆုံးသော အရန်တပ်များ ဆင့်ခေါ်မှုအမိန့်ဒီကရီကို ထုတ်ပြန်ခဲ့ကြောင်းရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါအမိန့်ဒီကရီအရ အရန်တပ်ဖွဲ့ဝင်ဦးရေ ၃၀၀၀၀၀ကို ဆင့်ခေါ်ထားပြီး အရန်တပ်ဆင့်ခေါ်မှုများထပ်လုပ်မည်မဟုတ်ကြောင်း ရုရှား ကာကွယ်ရေးဝန်ကြီးဌာနက ပြီးခဲ့သည့်ရက်ပိုင်းအတွင်းပြောကြားထားသည်။

သို့သော် အရန်တပ်အင်အား ဆင့်ခေါ်ရေးလုပ်ငန်းစဉ် ပြီးဆုံးမှုကို အမိန့်ဒီကရီထုတ်ပြန်ကြေညာထားခြင်းမရှိသည့်အတွက် အရန်တပ်ဆင့်ခေါ်မှုများ ထပ်လုပ်မည့်အရေးကို ရုရှားနိုင်ငံသားအချို့က စိုးရိမ်နေကြဖွယ်ရှိသည်။

သို့ရာတွင် မိမိတို့အနေဖြင့် အရန်တပ်အင်အား ဆင့်ခေါ်ရေးလုပ်ငန်းအဆုံးသတ်မှု တရားဝင်ရေးအတွက် သမ္မတ အမိန့်ဒီကရီတစ်ရပ်မလိုသကဲ့သို့ ထုတ်ပြန်လိမ့်မည်လည်းမဟုတ်ကြောင်း ဒီမီထရီပက်စကော့ဗ်က နိုဝင်ဘာ ၁ ရက်တွင် သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ကြောင်း သိရသည်။

ဆင့်ခေါ်ထားပြီးဖြစ်သည့် အရန်တပ်ဖွဲ့ဝင် ဦးရေ ၃၀၀၀၀၀ အနက် ၈၂၀၀၀ တို့ကို ရှေ့တန်းနယ်မြေများ၌ဖြန့်ကြက်ထားပြီးဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုအရ သိရသည်။ KKO

# ပင်လယ်နက်ဆိပ်ကမ်းမှ ကောက်ပဲသီးနှံတင်ပို့ရေး သဘောတူညီချက်၌ ရုရှားနိုင်ငံ ပြန်လည်ပါဝင်မည်

**မော်စကို နိုဝင်ဘာ ၂**

ပင်လယ်နက်ဆိပ်ကမ်းများမှ တစ်ဆင့် ယူကရိန်းကောက်ပဲသီးနှံများ ပြည်ပတင်ပို့နိုင်ရေးဆိုင်ရာ သဘောတူညီချက်၌ ရုရှားနိုင်ငံက ပြန်လည်ပူးပေါင်း ပါဝင်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရုရှားနိုင်ငံသည် ကရိုင်းမီးယားကျွန်းဆွယ်ဒေသရှိ ပင်လယ်နက်ရေတပ်ကို ယူကရိန်းမောင်းသူမဲ့ လေယာဉ်များက တိုက်ခိုက်ခဲ့ပြီးနောက် ပင်လယ်နက်ဆိပ်ကမ်းများမှတစ်ဆင့် ကောက်ပဲသီးနှံများ တင်ပို့ရေးဆိုင်ရာ သဘောတူညီချက်၌ ပူးပေါင်းပါဝင်မှုကို အောက်တိုဘာ ၂၉ ရက်တွင် ဆိုင်းငံ့ထားခဲ့သည်။

သို့ရာတွင် ကုန်တင်သင်္ဘောများအတွက် သတ်မှတ်ထားသည့် ပင်လယ်နက်လုံခြုံရေးစင်္ကြံလမ်းကို စစ်ရေးအရ အသုံးပြုမည်မဟုတ်ကြောင်း ယူကရိန်းအစိုးရက အာမခံချက်ပေးလာမှုကြောင့် အဆိုပါ သဘောတူညီချက်၌ ပြန်လည်ပူးပေါင်းပါဝင်မည် ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ပင်လယ်နက်ရေတပ်ကို အောက်တိုဘာ ၂၉ ရက်တွင် တိုက်ခိုက်ရန် ကြိုးစားခဲ့သော ယူကရိန်းမောင်းသူမဲ့လေယာဉ်များသည် ပင်လယ်နက်လုံခြုံရေးစင်္ကြံလမ်းကို အသုံးပြုခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားထားသည်။

ရုရှားနိုင်ငံသည် အဆိုပါ တိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီးနောက် ပင်လယ်နက်ကောက်ပဲသီးနှံသဘောတူညီချက်၌ပူးပေါင်းပါဝင်မှု ဆိုင်းငံ့ခဲ့ရာ ကမ္ဘာ့စားနပ်ရိက္ခာအကျပ်အတည်း ပိုဆိုးလာမည့်အရေးကို ကမ္ဘာ့နိုင်ငံများက စိုးရိမ်ခဲ့ကြရသည်။

ပင်လယ်နက် ဆိပ်ကမ်းများမှ တစ်ဆင့် ယူကရိန်းကောက်ပဲသီးနှံများ ပြည်ပပြန်လည်ပို့ဆောင်နိုင်ရေးသဘောတူညီချက်ကိုကုလသမဂ္ဂနှင့် တူရကီတို့၏ ကြားဝင်ပေးမှုဖြင့် ရုရှားနှင့် ယူကရိန်းတို့ကြား ရယူထားသော သဘောတူညီချက်ဖြစ်ကြောင်း သိရသည်။ KKO

# ဖောက်ခွဲတိုက်ခိုက်မှုများကြောင့် ပြည်နယ်နှစ်ခု၌ အရေးပေါ်အခြေအနေပြဋ္ဌာန်းချက် အီကွေဒေါသမ္မတ ဂွီလာမိုလက်ဆို ကြေညာထားရ

**ကွီတို နိုဝင်ဘာ ၂**

အကျဉ်းသားများအား အကျဉ်းထောင်ရွှေ့ပြောင်းမှုများကို မကျေနပ်သူများ၏ ဗုံးဖောက်ခွဲတိုက်ခိုက်မှုများကြောင့် ရဲတပ်ဖွဲ့ဝင် ငါးဦး သေဆုံးခဲ့ရပြီးနောက် အီကွေဒေါသမ္မတဂွီလာမိုလက်ဆိုက နိုဝင်ဘာ ၁ ရက်တွင် ပြည်နယ်နှစ်ခုအတွက် အရေးပေါ်အခြေအနေ ကြေညာခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အောက်တိုဘာ ၃၁ ရက်နှင့် နိုဝင်ဘာ ၁ ရက်တို့တွင် အီကွေဒေါမြို့ကြီးနှစ်မြို့၌ ဖြစ်ပွားခဲ့သည့် ဖောက်ခွဲ တိုက်ခိုက်မှုများသည် မူးယစ်ဂိုဏ်းများက နိုင်ငံတော်ကို အတိအလင်းစစ်ကြေညာလိုက်ခြင်း ဖြစ်ကြောင်း သမ္မတဂွီလာမိုလက်ဆိုက ပြောကြားခဲ့သည်။

အဆိုပါတိုက်ခိုက်မှုများသည် သတ်မှတ်အရေအတွက်ထက်ပို၍ အကျဉ်းသားများကို လက်ခံထားရသည့်အကျဉ်းထောင်များမှ အကျဉ်းသားများအား ထောင်ရွှေ့ပြောင်းမှုကို တုံ့ပြန်သည့်အနေဖြင့် မူးယစ်ဂိုဏ်းများက ပြုလုပ်ခဲ့ကြသော တိုက်ခိုက်မှုများ ဖြစ်ကြကြောင်း အီကွေဒေါတာဝန်ရှိသူများက ပြောကြားထားသည်။

ဗုံးခွဲ တိုက်ခိုက်မှုများအတွင်း ရဲတပ်ဖွဲ့ဝင်များ သေဆုံးခဲ့ပြီးနောက် အီကွေဒေါသမ္မတ ဂွီလာမိုလက်ဆိုသည် ဂွါယားစ်ပြည်နယ်နှင့် အက်စမာရဲလ်ဒါးစ် ပြည်နယ်များအတွက် အရေးပေါ်အခြေအနေများ ကြေညာပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။




အီကွေဒေါ အကျဉ်းထောင်စနစ်သည် ဖွဲ့စည်းပုံဆိုင်ရာပြဿနာများနှင့် နှစ်ပေါင်းများစွာ ရင်ဆိုင်ခဲ့ရပြီး ၂၀၂၀ ပြည့်နှစ်မှစ၍ ယနေ့ထိ အကျဉ်းထောင်အဓိကရုဏ်းများကြောင့် လူပေါင်းအနည်းဆုံး ဦးရေ ၄၀၀ သေဆုံးခဲ့ရသည်။

အီကွေဒေါတာဝန်ရှိသူများသည် အကြမ်းဖက်မှု အများဆုံးအကျဉ်းထောင်ဖြစ်သော ဂွါယာကွီးလ်မြို့ အကျဉ်းထောင်မှ အကျဉ်းသား ၅၁၅ ဦးတို့ကို အကျဉ်းထောင်နေရာ ရွှေ့ပြောင်းမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။ KKO

# မြောက်ကိုရီးယား ဒုံးကျည်များစမ်းသပ်ပစ်လွှတ်မှု တောင်ကိုရီးယားရေပိုင်နက်အနီး တစ်စင်းကျရောက်

**ဆိုးလ် နိုဝင်ဘာ ၂**

မြောက်ကိုရီးယား နိုင်ငံသည် နိုဝင်ဘာ ၁ ရက်တွင် ပင်လယ်ရေပြင်အတွင်းသို့ အနည်းဆုံး ဒုံးကျည် ၁၇ စင်း ပစ်လွှတ်ခဲ့ရာ တစ်စင်းမှာ တောင်ကိုရီးယား ကမ်းရိုးတန်းနှင့် မိုင် ၄၀ အကွာ ရေပြင်အတွင်း ကျရောက်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မြောက်ကိုရီးယား ဒုံးကျည် တောင်ကိုရီးယားကမ်းရိုးတန်းအနီး ကျရောက်ခဲ့မှုကို နယ်နိမိတ်ချိုးဖောက်မှုအဖြစ်တောင်ကိုရီးယား သမ္မတ ယွန်းဆွတ်ယိုးက ဝေဖန်ထားသည်။

အဆိုပါဖြစ်စဉ်သည် ကိုရီးယားကျွန်းဆွယ်ဒေသနှစ်ခြမ်းကွဲပြီးချိန် ၁၉၄၅ ခုနှစ်နောက်ပိုင်း တောင်ကိုရီးယားရေပြင်ပိုင်နက်အနီး မြောက်ကိုရီးယားဒုံးကျည်တစ်စင်း ပထမဆုံးကျရောက်မှုဖြစ်သည်။

တောင်ကိုရီးယားရေပြင်ပိုင်နက် အနီး မြောက်ကိုရီးယားဒုံးကျည် ကျရောက်မှုဖြစ်စဉ်ကြောင့် တောင်ကိုရီးယား တာဝန်ရှိသူများသည် လေကြောင်းရန်ကာကွယ်ရေးသတိပေးချက်များကို ထုတ်ပြန်ခဲ့ပြီး ဒုံးကျည်များ ပစ်လွှတ်၍လည်း ပြန်လည်တုံ့ပြန်ခဲ့သည်။

တောင်ကိုရီးယားရေပြင်ပိုင်နက် မြောက်ပိုင်း ကန့်သတ်ပင်လယ်နယ်နိမိတ်စည်းတောင်ဘက်ခြမ်းသို့ မြောက်ကိုရီးယားဒုံးကျည်ကျရောက်ခဲ့ပြီးနောက် တောင်ကိုရီးယား တိုက်လေယာဉ်များက ဝေဟင်မှ မြေပြင်ပစ်ဒုံးကျည်များ ပစ်လွှတ်တုံ့ပြန်ခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

မြောက်ကိုရီးယား နိုင်ငံသည် ယနေ့တွင် အရှေ့ဘက်ကမ်းရိုးတန်း ပင်လယ်ရေပြင်အတွင်းသို့ အမြောက်အချက် ၁၀၀ ကျော် ပစ်ခတ်ခဲ့သေးကြောင်း သိရသည်။ KKO

# အာဏာလွှဲပြောင်းမှုလုပ်ငန်းစတင်ရေးအတွက် ဘရာဇီးသမ္မတ ဘော်လ်ဆိုနာရို ခွင့်ပြုချက်ပေးထား

**ဘရာစီးလီးယား နိုဝင်ဘာ ၂**

ဘရာဇီးသမ္မတ ဘော်လ်ဆိုနာရိုသည် နိုဝင်ဘာ ၁ ရက်တွင် သမ္မတရွေးကောက်ပွဲနှင့်ပတ်သက်၍ ပထမဆုံးအကြိမ်အဖြစ် သဘောထားမှတ်ချက်ပေးခဲ့သော်လည်း ရွေးကောက်ပွဲအရှုံးအတွက် ဝန်ခံခဲ့ခြင်း မရှိကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

သို့သော် ရွေးကောက်ပွဲရလဒ်အရ အာဏာလွှဲပြောင်းရေးလုပ်ငန်းစဉ်စတင်နိုင်ရန် သမ္မတ ဘော်လ်ဆိုနာရိုက သမ္မတရုံးအဖွဲ့အကြီးအကဲကို ခွင့်ပြုချက်ပေးထားပြီးဖြစ်သည်။

အောက်တိုဘာ ၃၀ ရက်တွင် ကျင်းပခဲ့သည့် ဘရာဇီးသမ္မတ ရွေးကောက်ပွဲဒုတိယအကျော့တွင် လက်ရှိသမ္မတ ဘော်လ်ဆိုနာရိုသည် ပြိုင်ဘက်လက်ဝဲဝါဒီသမ္မတဟောင်း လူလာဒါဆေးလ်ဗားကို ရှုံးနိမ့်ခဲ့ရသည်။

သမ္မတ ဘော်လ်ဆိုနာရိုသည် သမ္မတရွေးကောက်ပွဲ ဒုတိယ အကျော့ရလဒ်ကို ရွေးကောက်ပွဲကော်မရှင်က အတည်ပြုကြေညာခဲ့ပြီး နှစ်ရက်ကြာမှသာရွေးကောက်ပွဲနှင့်ပတ်သက်၍ ၎င်း၏သဘောထားရပ်တည်ချက်များကို တရားဝင်ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

နိုဝင်ဘာ ၁ ရက် မိန့်ခွန်းတွင် ဘော်လ်ဆိုနာရိုသည် ရွေးကောက်ပွဲ ရလဒ်ကို စိန်ခေါ်ခြင်းမရှိခဲ့သော်လည်း ၎င်းအပေါ်ထောက်ခံသူများ၏ဆန္ဒပြပွဲများသည် ရွေးကောက်ပွဲနှင့်ပတ်သက်၍ မကျေလည်မှုများ ရှိနေသည်ကို ပြသနေကြောင်း ပြောကြားခဲ့သည်။

ရွေးကောက်ပွဲတရားဝင်ရလဒ် ထွက်ပေါ်လာပြီးနောက် ၎င်းကို ထောက်ခံသူများက အဝေးပြေးလမ်းများကို ပိတ်ဆို့ဆန္ဒပြခဲ့ကြရာ ဘရာဇီးနိုင်ငံ၌လောင်စာဆီဖြန့်ဖြူးရေးနှင့်ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများထိခိုက်ခဲ့ရသည်။ KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက ၂၀၁၉ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဖယ်လ်ကွန်ဟဲဗီးဒုံးပျံကို နိုဝင်ဘာ ၁ ရက်က လွှတ်တင်ခဲ့



**ဝါရှင်တန် နိုဝင်ဘာ ၂**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် ၂၀၁၉ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဖယ်လ်ကွန်ဟဲဗီးဒုံးပျံကို နိုဝင်ဘာ ၁ ရက်က လွှတ်တင်ခဲ့ကြောင်း Space. com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်စစ်ဘက်၏ လျှို့ဝှက်ဂြိုဟ်တုများကို သယ်ဆောင်ထားသည့် အဆိုပါ ဖယ်လ်ကွန်ဟဲဗီးဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖယ်လ်ကွန်ဟဲဗီးဒုံးပျံသည် ကမ္ဘာပေါ်တွင် လက်ရှိအသုံးပြုနေသော ဒုံးပျံများအနက် စွမ်းဆောင်ရည်အမြင့်မားဆုံးဒုံးပျံဖြစ်သည်။

Space-X ကုမ္ပဏီသည် ဖယ်လ်ကွန်ဟဲဗီးဒုံးပျံကို ၂၀၁၈ ခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် စမ်းသပ်လွှတ်တင်ခဲ့သည်။

အဆိုပါ စမ်းသပ်လွှတ်တင်မှု အောင်မြင်ခဲ့ပြီးနောက် Space-X ကုမ္ပဏီသည် အာကာသမစ်ရှင်နှစ်ခုကို ဖယ်လ်ကွန်ဟဲဗီးဒုံးပျံဖြင့်ပင် ၂၀၁၉ ခုနှစ်အတွင်း လွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၁ ရက်မစ်ရှင်တွင် Space-X ကုမ္ပဏီသည် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ဘေးတွဲဒုံးယာဉ်များအနက် နှစ်စင်းကို ပြန်လည်ရယူနိုင်ခဲ့ကြောင်း သိရသည်။

KKO


## အင်္ဂါဂြိုဟ်၏ ဂြိုဟ်ရံလတစ်စင်းဖြစ်သော ဖိုးဘော့စ်ဂြိုဟ်ရံလ၏အတွင်းပိုင်းဖွဲ့စည်းပုံမှာ ထူးခြားမှုများရှိနေ

**ပဲရစ် နိုဝင်ဘာ ၂**

အင်္ဂါဂြိုဟ်၏ ဂြိုဟ်ရံလတစ်စင်းဖြစ်သော ဖိုးဘော့စ်ဂြိုဟ်ရံလ၏ အတွင်းပိုင်းဖွဲ့စည်းပုံမှာ ထူးခြားမှုများရှိနေကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ Space. com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁ ရက်က ရေးသားတင်ပြထားသည်။

ဥရောပအာကာသအေဂျင်စီ၏ မားစ်အိတ်စပရက်အာကာသယာဉ်သည် ယခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် ဖိုးဘော့စ်ဂြိုဟ်ရံလကို မိုင်ပေါင်း ၅၀ ကျော်အကွာမှ ဖြတ်ကျော်ပျံသန်းခဲ့ရာ ၎င်းဂြိုဟ်ရံလ၏အတွင်းပိုင်းဖွဲ့စည်းပုံကို လေ့လာနိုင်ခဲ့သည်။

မားစ်အိတ်စပရက်အာကာသယာဉ်မှ ရရှိထားသော သတင်းအချက်အလက်များအရ ဖိုးဘော့စ်ဂြိုဟ်ရံလ၏ အတွင်းပိုင်းဖွဲ့စည်းပုံမှာ ယခင်မကြုံဖူးခဲ့သော ဖွဲ့စည်းပုံမျိုးဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။



သို့ဖြစ်ရာ ဖိုးဘော့စ်ဂြိုဟ်ရံလ၏အတွင်းပိုင်းဖွဲ့စည်းပုံကို လေ့လာခြင်းဖြင့် ၎င်းဂြိုဟ်ရံလ မည်သို့ပေါ်ထွက်လာသည်ကို ဖော်ထုတ်နိုင်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက မျှော်လင့်ထားသည်။

အင်္ဂါဂြိုဟ်သည် ဖိုးဘော့စ်ဂြိုဟ်ရံလအပြင် ဒီးမော့စ်အမည်ရှိ ဂြိုဟ်ရံလတစ်စင်းကိုလည်း ပိုင်ဆိုင်ထားကြောင်း သိရသည်။

ဖိုးဘော့စ်ဂြိုဟ်ရံလမှာ အချင်း ၁၆ ဒသမ ၇ မိုင်ရှိ၍ ဒီးမော့ဂြိုဟ်ရံလမှာ အချင်း ၉ ဒသမ ၃ မိုင်သာရှိကြရာ နေအဖွဲ့အစည်းအတွင်းရှိ အခြားဂြိုဟ်ရံလများနှင့် အရွယ်အစားအားဖြင့် များစွာကွာခြားလျက်ရှိကြောင်း သိရသည်။ KKO

## ရောမကြယ်ကြီးတစ်စင်း၏ ဖြာထွက်ရောင်ခြည်ရုပ်ကြွင်းများကို ဥရောပတောင်ပိုင်း နက္ခတ္တရူပဗေဒလေ့လာရေးစခန်းမှ သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့

**ဘာလင် နိုဝင်ဘာ ၂**

ပြင်းထန်သည့်ပေါက်ကွဲမှုဖြင့် သက်တမ်းကုန်ဆုံးခဲ့သော ရောမကြယ်ကြီးတစ်စင်း၏ ဖြာထွက်ရောင်ခြည်ရုပ်ကြွင်းများကို ဥရောပတောင်ပိုင်း နက္ခတ္တရူပဗေဒလေ့လာရေးစခန်းမှ သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း MSN သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါကြယ်ကြီးသည် လွန်ခဲ့သောနှစ်ပေါင်း ၁၁၀၀၀ ခန့်က ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး VLT ရေဒီယိုတယ်လီစကုပ် အကူအညီဖြင့် အဆိုပါပေါက်ကွဲမှု၏ ဖြာထွက်ရောင်ခြည်ရုပ်ကြွင်းများကို ရှာဖွေနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဗီလာဟူ၍ အမည်ပေးထားသော အဆိုပါကြယ်ကြီးသည် ပေါက်ကွဲမှုမဖြစ်မီက ဒြပ်ထုအားဖြင့် နေ၏ဒြပ်ထုထက် အနည်းဆုံး ရှစ်ဆပိုကြီးမားကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

ဗီလာကြယ်ပေါက်ကွဲမှုမှ ထွက်ပေါ်လာသော ဖြာထွက်ရောင်ခြည်ရုပ်ကြွင်းနယ်မြေသည် အရွယ်အစားအားဖြင့် နေအဖွဲ့အစည်းထက် အဆပေါင်း ၆၀၀ ပို၍ကြီးမားကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဗီလာကြယ်သည် သိပ်သည်းဆအလွန်ပြင်းထန်သော ချုံထရွန်ကြယ်တစ်စင်းအဖြစ် ပြောင်းလဲသွားပြီး ဝင်ရိုးပေါ်ဗဟိုပြု၍ တစ်စက္ကန့်လျှင် ဆယ်ပတ်နှုန်းဖြင့် မှတ်မှတ်လည်လျက်ရှိကြောင်း သိရသည်။

ဗီလာကြယ်ပေါက်ကွဲမှုသည် ကမ္ဘာမြေနှင့် အလင်းနှစ် ၈၀၀ အကွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## ကိုယ်အလေးချိန်နှင့် သွေးတွင်းသကြားဓာတ်ပါဝင်မှု ပုံမှန်စစ်ခြင်းဖြင့် ပန်ကရိယကင်ဆာကို ကြိုဖော်ထုတ်နိုင်

**လန်ဒန် နိုဝင်ဘာ ၂**

ကိုယ်အလေးချိန် ပုံမှန်တိုင်းတာခြင်း၊ သွေးတွင်းသကြားဓာတ်ပါဝင်မှုအဆင့်ကို ပုံမှန်စစ်ဆေးခြင်းတို့ဖြင့် ပန်ကရိယကင်ဆာကို ရောဂါလက္ခဏာမပေါ်မီ သုံးနှစ်ကြို၍ ဖော်ထုတ်နိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက နိုဝင်ဘာ ၁ ရက်က ရေးသားတင်ပြထားသည်။

ပန်ကရိယကင်ဆာရောဂါဖြစ်စဉ် ၉၀ ရာခိုင်နှုန်းမှာ ရောဂါကျွမ်းချိန်မှသာ ဖော်ထုတ်နိုင်မှုကြောင့် ၎င်းကင်ဆာရောဂါဖြင့် သေဆုံးမှုနှုန်းမှာ လွန်စွာမြင့်မားတတ်ကြောင်း သိရသည်။

သို့ရာတွင် ဗြိတိန်သုတေသနပညာရှင်များ၏ လေ့လာချက်အရ ကိုယ်အလေးချိန် ပုံမှန်ချိန်ခြင်း၊ သွေးတွင်းသကြားဓာတ် ပါဝင်မှုကို ပုံမှန်စစ်ဆေးခြင်းတို့ဖြင့် ပန်ကရိယကင်ဆာကို ရောဂါလက္ခဏာမပေါ်မီ သုံးနှစ်ကြို၍ ဖော်ထုတ်နိုင်ကြောင်း သိရသည်။

ကိုယ်အလေးချိန်ပုံမှန်မဟုတ်ဘဲ ကျဆင်းလာမှု၊ သွေးတွင်းသကြားဓာတ်ပါဝင်မှု မြင့်မားလာခြင်းတို့သည် ပန်ကရိယကင်ဆာ၏ ရှေ့ပြေးသတိပေးချက်များဖြစ်ကြကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ ကိုယ်အလေးချိန်နှင့် သွေးတွင်းသကြားဓာတ် ပါဝင်မှုအဆင့်ကို ခြေရာခံစောင့်ကြည့်ခြင်းဖြင့် ပန်ကရိယကင်ဆာကို ဖော်ထုတ်ရာတွင် အထောက်အကူပြုနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

ဗြိတိန်သုတေသနပညာရှင်များသည် ပန်ကရိယကင်ဆာရှိသူနှင့် မရှိသူ ၄၃၀၀၀ ကျော်တို့ကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

KKO

## ကိုဗစ်ရောဂါကြောင့် အစာခြေလမ်းကြောင်းစနစ် ဗက်တီးရီးယားစုဖွဲ့မှုပုံစံ ထိခိုက်သွားနိုင်

**နယူးယောက် နိုဝင်ဘာ ၂**

ကိုဗစ်ရောဂါကြောင့် အစာခြေလမ်းကြောင်းစနစ် ဗက်တီးရီယားစုဖွဲ့မှုပုံစံ ထိခိုက်သွားနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁ ရက်က ရေးသားတင်ပြထားသည်။

ကိုဗစ်ရောဂါကြောင့် သာမန်အားဖြင့် လူတို့၏အဆုတ်အင်္ဂါ ထိခိုက်ပျက်စီးတတ်ပြီး ဦးနှောက်စွမ်းဆောင်ရည်အပေါ်တွင်လည်း ရေရှည်အကျိုးသက်ရောက်မှုများရှိနိုင်ကြောင်း သိထားကြပြီးဖြစ်သည်။

သို့ရာတွင် အမေရိကန်နိုင်ငံ နယူးယောက်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာချက်အရ ကိုဗစ်ရောဂါကြောင့် အစာခြေလမ်းကြောင်းစနစ် ဗက်တီးရီး ယားစုဖွဲ့မှုပုံစံလည်း ထိခိုက်သွားနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ ကိုဗစ်ရောဂါကြောင့် အစာခြေလမ်းကြောင်းစနစ်အတွင်းရှိ ဗက်တီးရီးယား မျိုးစိတ်အရေအတွက် ကျဆင်းသွားနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အစာခြေလမ်းကြောင်းစနစ်အတွင်းရှိ အကျိုးပြုဗက်တီးရီးယားမျိုးစိတ်များ အရေအတွက်ကျဆင်းခဲ့ပါက ပဋိဇီဝဆေးယဉ်ပါးဗက်တီးရီးယားများ ပေါ်ထွက်လာနိုင်သည်ဟု သုတေသနပညာရှင်များက သတိပေးထားကြောင်း သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# WTA Finals တင်းနစ်ပြိုင်ပွဲ အုပ်စုအဆင့်တွင် စဝီယာတက်ခ် အနိုင်ရရှိ

**တက္ကဆက် နိုဝင်ဘာ ၂**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် ကျင်းပနေသည့် WTA Finals တင်းနစ်ပြိုင်ပွဲအုပ်စုပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ် စဝီယာတက်ခ်နှင့် ရုရှားတင်းနစ်မယ် ကာဆက်ကီနာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စဝီယာတက်ခ်က (၆-၂၊ ၆-၃) ရမှတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း ST သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၁ နှစ်ရှိ စဝီယာတက်ခ်အနေဖြင့် စပေးဘောများဖြင့် ပြိုင်ဘက်ကစားသမားအား ဖိအားပေးနိုင်ခဲ့သလို တိကျသည့် လက်ပြန် ရိုက်ချက်များဖြင့်လည်း ပြိုင်ဘက်တင်းနစ်မယ် ကာဆက်ကီနာကို အခက်တွေ့စေခဲ့ပြီး ၎င်းအနေဖြင့် ၂၀၂၂ ခုနှစ် တင်းနစ်ရာသီအတွင်း ကာဆက်ကီနာဖြင့် ငါးကြိမ်တိုင်တိုင် တွေ့ဆုံယှဉ်ပြိုင်ခဲ့က ငါးကြိမ်စလုံး အနိုင်ရရှိသည့်မှတ်တမ်းကောင်း တစ်ရပ်ကိုလည်း ရရှိခဲ့သည်။

စဝီယာတက်ခ်က "ပထမပွဲငယ်မှာ အကောင်းဆုံးကစားနိုင်ခဲ့တဲ့အတွက်ကြောင့် ပွဲစဉ်တစ်လျှောက် ယုံကြည်မှုအပြည့်နဲ့ ကစားနိုင်ခဲ့တယ်။ ပထမပွဲငယ်မှာ အသာရထားတဲ့အတွက် ဖိအားကင်းကင်းနဲ့လဲ ကစားနိုင်ခဲ့တယ်။ ကာဆက်ကီနာနဲ့က ဒီနှစ်အတွင်း ပြိုင်ပွဲတော်တော်များများမှာ တွေ့ဆုံခဲ့ရတယ်။ သူနဲ့ကစားရင် စိတ်ရှည်ရှည်ထားပြီး အမှားနည်းအောင် ကစားနိုင်ဖို့လိုအပ်တယ်။ ဒါကြောင့် အတတ်နိုင်ဆုံးစိတ်ရှည်ရှည်ထားပြီး ပွဲအပေါ်မှာ အာရုံစိုက်ခဲ့တယ်။ ကျွန်မကစားချင်တဲ့ပုံစံအတိုင်း ကစားနိုင်ခဲ့လို့လဲ အားရကျေနပ်မိပါတယ်။ နောက်လာမယ့် ပွဲစဉ်တွေမှာလဲ အခုလိုပုံစံမျိုးနဲ့ ကစားနိုင်အောင် ပြင်ဆင်သွားမယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL



## အားကစားသတင်း အတိုအထွာများ

- ချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ် မာဆေးအသင်းနှင့်ပွဲစဉ်တွင် ဦးခေါင်းဒဏ်ရာရရှိခဲ့သည့် ဆွန်ဟောင်မင်အနေဖြင့် တောင်ကိုးရီးယားအသင်းနှင့် ကစားရမည့် ကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်ဖွယ်ရှိကြောင်း သိရသည်။
- စပါးအသင်းက တိုက်စစ်ပိုင်း ထပ်မံဖြည့်တင်းရန်အတွက် အတ္တလန်တာအသင်း ကစားသမား မာလင်နော့စကီးကို လာမည့်ဇန်နဝါရီအပြောင်းအရွှေ့တွင် ခေါ်ယူနိုင်ရန် ကြိုးပမ်းနေသည်။
- ချဲလ်ဆီးအသင်းက ယခုနှစ်ဘောလုံးရာသီကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာမည့် ဂျူဗင်တပ်ကစားသမား ရာဘီယို့စ်ကို ခေါ်ယူနိုင်ရန် ချိတ်ဆက်နေကြောင်း သိရသည်။
- ဘယ်လင်ဟမ်ကို စိတ်ဝင်စားသည့် မန်ယူ၊ ချဲလ်ဆီး၊ ရီးရဲလ်မက်ဒရစ်၊ လီဗာပူးအသင်းတို့အတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၁၃၀ အလိုရှိကြောင်း ဒေါ့မွန်အသင်းက ပြောကြားခဲ့သည်။ ML

# အာဂျင်တီးနားအသင်းက ကစားသမားများအား နောက်ဆုံးအမှတ်ပေးပွဲစဉ်မတိုင်မီ စေလွှတ်ပေးရန်တောင်းဆိုမှု ပရီးမီးယားလိဂ်ကလပ်အသင်းများ ငြင်းဆို



**ဗျူနိုအေရိစ် နိုဝင်ဘာ ၂**

အာဂျင်တီးနား ဘောလုံးအဖွဲ့ချုပ်က ကမ္ဘာ့ဖလားအတွက် ကြိုတင်စုဖွဲ့မှု ပြုလုပ်လိုသောကြောင့် ပရီးမီးယားလိဂ်မှ ကစားသမားများအား ကမ္ဘာ့ဖလားမတိုင်မီ ကျင်းပမည့် အမှတ်ပေးပွဲစဉ်မတိုင်မီ စေလွှတ်ပေးရန် တောင်းဆိုမှုပြုလုပ်ခဲ့ရာ ပရီးမီးယားလိဂ်ကလပ်အသင်းများက ငြင်းဆိုခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ ပရီးမီးယားလိဂ်တွင် အာဂျင်တီးနားကစားသမားများဖြစ်သည့် မန်ယူအသင်းမှ ခံစစ်ကစားသမားမာတီနက်ဇ်နှင့် ဂါနာချို၊ အေဗီလာအသင်းမှ ဂိုးသမားမာတီနက်ဇ်နှင့် ဘူအန်ဒီယာ၊ စပါးအသင်းမှ ရိုမီယိုနှင့် ဘရိုက်တန်အသင်းမှ အယ်လစ်စတာတို့မှာ အာဂျင်တီးနားအသင်းတွင် ရွေးချယ်ခံထားရသောကြောင့် ၎င်းတို့ကို လာမည့် နိုဝင်ဘာ ၁၂၊ ၁၃ တွင် ကျင်းပမည့် ပရီးမီးယားလိဂ်အမှတ်ပေးပြိုင်ပွဲမတိုင်မီ စေလွှတ်ပေးရန် အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ်က တောင်းဆိုခဲ့ရာ ငြင်းပယ်ခံရခြင်းဖြစ်ကြောင်း သိရသည်။

အာဂျင်တီးနား အသင်းသည် လာမည့် နိုဝင်ဘာ ၁၂၊ ၁၃ မတိုင်မီ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့် အသင်းလူစာရင်းကို အတည်ပြုထုတ်ပြန်၍ နိုဝင်ဘာ ၁၆ ရက်တွင် ယူအေအီးအသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲကစားရန် စီစဉ်ထားသောကြောင့် နိုဝင်ဘာ ၁၂၊ ၁၃ တွင် ကျင်းပမည့် ပရီးမီးယားလိဂ်ပွဲစဉ် (၁၆) မတိုင်မီ အာဂျင်တီးနား ကစားသမားများကို စောစီးစွာစေလွှတ်ပေးရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

ထို့ပြင် အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ်သည် စပိန်လာလီဂါတွင် ကစားနေသည့် ကစားသမားများကိုလည်း နိုဝင်ဘာ ၈ ရက်၊ ၉ ရက်တွင်ကျင်းပမည့် အမှတ်ပေးပွဲမတိုင်မီ စေလွှတ်ပေးရန် ထပ်မံတောင်းဆိုထားကြောင်း သိရသည်။ ML

# ချန်ပီယံလိဂ်ပြိုင်ပွဲအုပ်စုအဆင့်တွင် ရလဒ်အဆိုးရွားဆုံးအသင်းအဖြစ် ရိန်းဂျားမှတ်တမ်းဝင်

**အီဒင်ဘာ့ဂ် နိုဝင်ဘာ ၂**

ယနေ့ ယှဉ်ပြိုင်ကစားခဲ့သည့် ရိန်းဂျားအသင်းနှင့် အေဂျက်အသင်းတို့၏ ချန်ပီယံလိဂ်အုပ်စုနောက်ဆုံးပွဲစဉ်တွင် အိမ်ရှင်ရိန်းဂျားအသင်းက အေဂျက်အသင်းကို သုံးဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် အုပ်စုအဆင့်တွင် ရလဒ်အဆိုးရွားဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း ဒေးလီးမေးလ် သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရိန်းဂျားအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲအုပ်စု (A)တွင် အေဂျက်၊ နာပိုလီ၊ လီဗာပူးအသင်းတို့နှင့် ကျရောက်ခဲ့ပြီး အေဂျက်အသင်းကို နှစ်ကျော့ပေါင်းရလဒ် ခုနစ်ဂိုး တစ်ဂိုး၊ နာပိုလီအသင်းကို နှစ်ကျော့ပေါင်းရလဒ် ခြောက်ဂိုး ဂိုးမရှိ၊ လီဗာပူးအသင်းကို နှစ်ကျော့ပေါင်းရလဒ် ကိုးဂိုးတစ်ဂိုးတို့ဖြင့် ရှုံးနိမ့်ခဲ့ရာ အုပ်စုပွဲစဉ်အပြီးတွင် နိုင်ပွဲမရှိခဲ့ဘဲ ရဂိုးနှစ်ဂိုးနှင့် ပေးဂိုး ၂၂ ဂိုးထိ ခွင့်ပြုခဲ့ရသောကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် အဆိုးရွားဆုံး ရှုံးနိမ့်သည့် ကလပ်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ယခင်က ဒိုင်နမိုဇာဂရက်အသင်းအနေဖြင့် ၂၀၁၁-၂၀၁၂ ဘောလုံးရာသီတွင် အုပ်စုအဆင့်၌ ရီးရဲလ်မက်ဒရစ်၊ လိုင်ယွန်၊ အေဂျက်အသင်းတို့နှင့်တွေ့ဆုံခဲ့ရာ ခြောက်ပွဲစလုံး ရှုံးနိမ့်ခဲ့ပြီး ပေးဂိုး ၁၉ ဂိုးထိ ရှိခဲ့သောကြောင့် ရလဒ်အဆိုးရွားဆုံးအသင်းအဖြစ် ရပ်တည်နေသော်လည်း ယခုအခါ ရိန်းဂျားအသင်းက ခြောက်ပွဲစလုံးရှုံးနိမ့်၍ ပေးဂိုး ၂၀ ထိ ရှိခဲ့သောကြောင့် ၁၉၉၂ ခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲဟု ပြောင်းလဲ ခေါ်ဝေါ်ပြီးနောက်ပိုင်း အဆိုးရွားဆုံးရှုံးနိမ့်မှုဖြစ်ခဲ့ကြောင်း သိရသည်။

ML

# လီဗာပူးအသင်းသမိုင်းတစ်လျှောက် ဥရောပသွင်းဂိုးအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသည့် ဂျရတ်၏စံချိန်ကို ဆာလာဟ်လိုက်မီ

**လန်ဒန် နိုဝင်ဘာ ၂**

ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် လီဗာပူးအသင်းနှင့် နာပိုလီအသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် လီဗာပူးအသင်းအတွက် သွင်းဂိုး တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည့် ဆာလာဟ်သည် လီဗာပူးအသင်းသမိုင်းတစ်လျှောက် ဥရောပသွင်းဂိုးအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသည့် ဂျရတ်၏စံချိန်ကို လိုက်မီနိုင်ခဲ့သည်ဟု Opta.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် လီဗာပူးအသင်းက အိမ်ကွင်းတွင် နာပိုလီအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဆာလာဟ်က ပွဲချိန် ၈၅ မိနစ်တွင် လီဗာပူးအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် လီဗာပူးအသင်းနှင့်အတူ ဥရောပပြိုင်ပွဲတွင် သွင်းဂိုး ၄၁ ဂိုးထိ ရှိလာခဲ့ပြီး အသင်းသမိုင်းတစ်လျှောက် ဥရောပ သွင်းဂိုး ၄၁ ဂိုးအများဆုံး သွင်းယူထားသည့် ဂျရတ်၏စံချိန်ကို လိုက်မီနိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၃၀ နှစ်ရှိ ဆာလာဟ်သည် ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်က ရိုးမားအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး အဓိကကစားသမားအဖြစ် ဘောလုံးရာသီတိုင်းခြေစွမ်းပြသနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဘောလုံးရာသီက သွင်းဂိုးအများဆုံး ကစားသမားအဖြစ် ရပ်တည်ခဲ့သော်လည်း ယခုနှစ် ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရုန်းကန်နေရသည်။



ဆာလာဟ်သည် နာပိုလီအသင်းနှင့်ပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ဥရောပ သွင်းဂိုးအများဆုံး ကစားသမားဖြစ်သည့် ဂျရတ်၏ စံချိန်ကို လိုက်မီနိုင်ခဲ့သည့်အပြင် အာဖရိကကစားသမားများတွင် ချန်ပီယံလိဂ် သွင်းဂိုးအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသည့် ချဲလ်ဆီးအသင်း ကစားသမားဟောင်း ဒရော့ဘာ၏ သွင်းဂိုးစံချိန်ကို လိုက်မီနိုင်ရန်အတွက်လည်း နှစ်ဂိုးသာ လိုတော့ကြောင်း သိရသည်။ STA

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက GFA အသင်းကို အနိုင်ရရှိ




**ရန်ကုန် နိုဝင်ဘာ ၂**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ် (၁၈) အဖြစ် ယနေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် ရန်ကုန် ယူနိုက်တက်အသင်းနှင့် GFA အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက် အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ရန်ကုန် ယူနိုက်တက်အသင်းကပွဲစကတည်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး GFA အသင်းအနေဖြင့် ခံစစ်ပိုင်းအားပြုကာ ရန်ကုန်ယူနိုက်တက် အသင်းတိုက်စစ်ဆင်မှုများကို အမှားအယွင်းမရှိ တုံ့ပြန် ကစားနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းက ပထမပိုင်းကထက်ပိုမိုတိုက်စစ်မြှင့်ဖိအားပေးကစားခဲ့ပြီး GFA အသင်းအနေဖြင့် အကောင်းဆုံး တုံ့ပြန်ကစားခဲ့သော်လည်း ပွဲချိန်ကြာလာသည်နှင့်အမှားအယွင်းများရှိလာခဲ့ပြီး ပွဲချိန် ၇၉ မိနစ်တွင် ကျော်ဖြိုးဝေက ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည်။

အဆိုပါ ဦးဆောင်ဂိုးပေးခဲ့ရပြီး နောက်ပိုင်း GFA အသင်းခံစစ်ပိုင်း အမှားအယွင်းရှိလာခဲ့ရာမှ ပွဲချိန် ၈၂ မိနစ်တွင် လူငယ်ကစားသမား လမင်းထွေးက ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဒုတိယဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းက GFA အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ STA

# နည်းပြဖြစ်သူနှင့် လမ်းခွဲလိုက်ပြီဖြစ်ကြောင်း နယူးဇီလန်ဂေါက်သီးရိုက်မယ် လိုင်ဒီယာကို အတည်ပြု

**ဝယ်လင်တန် နိုဝင်ဘာ ၂**

ကမ္ဘာ့အဆင့်(၁)ဂေါက်သီးရိုက်မယ်ဟောင်း လိုင်ဒီယာကိုသည် နည်းပြဖြစ်သူ ဆီအန်ဖိုလေနှင့် လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်ဟု RNZ သတင်းဌာနက ဖော်ပြခဲ့သည်။

လိုင်ဒီယာကိုသည် ယခုနှစ် ဂေါက်သီးရိုက်ရာသီတွင် ရလဒ်များ ကျဆင်းခဲ့ရသလို စွမ်းဆောင်ရည်ပိုင်းလည်း ကျဆင်းခဲ့ကြောင်း သိရသည်။

ဆီအန်ဖိုလေသည် လိုင်ဒီယာကို၏ Swing နည်းပြအဖြစ် နှစ်နှစ်ကျော် တာဝန်ထမ်းဆောင်ပေးခဲ့သူဖြစ်ပြီး လိုင်ဒီယာကိုက နည်းပြဖြစ်သူနှင့် လက်တွဲဖြုတ်လိုက်ပြီဖြစ်ကြောင်းကို လူမှုကွန်ရက်မှတစ်ဆင့် တရားဝင် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

လိုင်ဒီယာကိုက ကနေဒါလူမျိုး ဆီအန်ဖိုလေနှင့် လက်တွဲဖြုတ်ရန် ဆုံးဖြတ်ခဲ့ခြင်းမှာ ၎င်းတို့အကြား လက်တွဲ အလုပ်လုပ်ရန်အတွက် သွားရေးလာရေးအခက်အခဲကြောင့် ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆီအန်ဖိုလေသည် တိုက်ဂါးဝုဒ်နှင့် ဂျက်စတင်ရို့စ်တို့၏ နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်ပြီး နည်းပြလောကတွင် ကျော်ကြားသူ တစ်ဦးဖြစ်သည်။

လိုင်ဒီယာကိုက "ဆီအန်နဲ့ ကျွန်မစတွေ့ခဲ့စဉ်တုန်းက ကျွန်မ အနေနဲ့ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိတဲ့အချိန်ဖြစ်သလို ပြိုင်ပွဲဝင်ဖို့တောင် မငံ့မရဲဖြစ်နေတဲ့အခြေအနေဖြစ်ပါတယ်။ ဆီအန်နဲ့ လက်တွဲအလုပ်လုပ်ပြီးတဲ့အချိန်မှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိလာသလို ပြိုင်ပွဲတွေမှာလဲ ရဲရဲဝံ့ဝံ့ယှဉ်ပြိုင်လာနိုင်ခဲ့တယ်။ လက်တွဲ အလုပ်လုပ်ခဲ့တဲ့ နှစ်နှစ်တာကာလအတွင်းမှာ ဆီအန်ဟာ ကျွန်မကို ရင့်ကျက်တည်ငြိမ်လာအောင် ကူညီပေးနိုင်ခဲ့သလို စွမ်းဆောင်ရည်ပိုင်းမှာလဲ တိုးတက်လာအောင် ကူညီလမ်းပြပေးနိုင်ခဲ့ပါတယ်။ အတူတူ လက်တွဲအလုပ်လုပ်ခဲ့တဲ့ ကာလတစ်လျှောက်ကျွန်မအနေနဲ့ပျော်ရွှင်စရာတွေ၊ ရယ်မောစရာတွေနဲ့ပဲ ဖြတ်သန်းခဲ့ရသလို သူ့ဆီကနေလဲ အများကြီးသင်ယူခွင့်ရခဲ့ပါတယ်။ ဒါပေမဲ့လဲ အတူတူလက်တွဲ အလုပ်လုပ်ဖို့အတွက် တစ်ယောက်နဲ့တစ်ယောက် နေထိုင်တဲ့နိုင်ငံ အကွာအဝေးကြောင့် နှစ်ဦးသဘောတူ ဆုံးဖြတ်လိုက်ပါတယ်" ဟု ပြောကြားခဲ့သည်။

လိုင်ဒီယာကိုသည် ဆီအန်ဖိုလေနှင့် လက်တွဲ အလုပ်လုပ်ခဲ့သည့်ကာလတစ်လျှောက်ဆုဖလားနှစ်လုံးရရှိခဲ့ပြီး ပါဝင်ယှဉ်ပြိုင်ခဲ့သော ပြိုင်ပွဲ ငါးရပ်တွင် အမှတ်ပေးဇယား၏အဆင့် (၅) အတွင်း၌ ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။ AZL

# ဘိုင်ယန်မြူးနစ်အသင်းက ချူအူပိုမိုတင်းကို စာချုပ်သက်တမ်းတိုးရန် ဆွေးနွေးမှုပြုလုပ်



**မြူးနစ် နိုဝင်ဘာ ၂**

ဘိုင်ယန်မြူးနစ် အသင်းသည် ယခုနှစ်ဘောလုံးရာသီပြိုင်ပွဲစုံတွင် သွင်းဂိုးရှစ်ဂိုးနှင့် ဂိုးဖန်တီးမှု ၁၃ ကြိမ်ထိပြုလုပ်၍ ခြေစွမ်းပြကစားနေသည့် တိုက်စစ်မှူး ချူအူပိုမိုတင်းကို စာချုပ်သက်တမ်းတိုးရန် ဆွေးနွေးမှု ပြုလုပ်နေကြောင်း Talksport.com က ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်စစ်မှူး ချူအူပိုမိုတင်းသည် ၂၀၂၀ ပြည့်နှစ်က ပီအက်စ်ဂျီအသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ရောက်ရှိခဲ့ပြီးနောက် ပြိုင်ပွဲစုံတွင် လူစားဝင် ကစားသမားအဖြစ်သာ ပါဝင်ခဲ့ရသော်လည်း ပြိုင်ပွဲစုံ ၇၁ ပွဲတွင် သွင်းဂိုး ၂၆ ဂိုးထိ သွင်းယူခြေစွမ်းပြသနိုင်ခဲ့ပြီး ယခုနှစ်ဘောလုံးရာသီ နည်းပြနာဂျယ်စမန်းလက်အောက်တွင် ပွဲထွက်ခွင့်ပြန်လည်ရရှိခဲ့ရာ သွင်းဂိုးရှစ်ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ပွဲကစားချိန် ၈၃ မိနစ်တွင် သွင်းဂိုးတစ်ဂိုးထိ သွင်းယူထားနိုင်သောကြောင့် ကလပ်အသင်းတာဝန်ရှိသူများက စာချုပ်သက်တမ်းတိုးရန် ပြင်ဆင်ခဲ့ကြောင်း သိရသည်။

အသက် ၃၃ နှစ်ရှိ ချူအူပိုမိုတင်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့် လာမည့် ၂၀၂၃ ခုနှစ် ဇွန်လတွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်၍ အသင်းတာဝန်ရှိသူများက ပုံစံကောင်းပြသနေသည့် ၎င်းကို အလွတ်ပြောင်းရွှေ့ခွင့်မပြုလိုသောကြောင့် စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

၎င်းသည် ၂၀၀၇ ခုနှစ်က ဂျာမန်ကလပ် ဟမ်းဘတ်အသင်းနှင့် ကစားသမားဘဝကို စတင်ခဲ့ပြီးနောက် ၂၀၁၁ ခုနှစ်တွင် မိန့်ဇ်အသင်းသို့လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် ရှော်လ်ကေးအသင်းသို့လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် စတုတ်အသင်းသို့ လည်းကောင်း အလွတ် ပြောင်းရွှေ့ခဲ့ပြီးနောက် ခြေစွမ်းပြကစားနိုင်ခဲ့သဖြင့် ၂၀၁၈ ခုနှစ်တွင် ပီအက်စ်ဂျီအသင်းသို့ ရောက်ရှိခဲ့ကာ လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ခဲ့ရသော်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အတ္တလန်တာအသင်းကို ၎င်း၏ သွင်းဂိုးဖြင့် အနိုင်ယူ၍ အသင်းအား ၂၆ နှစ်ကြာ ဝေးကွာနေသည့် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်သို့ ပို့ဆောင်ပေးခဲ့ပြီး ပီအက်စ်ဂျီ၊ ဘိုင်ယန်မြူးနစ်တို့နှင့်အတူ ဆုဖလားများရရှိခဲ့ကြောင်း သိရသည်။ ML

# WBC၊ WBA လိုက်ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကန်ရှီရိုတီရာဂျီ ဖြစ်လာ

**တိုကျို နိုဝင်ဘာ ၂**

WBC၊ WBA လိုက်ဖလိုင်း ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ စိန်ခေါ်ပွဲစဉ်အဖြစ် WBC လိုက်ဖလိုင်း ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကန်ရှီရို တီရာဂျီနှင့် WBA လိုက်ဖလိုင်း ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ဟီရိုတိုကျို ဂူချီတို့ ဂျပန်နိုင်ငံ ဆိုင်တာမာမြို့တွင် နိုဝင်ဘာ ၁ ရက်က ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ကန်ရှီရိုတီရာဂျီက အလဲထိုးရလဒ်ဖြင့် အနိုင်ရရှိကာ WBC၊ WBA လိုက်ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်လာကြောင်း DAZN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကန်ရှီရိုတီရာဂျီသည် ဟီရိုတိုကျိုဂူချီအား ခြောက်ချီမြောက်ထိ JAB ထိုးချက်များဖြင့်သာ တောက်လျှောက်ဖိအားပေးခဲ့ပြီး ခုနစ်ချီမြောက် ၂ မိနစ် ၃၆ စက္ကန့်တွင် ရရှိလာသည့်အခွင့်အရေးကို အသုံးချကာ အားပါပြင်းထန်သော ညာဝိုက်လက်သီးဖြင့် ဟီရိုတိုကျိုဂူချီကို ကြမ်းပြင်ပေါ် မှောက်သွားအောင် ထိုးသတ်နိုင်ခဲ့သည်။

အသက် ၂၈ နှစ်ရှိ ဟီရိုတိုကျိုဂူချီသည် WBA လိုက်ဖလိုင်း ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကို ၂၀၁၈ ခုနှစ်ကတည်းက ဆွတ်ခူးခဲ့သူဖြစ်ပြီး လက်ရှိချန်ပီယံဘွဲ့ကို လေးကြိမ်တိုင်တိုင် အောင်မြင်စွာ ကာကွယ်နိုင်ခဲ့သော်လည်း အသက် ၃၀နှစ်ရှိ ကန်ရှီရိုတီရာဂျီ၏ အတွေ့အကြုံကို မယှဉ်နိုင်ခဲ့ပဲ အလဲထိုးဖြင့်ရှုံးနိမ့်ကာ ကာလရှည် ထိန်းသိမ်းလာနိုင်ခဲ့သည့် ကမ္ဘာ့ချန်ပီယံခါးပတ်အား လက်လွှတ်ဆုံးရှုံးခဲ့ရသည်။

ဟီရိုတိုကျိုဂူချီအား အလဲထိုးရလဒ်ဖြင့် အနိုင်ရရှိခဲ့သည့် ကန်ရှီရိုတီရာဂျီသည် WBC လိုက်ဖလိုင်း ဝိတ်တန်းကမ္ဘာ့ချန်ပီယံခါးပတ်အား ၂၀၁၇ ခုနှစ်တွင် စတင်ရရှိခဲ့ပြီး လက်ရှိချန်ပီယံဘွဲ့ကို ရှစ်ကြိမ်တိုင်တိုင် အောင်မြင်စွာ ကာကွယ်ထိုးသတ်နိုင်ခဲ့သည်။

WBC၊ WBA လိုက်ဖလိုင်း ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်လာသည့် ကန်ရှီရိုတီရာဂျီက "လိုက်ဖလိုင်းဝိတ်တန်းအတွက် အားလုံးကို အဆုံးသတ်ပေးနိုင်ခဲ့ပြီ။ ဒီခါးပတ်တွေကို ကာလရှည် ထိန်းသိမ်းနိုင်အောင် ဆက်ကြိုးစားသွားမယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL



# စပိန်လာလီဂါ ပွဲစဉ် (၁၃) ပွဲကြိုသုံးသပ်ချက်

STA

**ဂျီရိုနာ Vs ဘီလ်ဘာအို**

**ကစားမည့်ရက်/အချိန် ၅-၁၁-၂၀၂၂ (နံနက် ၀၂:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဂျီရိုနာ ၁ - ၂ ဘီလ်ဘာအို**


**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျီရိုနာ | - | ဝေး(ရှုံး) | အိမ်(သရေ) | ဝေး(သရေ) |
| ဘီလ်ဘာအို | - | ဝေး(သရေ) | ဝေး(ရှုံး) | အိမ်(နိုင်) |

နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ ဂျီရိုနာအသင်းအတွက် အိမ်ရှင်အားသာချက်တစ်ခုတည်းနဲ့ရင်ဆိုင်ကစားရမှာပါ။ လက်ရှိ ဘီလ်ဘာအိုအသင်းရဲ့ခြေစွမ်းပိုင်းကလဲ ဂျီရိုနာအသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဘီလ်ဘာအိုအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ဘီလ်ဘာအို ၃ - ၂ ဂျီရိုနာ**

# ရုရှား၊ တရုတ်၊ အမေရိကန်တို့၏ နျူကလီးယားလက်နက်များအကြောင်း




ယခုနှစ် အောက်တိုဘာလအစောပိုင်းတွင် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက မော်စကိုသည် မည်သူ့ကိုမျှ နျူလက်နက်ဖြင့်ခြိမ်းခြောက်ခြင်းမရှိကြောင်း၊ သို့သော် ရုရှားသည် အစုလိုက်၊ အပြုံလိုက်အပျက်အစီးလက်နက်များအသုံးပြု၍ တိုက်ခိုက်မှုများပြုလုပ်ရန် ပြင်ဆင်နေပုံပေါ်အောင် နျူကလီးယားစကားလုံးများကိုအသုံးပြုကြိုးပမ်းနေသည်မှာ အနောက်နိုင်ငံများဖြစ်ကြောင်း အလေးပေးပြောကြားခဲ့သည်။

ပင်တဂွန်စစ်ဌာနချုပ်မှ မကြာသေးမီကထုတ်ပြန်ခဲ့သည့် နိုင်ငံ၏အမျိုးသားကာကွယ်ရေး မဟာဗျူဟာ (NDS)တွင် ထည့်သွင်းထားသော အမေရိကန်နိုင်ငံ၏ နျူကလီးယားအခြေအနေ ပြန်လည်သုံးသပ်ခြင်း (NPR) အသစ်တွင် အမေရိကန်နိုင်ငံက လက်ရှိ နျူကလီးယားလက်နက်တိုက်များ ခေတ်မီရေးကို ဦးစားပေးဆောင်ရွက်ရာတွင် ရုရှားနှင့်တရုတ်တို့ကို ၎င်းကိစ္စတွင် အဓိကအလားအလာရှိသော ရန်သူများအဖြစ် သတ်မှတ်ထားသည်။

ဤသည်မှာ မော်စကို၊ ပေကျင်းနှင့်ဝါရှင်တန်တို့၏ နျူကလီးယားတပ်ဖွဲ့များအကြောင်း အကျဉ်းချုံးဖော်ပြပေးထားခြင်းဖြစ်သည်။

**ရုရှားနိုင်ငံ**

ရုရှားတွင် နျူကလီးယားထိပ်ဖူးပေါင်း ၂၀၀၀ ထိရှိပြီး အမေရိကန်ပြည်မကြီး သို့မဟုတ် မဟာမိတ်များနှင့်မိတ်ဖက်များကို အန္တရာယ်ပြုနိုင်ရန် ဒီဇိုင်းထုတ်ထားသည့် ဆန်းသစ်သောနျူကလီးယားစွမ်းရည်ရှိသော စနစ်များကို ထုတ်လုပ်နေသည်ဟု NPR က ဖော်ပြထားသည်။ ၎င်းတို့ထဲမှ အချို့သည် New START (Strategic Arms Reduction Treaty) အရလည်း တာဝန်ခံမှုမရှိပါ (တစ်နည်းအားဖြင့်ဆိုသော် စာချုပ်ပါအချက်များနှင့် ကိုက်ညီခြင်းမရှိပါ)။

ယခုစာတမ်းတွင် ဖော်ပြထားသော ရုရှားနိုင်ငံပိုင်ဆိုင်သည့် နျူလက်နက်ဆိုင်ရာ ကိန်းဂဏန်းသည် ၂၀၁၉ ခုနှစ်တွင် မော်စကို၌ အနည်းဆုံးနျူကလီးယားထိပ်ဖူးပေါင်း ၅၉၇၇ လုံးပိုင်ဆိုင်ခဲ့သည်ဟု ပင်တဂွန်စစ်ဌာနချုပ်၏ ယခင်ခန့်မှန်းချက်နှင့် ကိုက်ညီသည်။

START ဒေတာဖလှယ်မှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁ ရက်ထိ ရုရှားနိုင်ငံ၌ ဒုံးကျည်ထိပ်ဖူးပေါင်း ၁၄၂၆ ပါရှိသော မဟာဗျူဟာမြောက် သယ်ယူပို့ဆောင်ရေးယာဉ် ၅၁၃ စီးရှိပြီဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ရုရှား၏ သယ်ယူပို့ဆောင်ရေးယာဉ်များတွင် ခေတ်မီဆန်းပြားသော Sarmat ICBM၊ Yars နှင့် Topol ICBM များကဲ့သို့သော တိုက်ချင်းပစ်ဒုံးကျည်များ (ICBMs) ပါဝင်သည်။ Tu-160 နှင့် Tu-95 တို့၏ ခေတ်မီအဆင့်မြှင့်ဗားရှင်းများအပါအဝင် မဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ်များအပြင် Bulava နျူကလီးယားဒုံးကျည်များ တပ်ဆင်ထားသော Borei-class အဆင့်မြင့်နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများလည်း ပါဝင်မည်ဖြစ်သည်။

အမေရိကန်နိုင်ငံနှင့်မတူ ထူးခြားသည့်အချက်မှာ ရုရှားတွင် ခေတ်မီသော အသံထက်မြန်သော ဟိုက်ပါဆောနစ်ဒုံးပျံလျှောယာဉ်များ ပိုင်ဆိုင်ထားပြီး Avangard နှင့် Kinzhal ဟိုက်ပါဆောနစ်လက်နက်များသည် နျူကလီးယားထိပ်ဖူးများကို သယ်ဆောင်နိုင်စွမ်းရှိသည်။

**တရုတ်နိုင်ငံ**

NPR ၏အဆိုအရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ (PRC) သည် ဆယ်စုနှစ်အကုန်တွင် အနည်းဆုံး နျူကလီးယားထိပ်ဖူး ၁၀၀၀ ကို ပိုင်ဆိုင်နိုင်ရန် ရည်ရွယ်ထားသည်ဟု ပြောကြားခဲ့သည်။

ပေကျင်း၏အမျိုးမျိုးသော နျူကလီးယားလက်နက်များသည် ဒေသတွင်းရှိ အမေရိကန် မဟာမိတ်များနှင့် မိတ်ဖက်များအပေါ် စစ်ရေးရန်စမှုများအပါအဝင် အကျပ်အတည်း သို့မဟုတ် ပဋိပက္ခမဖြစ်ပွားမီနှင့် ပဋိပက္ခအတွင်း ရွေးချယ်စရာနည်းလမ်းသစ်များအဖြစ် အသုံးပြုနိုင်စေမည်ဖြစ်သည်ဟု သုံးသပ်ချက်တွင် ရေးသားထားသည်။

လက်ရှိတွင် တရုတ်နိုင်ငံသည် နျူလက်နက်မပြန့်ပွားရေးသဘောတူစာချုပ် (NPT) အရ နျူလက်နက်ပိုင်ဆိုင်သည့်နိုင်ငံ ငါးနိုင်ငံအနက် တစ်နိုင်ငံ ဖြစ်သည်။ ၎င်း၏ နျူကလီးယားအစိတ်အပိုင်းများ အပါအဝင် စစ်ဘက်ဆိုင်ရာ သတင်းအချက်အလက် ထုတ်ပြန်ပြောကြားလေ့မရှိပါ။

ပင်တဂွန်စစ်ဌာနချုပ်က တရုတ်နိုင်ငံသည် Dongfeng (DF)-4၊ DF-5A၊ DF-31 နှင့် DF-31A တို့အပြင် နောက်ဆုံးပေါ် DF-41 အဆင့်မြှင့်တင်မှုများအပါအဝင် တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည် ICBM ဖြင့် ပစ်လွှတ်နိုင်သည့် နျူကလီးယားထိပ်ဖူး ၄၀၀ ခန့် ပိုင်ဆိုင်ထားသည်ဟု ယုံကြည်ထားသည်။ အဆိုပါ တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်များကို ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ပေကျင်းမြို့ စစ်ရေးပြအခမ်းအနားတွင် ပထမဆုံးပြသခဲ့သည်။

လန်ဒန်အခြေစိုက် မဟာဗျူဟာလေ့လာရေးသိပ္ပံအဖွဲ့၏ အဆိုအရ တရုတ်နိုင်ငံ၏ နျူကလီးယားတပ်ဆင်၊ သယ်ဆောင်၊ ပစ်လွှတ်နိုင်သည့်ယာဉ်များတွင် Type-094 နှင့် Type-096 နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများအပြင် H-6 နှင့် H-6K ဗုံးကြဲလေယာဉ်များနှင့်မျိုးဆက်သစ် H-20 မဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ်များ ပါဝင်နေသည်။

ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် နျူကလီးယားထိပ်ဖူးများကို သယ်ဆောင်နိုင်သည်ဟု ပေကျင်းက အခိုင်အမာဆိုထားသည့် အသံထက်မြန်သော တာလတ်ပစ် DF-17 ICBM တိုက်ချင်းပစ်ဒုံးကျည်ကိုလည်း ပိုင်ဆိုင်ထားသည်။

**အမေရိကန်နိုင်ငံ**

လက်ရှိ အမေရိကန်နိုင်ငံတွင် အနည်းဆုံး နျူလက်နက် သယ်ဆောင်၊ ပစ်လွှတ်နိုင်သောယာဉ် ၆၅၂ စီးတွင် နျူထိပ်ဖူး ၁၃၅၀ ခန့်ရှိပြီး ၎င်းတို့အနက် Minuteman III ICBM တိုက်ချင်းပစ်ဒုံးကျည် ၄၀၀ နှင့် နျူကလီးယားစွမ်းဆောင်ရည်ရှိသော Ohio-class Trident ရေငုပ်သင်္ဘော ၁၄ စီးတို့ ပိုင်ဆိုင်ထားသည်။

အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနဝက်ဘ်ဆိုက်တွင် လွှင့်တင်ထားသည့် အချက်အလက်များအရ နျူကလီးယားသုံးချောင်းထောက် စွမ်းအားစု၏ တုံ့ပြန်မှုအရှိဆုံးစွမ်းအားစု တစ်ခုဖြစ်သည့် Minuteman III ဒုံးကျည်များ ခေတ်မီအဆင့်မြှင့်တင်ရေးကို ၂၀၂၉ ခုနှစ်တွင် စတင်မည်ဖြစ်သည်။

**❖ လက်ရှိ အမေရိကန်နိုင်ငံတွင် အနည်းဆုံး နျူလက်နက်သယ်ဆောင်၊ ပစ်လွှတ်နိုင်သောယာဉ် ၆၅၂ စီးတွင် နျူထိပ်ဖူး ၁၃၅၀ ခန့်ရှိပြီး ၎င်းတို့အနက် Minuteman III ICBM တိုက်ချင်းပစ်ဒုံးကျည် ၄၀၀ နှင့် နျူကလီးယားစွမ်းဆောင်ရည်ရှိသော Ohio-class Trident ရေငုပ်သင်္ဘော ၁၄ စီးတို့ ပိုင်ဆိုင်ထားသည်။ အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနဝက်ဘ်ဆိုက်တွင် လွှင့်တင်ထားသည့် အချက်အလက်များအရ နျူကလီးယားသုံးချောင်းထောက်စွမ်းအားစု၏ တုံ့ပြန်မှုအရှိဆုံးစွမ်းအားစုတစ်ခုဖြစ်သည့် Minuteman III ဒုံးကျည်များ ခေတ်မီအဆင့်မြှင့်တင်ရေးကို ၂၀၂၉ ခုနှစ်တွင် စတင်မည်ဖြစ်သည်။ ❖**

အမေရိကန်နိုင်ငံသည် ၎င်း၏ နောက်ထပ်စွမ်းအားစုတွင် နျူကလီးယားပို့ဆောင်ရေးယာဉ်များ (Nuclear Delivery Vehicles) နှင့် B-52H Stratofortress နှင့် B-2A Spirit ကဲ့သို့သော မဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ်များကို ပိုင်ဆိုင်ထားသည်။

ရုရှားနိုင်ငံသည် ၂၀၁၇ ခုနှစ် နှောင်းပိုင်းတွင် အသံထက်မြန်သော Hypersonic Capability ကို ရရှိပိုင်ဆိုင်နိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် တရုတ်နိုင်ငံက နောက်မှလိုက်၍ ထုတ်လုပ်လာနိုင်ခဲ့သည်။ အမေရိကန်နိုင်ငံသည် နျူကလီးယားထိပ်ဖူးများသယ်ဆောင်နိုင်သော အသံထက်မြန်သောယာဉ်များ တပ်ဖြန့်အသုံးပြုနိုင်ခြင်းမရှိသေးကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**All You Need to Know About Nuclear Arsenals of Russia, China, US ကို ဘာသာပြန်ဆိုထားပါသည်။**

**မှူးခိုင်(ရေနံချောင်း)**

# ကျေးသီးမြို့နယ် ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကျေးသီး နိုဝင်ဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးသီးမြို့နယ် ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးနိုင် စီမံကိန်းတာဝန်ခံ ဦးဟိန်းမင်းသူနှင့် ဝန်ထမ်းများက ဝိန်းကောင်ကျေးရွာတွင် အလျားပေ ၃၀၊ အနံပေ ၄၀၊ အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် နားယုတ်ကျေးရွာတွင် အရှည်ပေ ၂၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ မြေသားလမ်းသဲဖြန့်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာနှစ်ရွာရှိ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ဝိန်းကောင်ကျေးရွာနှင့် နားယုတ်ကျေးရွာတို့တွင် အဆိုပါဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပံ့ငွေကျပ်သိန်း ၂၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၅၄ သိန်းဖြင့် ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအေးနိုင်က ပြောပြ၍ သိရသည်။

**ရိုးသန်းညွန့်**

# လှည်းကူးမြို့နယ် မြေစေးအိုင်ကျောင်းတိုက်တွင် သရုပ်ဆောင် စည်ဖြိုး မိသားစုက ကထိန်အလှူပြုလုပ်



**ရန်ကုန် နိုဝင်ဘာ ၂**

သရုပ်ဆောင် စည်ဖြိုး မိသားစုက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ မြေစေးအိုင်ကျောင်းတိုက်တွင် နိုဝင်ဘာ ၁ ရက်က ကထိန်အလှူ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သရုပ်ဆောင် စည်ဖြိုးမိသားစုက လှည်းကူးမြို့နယ်ရှိ မြေစေးအိုင်ကျောင်းတိုက်တွင် ကျောင်းရှိ သံဃာတော်များအား ကထိန်လျာသင်္ကန်းနှင့် နဝကမ္မအလှူငွေများ လှူဒါန်းခြင်းနှင့် နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း၊ အဆိုပါ ကျောင်းတိုက်ဝန်းကျင်မှ မိသားစုများကိုလည်း ကထိန်အလှူအဖြစ် ထမင်းနှင့် ကြက်သားဟင်း၊ ၁၂ မျိုးဟင်းချိုတို့ကို စတုဒိသာ ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

"လှည်းကူးမြို့နယ်က မြေစေးအိုင်ကျောင်းတိုက်မှာ ကထိန်ခင်းဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့မိသားစု (ET Family) ရဲ့ ကထိန်အလှူဖြစ်ပါတယ်။ သံဃာတော်အပါး ၃၀ ကို နေ့ဆွမ်း၊ ကထိန်သင်္ကန်းနဲ့ နဝကမ္မအလှူငွေတွေ လှူဒါန်းခဲ့သလို ကျောင်းအနီးဝန်းကျင်က လူအယောက် ၇၀၀ လောက်ကို ထမင်း၊ ကြက်သားဟင်း၊ ဟင်းချိုစတုဒိသာ ကျွေးမွေးလှူဒါန်းခဲ့ပါတယ်။ ကထိန်အလှူအတွက် လှူဒါန်းမှုစုစုပေါင်းငွေကျပ်သိန်း ၃၀ လောက်ရှိပါတယ်"ဟု သရုပ်ဆောင် စည်ဖြိုးက ပြောပြသည်။

သရုပ်ဆောင် စည်ဖြိုးမိသားစုသည် အခါအားလျော်စွာ ဝင်ငွေနည်း အခက်အခဲရှိအိမ်ထောင်စုများကို ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် စတုဒိသာကျွေးမွေးလှူဒါန်းခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ASH

# Project Artemis ဇာတ်ကားတွင် မင်းသား ရေးရိုမာနို ပါဝင်မည်

**နယူးယောက် နိုဝင်ဘာ ၂**

Project Artemis အမည်ရှိ သိပ္ပံအက်ရှင်ဇာတ်ကားတွင် အမေရိကန်ဟာသမင်းသား ရေးရိုမာနို ပါဝင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသား ရေးရိုမာနိုသည် မင်းသမီး စကားလက်ဂျိုဟန်ဆင်၊ မင်းသား ချန်နင်းတာတစ်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိတွင် Project Artemis ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို Apple ရုပ်ရှင်စတူဒီယိုက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Project Artemis ဇာတ်ကား ရိုက်ကူးမှုကို အောက်တိုဘာ ၂၇ ရက်ကပင် စတင်နေပြီဖြစ်ပြီး ဒါရိုက်တာ ဂရက်ဘာလန်တီက တာဝန်ယူရိုက်ကူးနေခြင်းဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ရို့ဂျီရှိုင်းက ရေးသားပေးထားကြောင်း သိရသည်။

လက်ရှိတွင် Project Artemis ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Apple ရုပ်ရှင်စတူဒီယိုက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

KKO



# စမ်းချောင်းမြို့နယ် ကျွန်းတော Art Gallery တွင် Memory အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်

**ရန်ကုန် နိုဝင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ ကျွန်းတော Art Gallery တွင် Memory အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်ဖြစ်ကြောင်း ကျွန်းတော Art Gallery မှ မန်နေဂျာ မလှကလျာမြင့်က ပြောပြ၍ သိရသည်။

အဆိုပါ Memory အွန်လိုင်းပန်းချီပြပွဲကို နိုဝင်ဘာ ၅ ရက်မှ နိုဝင်ဘာ ၁၅ ရက်ထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီထိ ပြသသွားမည်ဖြစ်ပြီး ပြခန်းသို့လည်း လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

"ဒီပွဲမှာတော့ ကွယ်လွန်ထင်ရှား ပန်းချီဆရာကြီးငါးယောက်ရဲ့ ပန်းချီကား ၂၅ ကားကို ပြသသွားမှာဖြစ်ပါတယ်။ နာမည်ကျော် ပန်းချီဆရာကြီးတွေဖြစ်တဲ့ ပန်းချီ စတားမြသန်း၊ ပန်းချီ ကြည်သိန်း၊ ပန်းချီ တင်လှဝင်းထင်၊ ပန်းချီ ဝေမွန်လင်းတို့ရဲ့ ရှားပါးပန်းချီလက်ရာတွေအပြင် တစ်ခေတ် တစ်ခါက ထင်ရှားခဲ့တဲ့ မဂ္ဂဇင်း သရုပ်ဖော် ပန်းချီအောင်စိုးရဲ့ ရှားရှားပါးပါး မဂ္ဂဇင်းသရုပ်ဖော် ပန်းချီမူရင်းလဲ ပြသပေးမှာဖြစ်ပါတယ်"ဟု မလှကလျာမြင့်က ပြောပြသည်။



အဆိုပါ ပန်းချီပြပွဲတွင် ပန်းချီဆရာကြီးများဖြစ်ကြသည့် ပန်းချီ စတားမြသန်း၊ ပန်းချီ ကြည်သိန်း၊ ပန်းချီ တင်လှဝင်းထင်၊ ပန်းချီ ဝေမွန်လင်းနှင့် မဂ္ဂဇင်းသရုပ်ဖော် ပန်းချီအောင်စိုးတို့၏ ရေဆေး၊ ဆီဆေးအပါအဝင် လက်ရာစုံဖြင့် ဖန်တီးထားသည့် ပန်းချီကား ၂၅ ကား ပြသသွားမည်ဖြစ်ကြောင်း၊ ပြသထားမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၄×၃) ပေ၊ (၄×၂)ပေ၊ (၃×၂) ပေ၊ (၃၀×၄၀) လက်မ၊ (၁၈×၂၄) လက်မ စသည့် အရွယ်အစားအစုံ ပန်းချီကားများပါဝင်ပြီး ဈေးနှုန်းမှာ ငွေကျပ် ၁၅ သိန်းမှ ငွေကျပ်သိန်း ၄၀ ထိရှိ ကြောင်း သိရသည်။

ASH

# The Boy in the Woods ဇာတ်ကား စတင်ရိုက်ကူးနေပြီဖြစ်

**နယူးယောက် နိုဝင်ဘာ ၂**

The Boy in the Woods အမည်ရှိ ဒုတိယကမ္ဘာစစ်နောက်ခံ ဇာတ်ကားကို ကနေဒါနိုင်ငံ နွေဘောဒေသ၌ စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါ ဇာတ်ကားသည် စာရေးဆရာ မက်ဝဲစမတ်၏ The Boy in the Woods: A True Story of Survival During the Second World War အမည်ရှိ ဝတ္ထုကို အခြေခံရိုက်ကူးသည့်ဇာတ်ကားဖြစ်သည်။

အဆိုပါဝတ္ထုတွင် စာရေးဆရာ မက်ဝဲသည် ဒုတိယကမ္ဘာစစ်အတွင်း နာဇီတပ်များ၏ရန်ကို ရှောင်ရှားရန် အရှေ့ဥရောပသစ်တောများအတွင်း ပုန်းအောင်းအသက်ဆက်ခဲ့ရသည့်ဂျူး၏ငယ်စဉ်ကလေးဘဝ ဖြစ်ရပ်မှန်ကို ရေးသားထားသည်။

The Boy in the Woods ဇာတ်ကား၌ မင်းသား ခရစ္စတိုဖာ ဟေယာဒါ၊ ကလေးသရုပ်ဆောင် ဂျက်ကလင်းနှင့် မင်းသမီး ဘာကလေဆေးဗားမင်းနှင့် မင်းသား ရစ်ချက်အားမီတိတ်တို့ ပါဝင်သရုပ်ဆောင်ထားသည်။

အဆိုပါဇာတ်ကားကို အမျိုးသမီး ဒါရိုက်တာ ရီဘက်ကာစနိုးက တာဝန်ယူရိုက်ကူးနေပြီး ဇာတ်ညွှန်းကိုလည်း ကိုယ်တိုင်ရေးသားပေးထားကြောင်း သိရသည်။ KKO



# ပဲခူးတိုင်းဒေသကြီး ပန်းပုဈေးကွက်တွင် ရှေးခေတ်လက်ရာဟန်ပုံစံများဖြင့် ထုလုပ်ထားသည့်ရုပ်တုများ မှာယူမှုများပြားနေ

**ပဲခူး နိုဝင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ပန်းပုဈေးကွက်တွင် ရှေးခေတ်လက်ရာဟန်ပုံစံများဖြင့် ထုလုပ်ထားသည့် ရုပ်တုများကို မှာယူမှုများပြားနေကြောင်း ပဲခူးမြို့ မဇင်းရပ်ကွက်ရှိ ရတနာစံပန်းပုလုပ်ငန်းပိုင်ရှင် ဒေါ်ရတနာစံက ပြောပြ၍ သိရသည်။

လက်ရှိ ပဲခူးတိုင်းဒေသကြီး ပန်းပုဈေးကွက်သည် ရွှေမော်ဓော ဘုရားကြီး ဘုရားဈေးတန်းနှင့် ပဲခူးမြို့ပေါ်ရှိ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များကိုသာ အားထားနေရပြီး အဓိက မှာယူမှုမှာလည်း အဆိုပါဈေးကွက်မှပင် ဖြစ်ကြောင်း သိရသည်။

"ဈေးကွက်အခြေအနေကတော့ အရင်လို ပန်းပုအလုပ်ရုံတွေကို လာပြီးတော့ မှာတာမျိုးတွေ မရှိဘူး။ ဘုရားကြီး (ရွှေမော်ဓော ဘုရား) ဈေးနဲ့ မြို့ပေါ်က အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်တွေနဲ့ပဲ အဓိကအလုပ်လုပ်နေတယ်။ အခု အမှာများတာကတော့ ရှေးလက်ရာအတိုင်း ထုလုပ်ထားတဲ့ ပန်းပုရုပ်တုငယ်တွေပါ။ အရွယ်အစားဆိုရင်တော့ ခြောက်လက်မ၊ ခုနစ်လက်မပါ။ ရတနာပုံ၊ အင်းဝခေတ်က လက်ရာဟန်တွေနဲ့ထုလုပ်ထားတဲ့ ရှေးဟောင်းပုံစံအရုပ်တွေကို အမှာများပါတယ်။ ဘယ်လိုအရုပ်တွေလဲဆိုတော့ သူငယ်တော်တို့၊ ဦးရွှေရိုးနဲ့ ဒေါ်မိုးအရုပ်တွေပါ။ လက်ရာက ရှေးဟောင်းရုပ်တုပုံစံပါ"ဟု ပဲခူးမြို့ မဇင်းရပ်ကွက်ရှိ ရတနာစံပန်းပုလုပ်ငန်းပိုင်ရှင် ဒေါ်ရတနာစံက ပြောပြသည်။

အဆိုပါ ပန်းပုရုပ်များမှာ အရွယ်အစားပေါ်မူတည်၍ ငွေကျပ် ၁၀၀၀၀ မှ ငွေကျပ် ၅၀၀၀၀ ခန့်ထိရှိပြီး အရုပ်တစ်မျိုးလျှင် အရေအတွက် ၁၀၀ ခန့်ထိ မှာယူကြကြောင်း သိရသည်။ ASH

# State Administration Council of Republic of Union of Myanmar holds kathina robes offering ceremony



Senior General Min Aung Hlaing and the congregation receiving the Five Precepts at the ceremony.

**Nay Pyi Taw November 2**

State Administration Council of the Republic of Union of Myanmar held the kathina robes offering ceremony for 2022 at Sasana Beikman of Uppatasanti Pagoda here this morning, attended by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, who donated kathina robes and offertories.

Present were 27 Sayadaws led by Chairman of State Sangha Maha Nayaka Committee Patron of Bhamo Monastery, Mandalay, Sayadaw Abhidhaja Agga Maha Saddhammajotika Dr Bhaddanta Kumarabhivamsa, Secretary of SSMNC Patron of Minkyaung Pathamabyan Pariyati School, Thanlyin, Sayadaw Agga Maha Pandita Agga Maha Saddhammajotikadhaja Dr Bhaddanta Candimabhivamsa and Ovadacariya Sayadaws of Uppatasanti Pagoda Board of Trustees. Present together with the Senior General and wife were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, the Secretary and wife, the Joint Secretary and wife, SAC members and their wives, Union level officials, Union ministers, the Nay Pyi Taw Council chairman, senior military officers and their wives, See Page 13



Senior General Min Aung Hlaing observes displayed Kathina robes and offertories.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla present Kathina robes and offertories to a Sayadaw.



An official and wife present Kathina robes and offertories to a Sayadaw.



An official and wife present Kathina robes and offertories to a Sayadaw.




An official and wife present Kathina robes and offertories to a Sayadaw.



An official presents Kathina robes and offertories to a Sayadaw.



An official presents Kathina robes and offertories to a Sayadaw.



An official presents Kathina robes and offertories to a Sayadaw.

*From Page 12*

the Nay Pyi Taw Command commander and officials.

First, the Senior General paid obeisance to the Buddha Image in the Sasana Beikman and offered meals in the emerald bowl, flowers, water, lights and fruits.

The Senior General and the congregation observed the displayed kathina robes, offertories and offerings hung on tree-shaped stands to be donated to Masoeyein Taikthit Monastery in Thabyaegon ward, Zambuthiri Township.

The congregation led by the Senior General recited namotassa three times to open the ceremony and received the Five Precepts from Bhamo Sayadaw. Sayadaws recited parittas.

The Senior General and wife presented kathina robes and offertories to Bhama Sayadaw and Sayadaw Aggaha Gandavacaka Pandita Bhaddanta Agga Dhamma of Masoeyein Taikthit Monastery.

The Vice-Senior General and wife presented kathina robes and offertories to Thanlyin Minkyaung Sayadaw and the Secretary and wife, the Joint Secretary and wife, SAC members and their wives, senior military officers presented kathina robes and offertories to members of the Sangha.

Thanlyin Minkyaung Sayadaw Sayadaw delivered a sermon. The congregation led by the Senior General shared the merits gained.

The congregation led by the Senior General and wife recited Buddha sasanamciramtitatu to mark the conclusion of the ceremony and served day meal for Sayadaws led by Bhamo Sayadaw.

At the ceremony, donations worth Ks 112,965,850 were made. Donations included offertories hung on 44 tree-shaped stands and Ks 73,643,250 in cash.

100

# South hits back as North Korea fires most missiles in a day

**Seoul November 2**

North and South Korea have fired a number of missiles into waters near each other's coasts in a marked escalation of hostilities.

The North launched its most missiles in a single day - at least 23 - including one that landed less than 60km (37 miles) off the South's city of Sokcho.

Seoul responded with warplanes firing three air-to-ground missiles over the disputed maritime demarcation line.

Later Pyongyang fired six more missiles and a barrage of 100 artillery shells.

The North says the launches are in response to large-scale military exercises current being held by South Korea and the United States, which it calls "aggressive and provocative".

On Tuesday, Pyongyang warned they would pay "the most horrible price in history" if they continued their joint military drills, seen as a veiled threat to use nuclear weapons. The North has tested a record number of missiles this year as tensions have risen.

Wednesday's exchanges began with missile launches by Pyongyang into waters close to South Korea, triggering air raid sirens on Ulleung, an island controlled by Seoul. Residents there were told to evacuate to underground shelters.

BBC

# Israel elections: Netanyahu set for comeback with far right's help - partial results

**Jerusalem November 2**

Former Israeli Prime Minister Benjamin Netanyahu is on the brink of a dramatic comeback, after partial results showed he was on course to win a majority in parliament with the far right's help.

With 84% of votes from the general election counted, Mr Netanyahu's bloc is set to win 65 out of 120 seats.

"We are close to a big victory," he told jubilant supporters in Jerusalem.

However, he will be dependent on the support of the ultra-nationalist Religious Zionism party.

Its leaders, Itamar Ben-Gvir and Bezalel Smotrich, have gained notoriety for using anti-Arab rhetoric and advocating the deportation of "disloyal" Arab politicians or civilians.

Mr Ben-Gvir was a follower of the late, explicitly racist, ultra-nationalist Meir Kahane, whose organisation was banned in Israel and designated as a terrorist group by the United States. Mr Ben-Gvir himself has been convicted of incitement to racism and supporting a terrorist organisation.

BBC

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ယူကရိန်းအထူးစစ်ဆင်ရေးအတွင်း တပ်ဖွဲ့ဝင်များနှင့် ကြေးစားစစ်သား ၂၅၀၀ ကျော်ရှင်းလင်းနိုင်ခဲ့ကြောင်း ရုရှားပြောကြား



ယူကရိန်း အထူးစစ်ဆင်ရေးအတွင်း ရုရှားစစ်ဘက်က ယူကရိန်းတပ်ဖွဲ့ဝင်များနှင့် နိုင်ငံခြားသားကြေးစားစစ်သား ၂၅၀၀ ကျော်ကိုရှင်းလင်းနိုင်ခဲ့ပြီး ယခင်သီတင်းပတ်ထက် တစ်ဆခွဲခန့် ပိုမိုမြင့်မားလျက်ရှိကြောင်း ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ Igor Konashenkov ၏ နေ့စဉ်ရှင်းလင်းချက်များအပေါ် အခြေခံ၍ TASS သတင်းဌာနက ရေးသားဖော်ပြထားသည်။

TASS သတင်းဌာနသည် အောက်တိုဘာ ၂၄ ရက်မှ ၃၀ ရက်ထိ အထူးစစ်ဆင်ရေးအတွက်အရေးပါသော စစ်ဆင်ရေးအချုံး၊ အမြတ်ဆိုင်ရာ စာရင်းအင်းများကို စုဆောင်းထားသည်။

ရုရှားကာကွယ်ရေးဝန်ကြီးဌာနသည် Donetsk ပြည်သူ့သမ္မတနိုင်ငံရှိ Donetsk တောင်ပိုင်းစစ်ဆင်ရေးလမ်းကြောင်းတွင် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ပြီး အမာခံခြေကုပ်စခန်းများနှင့်အမြောက်ပစ်ခတ်သည့် တပ်စခန်းအမြောက်အမြားကို သိမ်းပိုက်ရရှိခဲ့သည်။ ရုရှားချေမှုန်းရေးတပ်ဖွဲ့များသည် ရန်သူ၏ ခံစစ်စည်းကာကွယ်ရေးဇရိယာအတွင်း သုံးကီလိုမီတာကျော် နက်ရှိုင်းစွာဝင်ရောက်နိုင်ခဲ့ပြီး Pavlovka အခြေချနေထိုင်ရာထိ ရောက်ရှိခဲ့ကြသည်။ ရန်သူဘက်မှ အင်အား ၁၀၀ ကျော်ကျဆုံးပြီး တပ်ဖွဲ့ဝင် ခြောက်ဦးလက်နက်ချအညံ့ခံခဲ့သည်။ အဆိုပါထိုးစစ်အတွင်း ယူကရိန်းတို့ဘက်မှ တင့်ကားတစ်စီး ဖျက်ဆီးခံခဲ့ရပြီး တစ်စီးကို သိမ်းယူနိုင်ခဲ့သည်။ သံချပ်ကာတိုက်ခိုက်ရေးယာဉ် သုံးစီးနှင့် သယ်ယူပို့ဆောင်ရေးယာဉ်ခြောက်စီးတို့လည်းပျက်စီးဆုံးရှုံးခဲ့သည်။

Kupyansk စစ်ဆင်ရေးလမ်းကြောင်းတွင်ယူကရိန်းစစ်ဘက်မှအင်အား ၈၃၀ ခန့်ဆုံးရှုံးခဲ့သည်။ Nikolayev-Krivoy Rog စစ်ကြောင်းတွင် ယူကရိန်းတပ်များသည် အောက်တိုဘာ၂၅၊ ၂၆ နှင့် ၂၇ ရက်တို့တွင် ရုရှား၏ခံစစ်စခန်းများကို တိုက်ခိုက်ရန်ကြိုးပမ်းမှုမအောင်မြင်ခဲ့ပေ။ ရန်သူသည် အောက်တိုဘာ ၂၉ ရက်က ငါးကြိမ်တိုက်ခိုက်ခဲ့ပြီး အောက်တိုဘာ ၃၁ ရက်မတိုင်မီ ခုနစ်ကြိမ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ရလဒ်အနေဖြင့် ယူကရိန်းတပ်ဖွဲ့ဝင်များသည် ဤစစ်ဆင်ရေးလမ်းကြောင်းတွင် ပြည်ပမှ ကြေးစားစစ်သားများအပါအဝင် ၈၀၀ ကျော်သေဆုံးခဲ့ကြပြီး Krasny Liman ရှေ့တန်းမျက်နှာစာတွင် အင်အား ၆၅၀ နှင့် တောင်ပိုင်း Donetsk ဒေသတွင် အင်အား ၁၉၀ ကျော် ဆုံးရှုံးခဲ့ကြသည်။

ထို့ပြင် Kharkov ဒေသရှိ Staroverovka ရွာအနီးရှိ တပ်စခန်းများနှင့် စစ်လက်နက်၊ ပစ္စည်းများ စုပုံထားသည့်နေရာကို ရုရှားတို့၏ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ယူကရိန်းတပ်ဖွဲ့ဝင် ၄၀ ကျော်သေဆုံးခဲ့သည်။

အောက်တိုဘာ ၂၆ ရက်က Kharkov ဒေသရှိ Prikolotnoye ရွာအနီးတွင် ရုရှားတို့၏တိုက်ခိုက်မှုကြောင့် ယူကရိန်းလက်နက်ကိုင်တပ်ဖွဲ့များ၏ ဆက်သွယ်ရေးဗဟိုဌာနချုပ်ကို ဖယ်ရှားရှင်းလင်းနိုင်ခဲ့သည်။ Donbass စစ်ဆင်ရေးတွင် ဒီဇယ်လောင်စာများထောက်ပံ့ပေးရန် အသုံးပြုနေသည့် Dnepropetrovsk အနီးရှိ လောင်စာဆီသိုလှောင်ရုံတစ်ခုကိုတိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့သည်။

အောက်တိုဘာ ၂၇ ရက်တွင် Dnepropetrovsk ဒေသ Pavlograd အနီးရှိ ယူကရိန်းစစ်ဘက်အတွက် ဒုံးပျံလောင်စာများ၊ ဖောက်ခွဲရေးပစ္စည်းများနှင့် ယမ်းမှုန့်များကိုထုတ်လုပ်နေသည့် စက်ရုံတစ်ရုံ ပျက်စီးခဲ့သည်။ အောက်တိုဘာ ၃၀ ရက်တွင် ရုရှားတပ်ဖွဲ့များသည် Nikolayev ဒေသရှိ Ochakov မြို့အနီးရှိ ယူကရိန်းတပ်ဖွဲ့များ၏ လေ့ကျင့်ရေးဌာနချုပ်တစ်ခုကို တိုက်ခိုက်ခဲ့သည်။

အောက်တိုဘာ ၃၁ ရက်တွင် ရုရှားကာကွယ်ရေးဝန်ကြီးဌာနက တိကျတာဝေးပစ်လေကြောင်းနှင့် ပင်လယ်ပြင်တိုက်ခိုက်မှုများကို လုပ်ဆောင်ခဲ့ကြောင်း ကြေညာခဲ့သည်။ ရလဒ်အနေဖြင့် ယူကရိန်းနိုင်ငံ၏ စစ်ရေးကွပ်ကဲမှုဌာနချုပ်များနှင့် စွမ်းအင်စနစ်များဆိုင်ရာအခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည်။

TASS တွက်ချက်မှုများအရ ရုရှားတပ်ဖွဲ့များသည် တစ်ပတ်အတွင်း ယူကရိန်းကွပ်ကဲမှုဌာနချုပ် ၃၃ ခုနှင့် ခဲယမ်းမီးကျောက်သိုလှောင်ရုံ ၁၄ ရုံတို့ကိုတိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

**Ukraine manpower losses rise nearly twofold week over week to 2,500 men ကို ဘာသာပြန်ဆိုထားခြင်းဖြစ်ပါသည်။**

## ယူကရိန်းတွင် ဒုံးကျည်တိုက်ခိုက်မှုများဆက်လက်ဖြစ်ပွားနေပြီး သီးနှံတင်ပို့ရေးသဘောတူညီချက်ကို ဆက်လက်ထိန်းသိမ်းရန် တူရကီကြိုးစားနေ

ရုရှား၏ တိုက်ခိုက်မှုများကြောင့် ယူကရိန်းရှိ ပြည်သူ ၈၀ ရာခိုင်နှုန်းသည် ရေပြတ်တောက်ခဲ့ရပြီး အိမ်ခြေ ၃၅၀၀၀၀ လျှပ်စစ်မီး ပြတ်တောက်သွားခဲ့ကြောင်း ယူကရိန်းမြို့တော်ဝန် Vitali Klitschko က Telegram တွင် ပြောကြားခဲ့သည်။

ရုရှားက ၎င်း၏ ပူးပေါင်းပါဝင်မှုကို ဆိုင်းငံ့ထားသော်လည်း ယူကရိန်းနိုင်ငံမှ ဂျုံ၊ ပြောင်း၊ သီးနှံတင်ပို့ရေးသဘောတူညီချက်ကို ဆက်လက်ထိန်းသိမ်းရန်၊ လူသားမျိုးနွယ်အပေါ် ထမ်းဆောင်ရန် ကျွန်ုပ်တို့ပြတ်ပြတ်သားသား ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း တူရကီသမ္မတ Recep Tayyip Erdogan က ရုပ်မြင်သံကြားမိန့်ခွန်းတွင် ပြောကြားခဲ့သည်။

စပါးနှင့်အခြားလယ်ယာထွက်ကုန်များ တင်ဆောင်ထားသည့် ကုန်တင်သင်္ဘော နှစ်စီးသည် ယူကရိန်းဆိပ်ကမ်းများမှထွက်ခွာခဲ့ကြောင်း ရေကြောင်းသွားလာရေး ဝက်ဘ်ဆိုက်တစ်ခုအရ သိရသည်။ Admiral de Ribas နှင့် Mount Baker သင်္ဘောများသည် အရေးကြီးသောသီးနှံတင်ပို့မှုများကို ပင်လယ်နက်ကိုဖြတ်ကျော်ဖြတ်သန်းခွင့်ပြုသည့် သဘောတူညီချက်တွင် ရုရှားပါဝင်မှုကိုဆိုင်းငံ့ထားပြီးနောက် ရက်ပိုင်းအကြာတွင် ဆိပ်ကမ်းမှထွက်ခွာခဲ့သည်။ စံချိန်တင်ပမာဏ တန် ၃၅၄၅၀၀ လယ်ယာထွက်ကုန်ပမာဏသည် ပင်လယ်နက် ဂျုံ၊ ပြောင်း၊ သီးနှံတင်ပို့နိုင်ရေးသဘောတူညီချက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ယူကရိန်းဆိပ်ကမ်းများမှ ထွက်ခွာသွားခဲ့ကြောင်း Odesa ၏ စစ်ဘက်ဆိုင်ရာ စီမံခန့်ခွဲရေးအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

ယူကရိန်း၏ ပင်လယ်ရေကြောင်းမှ စားနပ်ရိက္ခာတင်ပို့မှု ရပ်တန့်သွားသည့်အတွက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က စိုးရိမ်ပူပန်ကြောင်း အလေးအနက် ထုတ်ဖော်ပြောကြားခဲ့သည်။

ပင်လယ်နက်မှ သီးနှံ၊ ရိက္ခာတင်ပို့မှု ပဏာမခြေလှမ်းများနှင့် ပတ်သက်၍ အထွေထွေအတွင်းရေးမှူးချုပ်က ဆက်လက်ဖြစ်ပွားနေသည့် အခြေအနေအတွက် အလွန်စိုးရိမ်မိကြောင်း ၎င်း၏ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။



ယူကရိန်းဆိပ်ကမ်းများမှ စားနပ်ရိက္ခာများထွက်ခွာခွင့်ပြုရန် သဘောတူညီချက်အရ ကောက်ပဲသီးနှံများ တင်ဆောင်လာသည့် သင်္ဘောများအား စစ်ဆေးခြင်းများကို အစ္စတန်ဘူလ်မြို့တွင် ဆက်လက် လုပ်ဆောင်မည်ဖြစ်ကြောင်း တူရကီကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံက Sevastopol ရှိ ရေတပ်၊ စစ်ရေယာဉ်စုကိုတိုက်ခိုက်သည့် ဒရုန်းများမှ အပျက်အစီးများကိုပြန်လည်တွေ့ရှိခဲ့ပြီး စပါးစကြီး၏ ဘေးကင်းဇုန်ကိုအသုံးချကာ အရပ်ဘက်သင်္ဘောတစ်စီးမှ အဆိုပါ ဒရုန်းများကို ပစ်လွှတ်နိုင်သည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သုံးသပ်ပြောကြားလိုက်သည်။

အဏ္ဏဝါရေပြင်သုံး ဒရုန်းများသည် စပါးစကြီး၏ ဘေးကင်းသည့်ဇုန်ကို အသုံးချပြီး ရွေ့လျားခုတ်မောင်းနေနိုင်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားပြီး ဒရုန်းများ၏အပျက်အစီးတချို့ကို ပင်လယ်ထဲမှ သိမ်းဆည်းရမိထားကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

**Ukraine conflict – day 250: Russia missile attacks continue, Türkiye tries to salvage grain deal ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေနှင့်ဆောင်ရွက်မည့် အကျိုးတူလယ်ယာစနစ်ဖြင့် သီးနှံများစိုက်ပျိုးထုတ်လုပ်ရေးစီမံကိန်း လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်မည့် အကျိုးတူလယ်ယာ (Contract Farming) စနစ်ဖြင့် သီးနှံများစိုက်ပျိုးထုတ်လုပ်ရေးစီမံကိန်းတွင်လုပ်ငန်းစဉ်အလိုက် ပေါင်းစပ်ဆောင်ရွက်ကြမည့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ညနေပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက အကျိုးတူလယ်ယာစနစ် သီးသန့်စိုက်ပျိုးထုတ်လုပ်မှုနှင့် စပ်လျဉ်း၍ နိုင်ငံတော်က လမ်းညွှန်ထားသည့် အကျိုးတူကန်ထရိုက်လယ်ယာ (Contract Farming) စနစ်ဖြင့် နွေစပါး ဧက ၈ ဒသမ ၅ သိန်း၊ ဆောင်းပဲတီစိမ်း ဧက ၄သိန်း စိုက်ပျိုးထုတ်လုပ်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်ထောင်စုဝန်ကြီးဌာနများအကြား ပေါင်းစပ်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ တောင်သူများလက်ဝယ်သို့ သွင်းအားစုများ တိုက်ရိုက်ရောက်ရှိပြီး ထွက်ကုန်များအတွက် ဈေးကွက်နှင့် ဝင်ငွေခိုင်မာစွာရရှိစေရေး အကျိုးတူလယ်ယာလုပ်ငန်းအစီအမံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက အကျိုးတူလယ်ယာစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်မည့် နွေစပါး၊ ပဲတီစိမ်းသီးနှံ ပုံစံများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ပြောင်းနှင့်နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံမြေသြဇာ၊မျိုးစေ့နှင့်စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် သမဝါယမအသင်းများအပါအဝင် ပူးပေါင်းပါဝင်ဆောင်ရွက်မည့်အဖွဲ့အစည်းများ၏ လုပ်ငန်းစဉ်အလိုက် ညှိနှိုင်းဆောင်ရွက်ထားပြီးဖြစ်သည့် အကျိုးတူလယ်ယာစနစ်ဖြင့် သီးနှံများစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးက အကျိုးတူလယ်ယာ(Contract Farming)စနစ်ဖြင့် ဆောင်ရွက်မည့် ဝန်ဆောင်မှုဆိုင်ရာနည်းလမ်းများကိုလည်းကောင်း၊ စိုက်ပျိုးထွက်ရှိလာမည့်သီးနှံများကို ဈေးကွက်တင်ပို့ ရောင်းချခြင်းဆိုင်ရာကိစ္စရပ်များတွင်ပါဝင်ဆောင်ရွက်ကြမည့် ဝန်ကြီးဌာနအသီးသီး၏ အခန်းကဏ္ဍများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

အစည်းအဝေးတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အကျိုးတူလယ်ယာစနစ်ဖြင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေးစီမံကိန်းလုပ်ငန်းအတွက်အသုံးပြုမည့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကို အကျိုးရှိထိရောက်စွာသုံးစွဲနိုင်ရန် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က လယ်ယာကဏ္ဍတွင် သွင်းအားစုများ အကျိုးရှိထိရောက်စွာအသုံးပြုနိုင်ခြင်းဖြင့် သီးထပ်စွမ်းအားနှင့် သီးနှံအထွက်နှုန်းတိုးတက်လာပြီး ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေတိုးတက်လာမည်ဖြစ်၍ စီမံကိန်းလုပ်ငန်းများ ရည်မှန်းချက်ပြည့်မီစွာအကောင်အထည်ဖော်နိုင်ရေး လိုအပ်ချက်များကိုလည်းကောင်း၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ကျေးလက်နေပြည်သူများကို လယ်ယာကုန်ထုတ်သမဝါယမအသင်းအဖွဲ့များ တိုးချဲ့ဖွဲ့စည်းပေးပြီး သီးနှံမျိုးကောင်းမျိုးသန့်အသုံးပြုရေး သွင်းအားစုမှန်ကန်ရေးနှင့် အရည်အသွေးကောင်းထုတ်ကုန်များထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးခြင်းဖြင့် ရေရှည်တွင် ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက နိုင်ငံတကာဈေးကွက်သို့တင်ပို့ရောင်းချမည့် လယ်ယာထွက်ကုန်သီးနှံများ အရည်အသွေးပြည့်မီရေး၊ ဈေးကွက်အာမခံချက်နှင့်အကျိုးအမြတ်ရရှိရေးအတွက် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်တွင် ပါဝင်ပတ်သက်သောလုပ်ငန်းများ အချိတ်အဆက်မိမိဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ဒုတိယဝန်ကြီးများနှင့် အစည်းအဝေး တက်ရောက်လာကြသူများက အကျိုးတူစီမံကိန်းလုပ်ငန်း ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားမည့်အစီအမံများ၊ ရန်ပုံငွေလေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် ချေးငွေများအပြည့်အဝပြန်လည်ရရှိပြီး နောက်ရာသီများတွင် ဆက်လက်အကောင်အထည်ဖော်နိုင်သဖြင့် ဘက်စုံကဏ္ဍစုံ ရေရှည်အကျိုးဖြစ်ထွန်းစေရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နယ်စပ်ကုန်သွယ်ရေးတွင် ပို့ကုန်၊သွင်းကုန်ပစ္စည်းများ တင်သွင်းမှုများကို ဘဏ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုသွားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ကုန်သွယ်ရေးဦးစီးဌာန**
**ပို့ကုန်၊သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ**
**သတင်းလွှာ(၁၀/ ၂၀၂၂)**

**ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ရက်**

အကြောင်းအရာ။ **နယ်စပ်ကုန်သွယ်ရေးတွင် သွင်းကုန်လုပ်ငန်းများအား ဘဏ်စနစ်အသုံးပြုပြီး ငွေပေးချေဆောင်ရွက်ရန် ကိစ္စထုတ်ပြန်ခြင်း**

၁။ ဘဏ္ဍာရေးဆိုင်ရာ စောင့်ကြည့်အဖွဲ့ (Financial Action Task Force- FATE) ၏ အစီရင်ခံစာအပေါ် လိုက်နာအကောင်အထည်ဖော်မှု ပိုမိုအားကောင်းစေရေးအတွက်လည်းကောင်း၊ နယ်စပ်ကုန်သွယ်ရေး၌ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘဏ်စနစ်ကိုအသုံးပြုပြီး ငွေပေးချေမှုစနစ်တကျရှိစေရေးအတွက်လည်းကောင်း နယ်စပ်ကုန်သွယ်ရေးမှ သွင်းကုန်ပစ္စည်းများတင်သွင်းမှုကို ဘဏ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်သည်။

၂။ ဤသို့ဆောင်ရွက်ရာတွင် သွင်းကုန်ပစ္စည်းများတင်သွင်းမှုအတွက် တစ်ဖက်နိုင်ငံသို့ ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့်ဝင်ငွေနှင့် တစ်ဖက်နိုင်ငံရှိ မြန်မာနိုင်ငံသားများ၏ လစာနှင့် လုပ်ခလွှဲပို့ငွေအပါအဝင် အခြားဝင်ငွေများကို အသုံးပြုတင်သွင်းခွင့်ပြုမည်ဖြစ်သည်။ သွင်းကုန်တင်သွင်းသူများအနေဖြင့် အဆိုပါရငွေများကို အသုံးပြုကာ သက်ဆိုင်ရာဘဏ်များမှတစ်ဆင့် သွင်းကုန်အတွက် ငွေပေးချေမှုများကို ပေးချေဆောင်ရွက်ရမည်ဖြစ်သည်။ နယ်စပ်ကုန်သွယ်မှုကိစ္စရပ်များကို ဘဏ်စနစ်ဖြင့် ဆောင်ရွက်ရာတွင် ကနဦးအဆင့်အနေဖြင့် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးတွင် စတင်ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်သည်။

၃။ မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှုများဆောင်ရွက်ရာတွင် ကုန်စည်တင်သွင်းမှုများအတွက် အောက်ပါအတိုင်း စိစစ်ခွင့်ပြုပါမည်-

(က) သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် ကုမ္ပဏီများအနေဖြင့် မိမိ၏ဘဏ်ငွေစာရင်းသို့ ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့်ဝင်ငွေ သို့မဟုတ် အခြားဝင်ငွေဝင်ရောက်ကြောင်း သက်ဆိုင်ရာဘဏ်မှထုတ်ပေးသည့် အထောက်အထား (Credit Advice)နှင့် ဘဏ်ငွေစာရင်းရှင်းတမ်း (Bank Statement)မှုရင်းတို့ကိုပူးတွဲကာ ကုန်သွယ်ရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။

(ခ) ကုန်သွယ်ရေးဦးစီးဌာနသည် သွင်းကုန်တင်သွင်းလိုသည့် ကုမ္ပဏီကတင်ပြလာသော ပို့ကုန်မှ ရရှိသည့်ဝင်ငွေ သို့မဟုတ် အခြားဝင်ငွေ ဝင်ရောက်မှုပမာဏကိုစိစစ်၍ ဘဏ်ငွေစာရင်းလက်ကျန်ပမာဏထက်မကျော်လွန်ဘဲ သွင်းကုန်လိုင်စင်ကို ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်ပါသည်။

(ဂ) သွင်းကုန်လိုင်စင် လျှောက်ထားရန်မလိုသော ကုန်စည်တင်သွင်းမှုများအတွက် သွင်းကုန်ကြေညာလွှာ (Import Deciatation-ID)ဖွင့်လှစ်ရာ၌ ပို့ကုန်မှရရှိသည့်ဝင်ငွေ သို့မဟုတ် အခြားဝင်ငွေ ဝင်ရောက်မှုကို သက်ဆိုင်ရာဘဏ်ကထုတ်ပေးသည့် အထောက်အထား (Credit Advice)နှင့် ဘဏ်ငွေစာရင်းရှင်းတမ်း (Bank Statement)မူရင်းတို့ကို ပူးတွဲကာ အကောက်ခွန်ဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။

၄။ သွင်းကုန်တင်သွင်းမှုများအတွက် ပို့ကုန်မှရရှိသည့်ဝင်ငွေ သို့မဟုတ် အခြားဝင်ငွေဝင်ရောက်မှုများကိုအခြေခံ၍ တင်သွင်းခွင့်ပြုမည့် အစီအစဉ်ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် စတင်ဆောင်ရွက်မည်ဖြစ်သည်။ ဤသို့ဆောင်ရွက်ရာတွင် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၁ ရက်ထိ ကာလအတွင်း လျှောက်ထားပြီးဖြစ်သည့် သွင်းကုန်လိုင်စင်လျှောက်ထားမှုများ အကျုံးဝင်ခြင်းမရှိပါ။ အဆိုပါနေ့ရက်မရောက်မီ ထုတ်ပေးပြီးဖြစ်သည့် သွင်းကုန်လိုင်စင်များဖြင့် ကုန်ပစ္စည်းတင်သွင်းမှုများကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃၀ ရက်မတိုင်မီ ပြီးပြတ်အောင် တင်သွင်းကြရန်နှင့် အဆိုပါသတ်မှတ်ကာလအတွင်း တင်သွင်းနိုင်ခြင်းမရှိပါက သွင်းကုန်လိုင်စင်ပျက်ပြယ်မည်ဖြစ်ပါသည်။

၅။ ထိုသို့ တင်သွင်းခွင့်ပြုရာတွင် ပို့ကုန်မှရရှိသည့်ဝင်ငွေနှင့် အခြားဝင်ငွေ ဝင်ရောက်မှုများနှင့်ပတ်သက်၍ ၂၀၂၂ ခုနှစ် ဧပြီ ၁ရက်နောက်ပိုင်း ဝင်ရောက်သည့် ဝင်ငွေကိုသာ အသုံးပြုဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပါသည်။

၆။ မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးတွင် ပို့ကုန်တင်ပို့သည့်ကုမ္ပဏီသည် ရရှိသည့်ပို့ကုန်ဝင်ငွေကို မိမိကိုယ်တိုင်သွင်းကုန်တင်သွင်းခြင်းကိုဖြစ်စေ၊ အခြားကုမ္ပဏီတစ်ခုခုသို့ လွှဲပြောင်းပေး၍ သွင်းကုန်တင်သွင်းခြင်းကိုဖြစ်စေဆောင်ရွက်နိုင်သည်။ အဆိုပါပို့ကုန်မှရရှိသည့်ဝင်ငွေကို အသုံးပြု၍ သွင်းကုန်ပစ္စည်းတင်သွင်းရာတွင် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုခုမှ အခြားတစ်ခုခုသို့ လွှဲပြောင်းသုံးစွဲနိုင်သည်။

**ကုန်သွယ်ရေးဦးစီးဌာန**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို မိတ္ထီလာမြို့နယ်ရှိ လူမှုကူညီရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံ



**မန္တလေး နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုသည် တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါပြီး မိတ္ထီလာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်သည့် မိတ္ထီလာမြို့နယ်ရှိ လူမှုကူညီရေးအသင်းအဖွဲ့ ၂၀ နှင့် တွေ့ဆုံပွဲသို့ နိုဝင်ဘာ ၁ ရက် မွန်းလွဲပိုင်းကရောက်ရှိရာ လူမှုရေးအသင်းအဖွဲ့များမှတာဝန်ရှိသူများက ပြည်သူလူထုအကျိုးပြု လူမှုရေးလုပ်ငန်းများဆောင်ရွက်နေမှုများကို မိတ်ဆက်ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံက ကျရာအခန်းကဏ္ဍ၌ ပါဝင်ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကိုဗစ်ရောဂါဖြစ်ပွားမှုများ၊ သဘာဝဘေးအန္တရာယ် ကျရောက်မှုများကို ကြိုတင်ပြင်ဆင်မှု၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများဖြင့် အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နိုင်ငံရေးပါတီကင်းရှင်းပြီး အရောင်အသွေးမပါဘဲ စစ်မှန်သည့် ပရဟိတစိတ်ထားကာ အဖွဲ့အစည်းအကျိုးထက် လူမှုအကျိုးပြုလုပ်ငန်းများကို ကောင်းသည်ထက်ကောင်းအောင် တက်ညီလက်ညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လူမှုရေးအသင်းအဖွဲ့များအနေဖြင့် ဥပဒေဘောင်အတွင်း စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဒေသအကျိုး၊ ပြည်သူလူထုအကျိုးကို လက်တွဲညီညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူများလှူဒါန်းငွေများဖြင့် အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာ၌ ငွေကြေးစီမံခန့်ခွဲရာတွင် စာရင်းဇယားမှန်ကန်ပြီး အလေအလွင့်မရှိ သုံးစွဲရန်လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က လူမှုကူညီရေးအသင်းအဖွဲ့များက တင်ပြဆွေးနွေးမှုအများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ လူမှုရေးအသင်းအဖွဲ့ ၂၀ အတွက် ထောက်ပံ့ချီးမြှင့်ငွေကျပ်သိန်း ၆၀ ကိုပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိတ္ထီလာမြောက်ကန်သို့ သွားရောက်၍ ဝန်ဇင်းကန်ပေါင်တစ်လျှောက် လမ်းဘေးမြက်ခင်းများ ညီညာလှပအောင် ပြုပြင်ဆောင်ရွက်ခြင်း၊ ကန်ဘေးရှိ သစ်ပင်ကြီးများကို အလင်းဖွင့်ခြင်း၊ အများပြည်သူအတွက် ကိုယ်ကာယလေ့ကျင့်ကစားနိုင်ရန် အားကစားစက်ကိရိယာများ တပ်ဆင်ခြင်း၊ ထိုင်ခုံများထားရှိခြင်းတို့ကိုဆောင်ရွက်ရန်နှင့် မြို့နေလူထု စိတ်ချမ်းမြေ့စေရေး ကန်အတွင်းအပြင် သန့်ရှင်းသပ်ရပ်ရေးကို အလေးထားဆောင်ရွက်ရန် ဌာနဆိုင်ရာတာဝန်ရှိသူများကိုမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်မိသားစုက အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအတွက် စက်ဘီးအစီး ၃၀၀ လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုသည် တိုင်းဒေသကြီးဝန်ကြီးများဖြစ်သည့် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ သယံဇာတရေးရာဝန်ကြီး ဦးမျိုးအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ နိုဝင်ဘာ ၁ ရက်က မိတ္ထီလာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင်ပြုလုပ်သည့် မိတ္ထီလာခရိုင်အတွင်းရှိ အခြေခံပညာ ဆရာ၊ ဆရာမ ၅၆၉၁ ဦး အတွက် ကျောင်းစိမ်းဝတ်စုံများ ချီးမြှင့်ပေးအပ်ခြင်းအခမ်းအနားသို့ နံနက်ပိုင်းတွင် ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများက ဂုဏ်ပြုသီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုစကားပြောကြားပြီး မိတ္ထီလာမြို့နယ်ရှိ ဆရာ၊ ဆရာမ ၂၅၉၄ ဦး၊ မလှိုင်မြို့နယ်ရှိ ဆရာ၊ ဆရာမ ၁၄၉၉ ဦး၊ ဝမ်းတွင်းမြို့နယ်ရှိ ဆရာ၊ ဆရာမ ၁၅၉၈ ဦးတို့အတွက် ကျောင်းစိမ်းဝတ်စုံများနှင့် တက်ရောက်လာသည့် ဆရာ၊ ဆရာမများအတွက် ချီးမြှင့်ငွေကျပ် ၂၅ သိန်း၊ ဂုဏ်ပြုသီချင်း သီဆိုဖျော်ဖြေခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို တိုင်းဒေသကြီးဝန်ကြီးများက ချီးမြှင့်ငွေကျပ် ၂၄၀၀၀၀ တို့ကို ပေးအပ်ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပညာရေးဒီဂရီကောလိပ် ပညာပါရမီခန်းမတွင်ပြုလုပ်သည့် မိတ္ထီလာခရိုင်အတွင်းမှ တောင်သူဦးကြီးများကို တွေ့ဆုံခြင်းနှင့် အခြေခံပညာ ကျောင်းသား၊ ကျောင်းသူဦးရေ ၃၀၀ အတွက် စက်ဘီးများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားသို့ မွန်းလွဲပိုင်းတွင်ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးများက တာဝန်ယူဆောင်ရွက်နေသည့် ကဏ္ဍအလိုက် မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် တောင်သူများက လိုအပ်သည်များ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တက်ရောက်လာကြသည့် တောင်သူဦးကြီးများအတွက် ချီးမြှင့်ငွေကျပ် ၁၀ သိန်းနှင့် ကျေးရွာအုပ်စု ၃၈ အုပ်စုအတွက် ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူဖြစ်စေရန် ငွေကျပ် ၃၈ သိန်းကို ချီးမြှင့်ပေးအပ်သည်။




ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သွားလာရေး၌ အမှန်တကယ်လိုအပ်နေသည့် ကျောင်းသား၊ ကျောင်းသူများအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်မိသားစုက စက်ဘီးများပေးအပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မိတ္ထီလာမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူဦးရေ ၁၀၀၊ မလှိုင်မြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူဦးရေ ၁၀၀ နှင့် ဝမ်းတွင်းမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူဦးရေ ၁၀၀ တို့အတွက် စက်ဘီးအစီး ၃၀၀ ကို ပေးအပ်လှူဒါန်းကာ ကျောင်းသား၊ ကျောင်းသူများ၏ ဂုဏ်ပြုသီဆိုမှုများကို ကြည့်ရှုအားပေးပြီး ဝမ်းသာပျော်ရွှင်စွာဖြင့် စက်ဘီးများကိုယ်စီစီးနင်းသွားကြသည့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# "တူယှဉ်နွဲပျော်ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ Season-2 အုပ်စု(င) ပွဲစဉ် ၁၀ ကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်




**နေပြည်တော် နိုဝင်ဘာ ၂**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွဲပျော်ဂီတပွဲတော်" Season-2 သီချင်းဆိုပြိုင်ပွဲကို ပွဲစဉ် ၁၈ ပွဲဖြင့် စက်တင်ဘာ ၂ ရက်မှစတင်ပြီး အပတ်စဉ် သောကြာနေ့ညတိုင်း ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်ထိကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်များအဖြစ် ထပ်ဆင့်အကယ်ဒမီချိုပြုံး၊ စန္ဒရားမျိုးနိုင်နှင့် တေးသံရှင်ခိုင်ဝါတို့က ဆောင်ရွက်ကြမည်ဖြစ်ပြီး မြန်မာ့အသံတေးဂီတအဖွဲ့နှင့်တွဲဖက်၍ သရုပ်ဆောင်၊ တေးသံရှင်များဖြစ်ကြသည့် ဝေလျှံနှင့် သဥ္ဇာမြင့်မိုရ်တို့က အစီအစဉ်တင်ဆက်သူများအဖြစ် ဆောင်ရွက်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးချယ်ထားသည့်ပြိုင်ပွဲဝင် သုံးဦးစီဖြင့် စုစုပေါင်း ၄၅ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ပြိုင်ပွဲ၏ အုပ်စု(င) ပွဲစဉ် ၁၀ ကို နိုဝင်ဘာ ၄ ရက် သောကြာနေ့ညတွင် ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ရခိုင်ပြည်နယ်မှ မျိုးဆက်နွယ်၊ ချင်းပြည်နယ်မှ သူဇာမြင့်မိုရ်၊ ကယားပြည်နယ်မှ ရတနာဝင်းမြ၊ ကချင်ပြည်နယ်မှ မေဇီ၊ မွန်ပြည်နယ်မှ ရွှေစင်ကြယ်၊ တနင်္သာရီတိုင်းဒေသကြီးမှ ခင်ပြည့်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြည့်ဖြိုးအောင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ရေဂျီနာနှင့် ရှမ်းပြည်နယ်မှ ဖြိုးပြည့်ပြည့်မောင် စုစုပေါင်းပြိုင်ပွဲဝင် ကိုးဦးတို့၏ စိတ်ကြိုက်တေးသီချင်းများဖြင့် သီဆိုယှဉ်ပြိုင်ကြပုံများကို ယင်းနေ့ည ၈ နာရီ သတင်းများအပြီးတွင် MRTV-HD မှ တိုက်ရိုက် Live ထုတ်လွှင့်သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့တင်ဆက်မှုကို နိုဝင်ဘာ ၆ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခန့်တွင် ပြန်လည်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သုတဝေဖြာသိရိဂေဟာမိသားစုပြိုင်ပွဲ အသိပညာမျှဝေမှုအစီအစဉ် လူရွှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်




**နေပြည်တော် နိုဝင်ဘာ ၂**

သုတဝေဖြာသိရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ်(Family Quiz) ပွဲစဉ် ၉၀ ကို နိုဝင်ဘာ ၄ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။ အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ စိုးရန်အောင်နှင့် ဖြူဖြူခိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို နိုဝင်ဘာ ၄၊ ၅ နှင့် ၆ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ (၃၂)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ



အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ (၃၂)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂**

အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၏ (၃၂)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မဟာဗောဓာရုံကျောင်းဆရာတော် ဘဒ္ဒန္တနာရဒနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ မြို့မပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တကလျာဏအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မဟာဗောဓာရုံကျောင်းဆရာတော်ထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များကို ကထိန်လျာသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မြို့မပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ ကထိန်အနုမောဒနာတရား နာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တန့်ယန်းတပ်နယ်မှ နယ်မြေခံတပ်မတော်သားများက တန့်ယန်းမြို့ရှိ ဆင်များရှင်တောရတပ်ဦးကျောင်းတိုက်၌ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

## ကျိုင်းတုံမြို့၏ အကြိမ် ၅၀ မြောက် မြို့လုံးကျွတ်စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၏ အကြိမ် ၅၀ မြောက် မြို့လုံးကျွတ်စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါမြို့ရှိ သာသနာ့ဗိမာန်တော်၌ ကျင်းပရာ ကျိုင်းတုံမြို့ ကျိုင်းယင်းကျောင်းတိုက်ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရနှင့် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဝတ်အင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဂမ္ဘီရအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ ရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံသရာအေးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောသလ္လထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ထို့နောက် တိုင်းမှူးနှင့် အလှူရှင်များက သံဃာတော်များကို ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သာသနာ့ဝေပုလ္လ ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိဇယထံမှ ကထိန်အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် တိုင်းမှူးနှင့်အလှူရှင်များက ဆရာတော်၊သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



ဆရာတော်ထံ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင် ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။

## တောင်ငူမြို့ရှိ ရတနာဂုဏ်မြင့်ဘုန်းတော်ကြီးကျောင်း၏ စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ



တောင်ငူမြို့ရှိ ရတနာဂုဏ်မြင့်ဘုန်းတော်ကြီးကျောင်း၏ စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ ရတနာဂုဏ်မြင့်ဘုန်းတော်ကြီးကျောင်း၏ စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့တွင် အဆိုပါကျောင်းတိုက်၌ကျင်းပရာ ရတနာဂုဏ်မြင့်ဘုန်းတော်ကြီးကျောင်း ဦးစီးပဓာနနာယက ရွှေလင်းယုန်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအရဝိန္ဒာဘိဝံသအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် တာဝန်ရှိသူများ၊ ကထိန်အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ရွှေလင်းယုန်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက သံဃာတော်များကို ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရွှေလင်းယုန်ဆရာတော်ထံမှ ကထိန်အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် တိုင်းမှူးနှင့် အလှူရှင်များသည် သိမ်ဆင်းသံဃာတော်များကို ပစ္စည်းလေးပါးလှူဖွယ်ဝတ္ထုများ လောင်းလှူပူဇော်ကြပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

## နိုဝင်ဘာ ၂ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃၂ ဦးတွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၁၉၂၉ ဦး |
| သေဆုံးသူ | ၁၉၄၈၃ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၆၀၂၂ ဦး |

**နေပြည်တော် နိုဝင်ဘာ ၂**

နိုဝင်ဘာ ၁ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၉၇၀၄ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃၂ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# နမ့်စန်မြို့နှင့် ရခိုင်ပြည်နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို တွေ့ဆုံ


အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။


အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များက အဆိုပါမြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆန်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

အလားတူ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့်အဖွဲ့ဝင်များက ရခိုင်ပြည်နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် စစ်တွေမြို့ရှိ အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာတွင်နေထိုင်လျက်ရှိသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို သက်ဆိုင်ရာနေရာများ၌ အသီးသီးသွားရောက်တွေ့ဆုံအမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် နယ်မြေခံဆေးအဖွဲ့များက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ

**နေပြည်တော် နိုဝင်ဘာ ၂**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေးအထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံတပ်မတော်သားများက တန်ဖိုးသင့်ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးလျက်ရှိရာ နိုဝင်ဘာ ၁ ရက်နှင့် ယနေ့တို့တွင် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် လေးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၊ ဘုတ်ပြင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ရခိုင်ပြည်နယ်


မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ဒေသခံပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးစဉ်။


ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ဒေသခံပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးစဉ်။

စစ်တွေမြို့၊ အမ်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်၊ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၊ ချင်းပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွပ်ဘူးများစသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၂**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌


ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးစဉ်။

ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၄၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၄၀၄ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၇၆၄ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၂၅၁၃ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဒေသခံပြည်သူဦးရေ ၁၁၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၃၉၇၈ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ကျောင်းသား၊ ကျောင်းသူ ၁၀၆ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ရခိုင်ပြည်နယ် အမ်းမြို့နှင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်၊ကျောက်ပန်းတောင်းမြို့နယ်တို့၌ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများ လက်ဝယ်အရောက်အခမဲ့ ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး CITIC Consortium Myanmar Port Investment Limited ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် CITIC Consortium Myanmar Port Investment Limited ဒုတိယဥက္ကဋ္ဌ Mr. Frank Ma Chuanfu ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျောက်ဖြူ အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး CITIC Consortium Myanmar Port Investment Limited ဒုတိယဥက္ကဋ္ဌ Mr. Frank Ma Chuanfu ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မုံရွာ နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၁ ရက်နံနက်ပိုင်းက ခန္တီးမြို့နယ် လောင်ပကျေးရွာခန်းမတွင် ကျင်းပသော အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ လောင်ပကျေးရွာရှိ အိမ်ထောင်စုများကို အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ရခြင်းနှင့် ဒေသခံတောင်သူများ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ကုန်းမြင့်လယ်ယာမြေဧက ၂၀၀ ဖော်ထုတ်ပေးမည့် အစီအစဉ်တို့ကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လောင်ပကျေးရွာရှိ ကလေးငယ်များနှင့်အိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန်များနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ဒေသခံတိုင်းရင်းသားများအတွက် ပိုးသတ်ဆေးနှင့် ပျိုးပင်များကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ထောက်ပံ့ပေးအပ်ပွဲအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် လောင်ပကျေးရွာ သာသနာ့ဟိတသုခဘုန်းတော်ကြီးကျောင်း ဆရာတော်ထံသွားရောက်ပြီးလှူဖွယ်ပစ္စည်းများနှင့် ကံ့ကော်ဘုရားဆင်းတုများတည်ထားကိုးကွယ်ရန် ဝတ္ထုငွေကျပ် ၁၂ သိန်းကို ဆက်ကပ်လှူဒါန်းသည်။

ထို့ပြင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကုန်းမြင့်လယ်ယာမြေဧက ၂၀၀ ဖော်ထုတ်မည့်မြေနေရာကိုလည်းကောင်း၊ ဆင်သေ-လက်ဖက်ခင်း-ကချင်-ကင်းတော် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်ကိုလည်းကောင်း၊ ခန္တီး-ဖားလမုန်း-တာမခံ-ညောင်ပင်ကားလမ်းပေါ်၌ သံကူကွန်ကရစ်တံတား သုံးစင်းနှင့် သံကူကွန်ကရစ် Box culvert ၁၀ စင်းဆောင်ရွက်မည့် လုပ်ငန်းခွင်သို့လည်းကောင်း၊ ခန္တီးမြို့ ရေပေးဝေရေးစက်ရုံသို့ လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။



ယင်းနောက် ခန္တီးအကျဉ်းဦးစီးဌာန အစည်းအဝေးခန်းမ၌ အရာထမ်း၊ အမှုထမ်း၊ မိသားစုဝင်များနှင့်တွေ့ဆုံ၍ ရင်းရင်းနှီးနှီး အားပေးနှုတ်ဆက်စကားပြောကြားပြီး အရာထမ်း၊ အမှုထမ်း၊ မိသားစုဝင်များအတွက် ငွေကျပ် ၁၀ သိန်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၄၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၇၅ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၄၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၇၅ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၂ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်အဝိုင်းအနီး ရန်ကုန်-မန္တလေးသွားကားလမ်းတွင် မျိုးမြင့်မောင်(ခ)ဖိုးသား မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၄၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၇၅ သိန်းနှင့် မြန်မာငွေကျပ် ၁၀ သိန်းတို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ မွန်းလွဲ ၂ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် မျိုးညွန့်အောင်(ခ)အငယ်ချောကို ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက် ၅၆လမ်း၊ လမ်း ၁၃၀ ထောင့်တွင်လည်းကောင်း၊ ည ၇ နာရီခွဲတွင် ကျော်ကျော်ဝင်း(ခ) ဦးကျော်အား ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက် တံခွန်တိုင်အဝိုင်းအနီးတွင် မော်တော်ဆိုင်ကယ်တစ်စီးနှင့်လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့ပြီး စိတ်ကြွရူးသွပ်ဆေးပြားများကို မန္တလေးတိုင်းဒေသကြီးမှ ရခိုင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။



**(သတင်းစဉ်)**

☆ **ကျောဖုံးမှအဆက်**

အဆိုပါဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

တတိယလုပွဲအဖြစ် တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲချိန်အတွင်း သရေရလဒ်ထွက်ပေါ်ခဲ့သည့်အတွက် ပင်နယ်တီအဆုံးအဖြတ်ကစားခဲ့ရာ တနင်္သာရီတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ခြောက်ဂိုး ငါးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး တတိယဆု ရရှိခဲ့ခြင်းဖြစ်သည်။

၂၀၂၂ ပြည်နယ်နှင့်တိုင်းဒေသကြီးအသက် ၁၆နှစ်အောက်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် နိုဝင်ဘာ ၃ရက် ညနေ ၃နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် မကွေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ဗိုလ်လုပွဲစဉ်အပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကာ ဗိုလ်လုပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများကို MRTV HD Channel နှင့် MRTV Sports Channel တို့မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

STA

## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

❖ နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေး ဆိုင်ရာ ဆိုးကျိုးများစွာခံစားရစေပါသည်။

❖ ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

# ပါကစ္စတန် ရေဘေးဖြစ်စဉ်ကို လေ့လာကြည့်ရာတွင်

ဝင်းဇင်(သုတေသန)



ပါကစ္စတန်အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့(NDMA)ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး အက်ခါတာနဝပ်ဇ်သည် သမိုင်းတစ်လျှောက်ကြီးမားသော ရေဘေးအန္တရာယ်မကျရောက်မီ သီတင်းပတ်အနည်းငယ်ခန့်အလိုတွင် ဘာလီမြို့၌ကျင်းပပြုလုပ်ခဲ့သော သဘာဝဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ (၇)ကြိမ်မြောက်ကမ္ဘာ့ညီလာခံသို့ တက်ရောက်မိန့်ခွန်းပြောကြားခဲ့သေးသည်။ ထိုသို့မိန့်ခွန်းပြောကြားစဉ် ပါကစ္စတန်အနေဖြင့် ၂၀၀၅ ခုနှစ် ကက်ရှ်မီးယားမြေငလျင်နှင့် အကြိမ်ကြိမ်ကြုံတွေ့ခံစားခဲ့ရသော ရေကြီးမှုများဖြစ်ပေါ်ခဲ့ပြီးနောက် သဘာဝဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာစွမ်းဆောင်ရည်များ ဖြည့်ဆည်းထားပြီးဖြစ်ကြောင်း နဝပ်ဇ်က ပြောကြားသွားခဲ့သည်။

NDMA ဥက္ကဋ္ဌ၏ပြောကြားချက်တွင် အမျိုးသားရေးမူဘောင်များ၊ မူဝါဒများ၊ အစီအမံများ၊ လမ်းညွှန်ချက်များ၊ ဘေးအန္တရာယ်ဆန်းစစ်ချက်များအပြင် အရေးပေါ် အိမ်သုံးပစ္စည်းများနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာကြိုတင်ပြင်ဆင်ထားရှိမှုများပါဝင်ပြီး ယခင်အတွေ့အကြုံများကို အခြေခံလျက် အဆိုပါကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်ထားခြင်းဖြစ်ကြောင်း နဝပ်ဇ်က ထပ်လောင်းပြောကြားသွားသည်။

သို့သော် မိုးစတင်ရွာသွန်းသည့် ဇွန်လမှ စက်တင်ဘာလထိ ကျေးရွာများ ရေလွှမ်းမိုးခံခဲ့ရသည်။ တိုင်းပြည်အတွင်း အုပ်ချုပ်ပုံပိုင်းဆိုင်ရာများ ကြိုတင်ပြင်ဆင်ထားရှိမှုသည် များစွာအားနည်းခဲ့သည်။ ထို့ကြောင့် ပါကစ္စတန်နိုင်ငံတွင် အနည်းဆုံးနှစ်လခန့် ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရသည်။ တိုင်းပြည်၏ ကြိုတင်ပြင်ဆင်မှုအားနည်းချက်များကြောင့် လက်ရှိအချိန်ထိ ရေဘေးဆိုင်ရာ နောက်ဆက်တွဲဆိုးကျိုးများကို ရင်ဆိုင်ကြုံတွေ့ခံစားရလျက်ရှိသည်။

**ပျက်စီးဆုံးရှုံးမှုကာလ**

အစိုးရသည် ယခုနှစ် ရေလွှမ်းမိုးမှုကို အမျိုးသားအရေးပေါ်အခြေအနေအဖြစ်ကြေညာကာ ကိုင်တွယ်ဖြေရှင်းသော်လည်း များစွာအချိန်နှောင်းခဲ့သည်။ ထိုအချိန်တွင် ပြည်သူသန်းပေါင်းများစွာသည် ရေဘေးခံစားနေရပြီး လူဦးရေ ၂၀၀၀ ကျော် သေဆုံးခဲ့ပြီးဖြစ်သည်။ တံတားပေါင်းများစွာ ကျိုးကျခဲ့ပြီး ကီလိုပေါင်းများစွာရှည်လျားသောကားလမ်းများမှာလည်း ရေနောက်မျောပါသွားခဲ့ပြီးဖြစ်သောကြောင့် ပြည်သူသန်းပေါင်းများစွာသည် ပံ့ပိုးကူညီမှုရရှိရန် မဖြစ်နိုင်သည့်အခြေအနေသို့ ရောက်ရှိသွားခဲ့သည်။

ပရဟိတအဖွဲ့အစည်းများသည် ရေဘေးသင့်ကျေးရွာများသို့ ရောက်ရှိရန်အခက်အခဲများစွာကို ကျော်ဖြတ်ခဲ့ရသည်။ ရေဘေးသင့်ကျေးရွာများရှိ မိသားစုများသည် ပိုင်ဆိုင်မှုအားလုံးဆုံးရှုံးခဲ့ရသည်။ အဆိုးရွားဆုံးအချက်မှာ ကျေးရွာများသည် လျှပ်စစ်မီးနှင့် သတင်းအချက်အလက်မရရှိသောကြောင့် ရေဘေးအန္တရာယ်ကြိုတင်သတိပေးချက်များမရရှိခဲ့ခြင်းပင်ဖြစ်သည်။ ပြည်သူများသည် နေအိမ်များအတွင်း ရေများဝင်ရောက်လာချိန်မှသာ အလျင်စလိုရှောင်တိမ်းကြရသည်။ သို့သော် ရေဘေးသင့်ပြည်သူများသည် ခိုလှုံရန်နေရာမရှိဘဲ မိုးရေထဲတွင်သာ အမိုးအကာမဲ့နေခဲ့ကြရသည်။

ရေလွှမ်းမိုးမှုနှင့်စပ်လျဉ်း၍ ဇွန်လနောက်ဆုံးပတ်ခန့်တွင် NDMA က အစီရင်ခံစာထုတ်ပြန်ခဲ့ရာ၌ ပြည်သူများစွာအသက်ဆုံးရှုံးခဲ့ရပြီး အိမ်ပေါင်းများစွာ ပျက်စီးဆုံးရှုံးခဲ့ပြီးဖြစ်ကြောင်း၊ လမ်း၊ တံတားများစွာ ပြိုကျပျက်စီးခဲ့သဖြင့် နိုင်ငံတစ်ဝန်းရှိ ရေဘေးသင့်ကျေးရွာများသို့သွားလာရန် ခက်ခဲနေကြောင်းနှင့် ပျက်စီးဆုံးရှုံးမှုများ ထပ်မံဖြစ်ပေါ်နိုင်ကြောင်း ဖော်ပြထားသည်။

NDMA အစီရင်ခံစာအရ တစ်လအတွင်း လူဦးရေ ၃၀၀ ကျော်သေဆုံးခဲ့သည်။ အဆင်းရဲဆုံးနေရာဖြစ်သည့် ဘလူချီစတန်ပြည်နယ်၌ လူ ၁၀ ဦးလျှင် သုံးဦးနှုန်းသေဆုံးခဲ့ပြီး ဆင်းဒ်ပြည်နယ်တွင် လူ ၁၀ ဦးလျှင် နှစ်ဦးနှုန်း သေဆုံးခဲ့သည်။ လူထောင်ပေါင်းများစွာသည် နေ့စဉ်ရွာသွန်းလျက်ရှိသော မိုးရေထဲတွင် အမိုး၊ အကာမရှိဘဲ ဖြတ်သန်းခဲ့ကြရသည်။ တိုင်းပြည်အတွင်းရှိ အဓိကမြစ်ကြီးခြောက်စင်းတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သဖြင့် ပျက်စီးဆုံးရှုံးမှုများသည် မျှော်မှန်းထားသည်ထက် ပိုမိုလာခဲ့သည်။ မူလကတည်းက ဆင်းရဲတွင်းနက်နေသော ပါကစ္စတန်ပြည်သူများသည် ရေလွှမ်းမိုးမှုဒဏ်ကို ပိုမိုခံစားခဲ့ကြရသည်။

ဩဂုတ်လတွင် လမ်းအရှည် ကီလိုမီတာ ၃၀၀၀ ခန့်နှင့် ရာပေါင်းများစွာသောတံတားများသည် ရေအောက်နစ်မြုပ်မျောပါသွားခဲ့သည်။ အိမ်ခြေ ၄၀၀၀၀ ကျော် ရေနစ်မြုပ်သွားခဲ့သည်။ လက်ရှိအချိန်တွင် လမ်းအရှည် ကီလိုမီတာ ၁၃၀၀၀ ခန့် ပျက်စီးခဲ့ပြီး ပြည်သူနှစ်သန်းကျော် ရေဘေးကြုံတွေ့နေရကာ ၂၀၀၀ ကျော် သေဆုံးခဲ့ပြီဖြစ်သည်။ တိုင်းပြည်ဧရိယာ သုံးပုံ၊ တစ်ပုံခန့်သည် ရေအောက်နစ်မြုပ်သွားပြီး လက်ရှိအချိန်တွင် ရေနှင့်ဆက်စပ်သောရောဂါများဖြစ်ပွားလျက်ရှိသဖြင့် အခြေအနေပိုမိုဆိုးရွားလာနေပြီဖြစ်သည်။

**အတိတ်ကအတွေ့အကြုံများကို လျစ်လျူရှုခဲ့ခြင်း**

သေကျေထိခိုက်ပျက်စီးဆုံးရှုံးမှုများစွာဖြစ်ပွားခဲ့သော်လည်း ပါကစ္စတန်နိုင်ငံနှင့် ကမ္ဘာကြီးသည် အချိန်တိုအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခက်အခဲများ မေ့လျော့သွားမည်ကို ဘေးဒဏ်သင့်ပြည်သူများက စိုးရိမ်ပူပန်ရလျက်ရှိသည်။ အကြောင်းမူကား ယခင်ကလည်း အလားတူဘေးအန္တရာယ်များ ကြုံတွေ့ခဲ့ရသည်။ အစိုးရ၏အချက်အလက်များအရ ၁၉၅၀ ပြည့်နှစ်ကတည်းက ပါကစ္စတန်နိုင်ငံသည် ရေဘေးအကြိမ်ကြိမ်ကြုံတွေ့ခဲ့ဖူးသည်။ ၂၀၀၅ ခုနှစ် မြေငလျင်၊ ၂၀၁၀၊ ၂၀၁၁ နှင့် ၂၀၁၂ ခုနှစ် ရေဘေးများအပါအဝင် သဘာဝဘေးအန္တရာယ်များကြောင့် လွန်ခဲ့သော ၁၇ နှစ်တာကာလသည် ပါကစ္စတန်အတွက် အခက်အခဲဆုံးကာလများပင်ဖြစ်သည်။

၂၀၁၀ ပြည့်နှစ် ရေဘေးကြုံတွေ့ခဲ့ရပြီးနောက် ပါကစ္စတန်အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများစွာသည် တိုင်းပြည်အတွင်းကြုံတွေ့ခဲ့ရသည့်သဘာဝဘေးများနှင့်ပျက်စီးဆုံးရှုံးမှုများကို လေ့လာပြီးနောက် အစီရင်ခံစာများထုတ်ပြန်ခဲ့သည်။ ထိုအချိန်မှစ၍ ဗဟိုအဆင့် NDMA နှင့် ပြည်နယ်အသီးသီးတွင် ပြည်နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့(PDMA)များ ဖွဲ့စည်းခဲ့သည်။ ထို့နောက် ဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ မူဝါဒများစွာချမှတ်ခဲ့သည်။ သာဓကအနေဖြင့် ၂၀၁၃ ခုနှစ်တွင် အမျိုးသားသဘာဝဘေးလျှော့ချရေးမူဝါဒချမှတ်ခဲ့ပြီး ၎င်းမူဝါဒသည် ဘေးအန္တရာယ်နှင့်ဆုံးရှုံးမှုများလျှော့ချရေးကိုအလေးထားဖော်ပြထားသည်။ ထို့ပြင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် ၂၀၁၇ ခုနှစ်တွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဝန်ကြီးဌာနကို ဖွဲ့စည်းခဲ့သည်။

ကမ္ဘာ့ဘေးအန္တရာယ်ဖြစ်ပွားမှု ညွှန်းကိန်းအရ ပါကစ္စတန်သည် ဘေးအန္တရာယ်ဖြစ်ပွားမှုအမြင့်ဆုံး ၁၀ နိုင်ငံစာရင်းတွင် ပါဝင်နေသော်လည်း အရေးပေါ်အခြေအနေကိုင်တွယ်ဖြေရှင်းသည့် အင်စတီကျူးရှင်းများ၊ မူဝါဒများ၊ အစီအမံများနှင့် မဟာဗျူဟာများသည် စာရွက်ပေါ်တွင်သာ အလုပ်လုပ်နေခဲ့ကြသည်။ လက်တွေ့တွင်မူ ပါကစ္စတန်နိုင်ငံသည် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကို မည်သည့်အခါကမျှအလေးထားဆောင်ရွက်ခဲ့ခြင်းမရှိပေ။ ဘေးအန္တရာယ်စီမံခန့်ခွဲသည့် အင်စတီကျူးရှင်းများ၏စွမ်းဆောင်ရည်မြှင့်တင်မှုကိုလည်း တစ်ကြိမ်တစ်ခါမျှလုပ်ဆောင်ခဲ့ခြင်းမရှိပေ။

နိုင်ငံရေးလုပ်ဆောင်နေသူများကလည်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ စိတ်ပါဝင်စားမှုတစ်စုံတစ်ရာမျှဖော်ပြခဲ့ခြင်းမရှိပေ။ တိုင်းပြည်အတွင်း အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများ တိုးတက်လာမှုသည် နိုင်ငံရေးအကျိုးအမြတ်နှင့် တိုက်ရိုက်သက်ဆိုင်လျက်ရှိသည်။ တိုင်းပြည်တိုးတက်ရေး ဖော်ဆောင်နိုင်စွမ်းမရှိသူများကို ဆန္ဒမဲပေးနေခြင်းသည် အဟောသိကံပင်ဖြစ်သည်။



ထို့ပြင် နည်းပညာစွမ်းဆောင်ရည်များ လိုအပ်နေခြင်းသည်လည်း ပြဿနာများစွာအနက်မှတစ်ခုပင်ဖြစ်သည်။ နိုင်ငံရေးအကျိုးအမြတ်မရှိသောကြောင့် ဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့်စပ်လျဉ်း၍ ပြောဆိုရေးသား၊ တောင်းဆိုမှုများမရှိခဲ့ပေ။ မီဒီယာများကပင်လျှင် ရေးသားထုတ်ဝေပညာပေးခြင်းမျိုးမရှိခဲ့ပေ။ သာဓကအနေဖြင့် သဘာဝဘေးအန္တရာယ်မကျရောက်သေးလျှင် မည်သည့်မီဒီယာကမျှ ရေးသားပြောဆိုထုတ်ဝေခြင်းမျိုး လုပ်ဆောင်လေ့မရှိကြပေ။ ရေလွှမ်းမိုးပြီးချိန်မှသာလျှင် ဘေးအန္တရာယ်စီမံခန့်ခွဲရေးလုပ်ငန်းစတင်လေ့ရှိသည်။ ထို့ကြောင့် ရေမြေအနေအထားအမျိုးမျိုးရှိသော ပါကစ္စတန်တွင် အနာဂတ်၌ပျက်စီးဆုံးရှုံးမှုများလျှော့ချနိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများအပြင် သုတေသနနှင့်မူဝါဒများကိုအလေးထားချမှတ်ဆောင်ရွက်သွားရန် လိုအပ်နေပြီဖြစ်သည်။ အထူးသဖြင့် ဘေးအန္တရာယ်ခံအခြေခံအဆောက်အအုံများသည် ဘေးအန္တရာယ်လျှော့ချရေးအတွက် များစွာအရေးပါလျက်ရှိသည်။

**ရာသီဥတုပြောင်းလဲမှုနှင့် ကိုင်တွယ်ဖြေရှင်းမှု**

ကမ္ဘာ့ဘဏ်၏အစီရင်ခံစာအရ ပါကစ္စတန်နိုင်ငံသည် လာမည့် ၁၀ စုနှစ်များအတွင်း မြစ်ရေကြီးမှုများနှင့် ကမ်းခြေဒေသများတွင် ရေကြီးရေလျှံမှုများပိုမိုဖြစ်ပွားမည်ဟုဆိုသည်။ ပါကစ္စတန်တွင် ကြုံတွေ့ခဲ့ရသောသဘာဝဘေးအန္တရာယ်များအရ ကာဗွန်ထုတ်လွှတ်မှုများပြားသည့် ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နောက်ဆက်တွဲဆိုးကျိုးများအတွက် ပံ့ပိုးကူညီမှုများ ပိုမိုလုပ်ဆောင်သွားသင့်သည်။ ဆိုရလျှင် နိုင်ငံရေးသမားများနှင့် သတင်းမီဒီယာများသည် သဘာဝဘေးအန္တရာယ်ဖြစ်ပွားပြီးမှသာ အသံထွက်လာကြပြီး ခဏတာကာလအတွင်း၌ပင်လျှင် အသံတိတ်သွားတော့သည်။

၂၀၀၉ ခုနှစ်တွင် ဖွံ့ဖြိုးပြီးနိုင်ငံများသည် နှစ်စဉ်ကမ္ဘာတစ်ဝန်းရှိ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ရန်ပုံငွေအမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ရည်မှန်းချက်ထားခဲ့သော်လည်း အဆိုပါရည်မှန်းချက်ကို လက်ရှိအချိန်ထိ ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသေးပေ။

ငွေကြေးဖောင်းပွမှု၊ နိုင်ငံခြား ကြွေးမြီမြင့်တက်လာမှုနှင့် နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် ရုန်းကန်နေရသည့် ကမ္ဘာ့လူဦးရေပဉ္စမအများဆုံးနိုင်ငံဖြစ်သော ပါကစ္စတန်နိုင်ငံတွင် သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်လာသည့်ပျက်စီးဆုံးရှုံးမှုများသည် စိန်ခေါ်မှုများစွာပိုမိုဖြစ်ပေါ်လျက်ရှိသည်။ ကုလသမဂ္ဂသည် ပါကစ္စတန်နိုင်ငံ ရေဘေးကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးအတွက် အမေရိကန်ဒေါ်လာ ၈၁၆ သန်း အလှူခံထားသော်လည်း သန်း ၅၀ သာရရှိကြောင်း အောက်တိုဘာ ၁၂ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

လက်ရှိအချိန်တွင် ပါကစ္စတန်ရေဘေးအတွက် နိုင်ငံတကာမှ အကူအညီတချို့ရောက်ရှိလာသော်လည်း ပျက်စီးဆုံးရှုံးခဲ့သည့် လမ်း၊ တံတား၊ အခြေခံအဆောက်အအုံများ၊ လူနေအိမ်များ၊ စိုက်ပျိုးမြေများ၊ ဆေးရုံများ၊ စာသင်ကျောင်းများကို ပါကစ္စတန်နိုင်ငံအနေဖြင့် ပြန်လည်တည်ဆောက်သွားနိုင်မလားဆိုသောအချက်မှာမူ ခန့်မှန်းရန်ခက်ခဲလျက်ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

- The Anatomy of Pakistan's 2022 Floods by the Diplomat.

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# တောင်အာရှနိုင်ငံများတစ်ခွင် သားအိမ်ခေါင်းကင်ဆာကာကွယ်ရေး

အမှန်တော့ ကင်ဆာရောဂါများက မကူးစက်တတ်သည့် ရောဂါများခေါင်းစဉ်အောက်တွင်ရှိသည်။ သို့သော်လည်း ကူးစက်ရောဂါပိုးများကြောင့် ဖြစ်ပွားရသည့် ကင်ဆာရောဂါများရှိနေသည်။ ဥပမာ-အသည်းရောင်အသားဝါဘီပိုး၊ စီပိုးတို့ကြောင့် အသည်းကင်ဆာဖြစ်ခြင်း၊ လိင်အင်္ဂါကြွက်နို့ဗိုင်းရပ်ပိုးကြောင့် အသည်းကင်ဆာနှင့် အာခေါင်ကင်ဆာများဖြစ်ခြင်းတို့ဖြစ်သည်။ ၎င်းကူးစက်ရောဂါပိုးများကိုသာ ကာကွယ်ဆေးထိုးပြီး ကာကွယ်နိုင်မည်ဆိုပါက သက်ဆိုင်ရာကင်ဆာရောဂါများကိုပါ ကာကွယ်ပြီးသားဖြစ်သွားမည်။

ပထမဆုံးအနေဖြင့် အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေးပေါ်ပေါက်လာသဖြင့် ဘီပိုးကြောင့်ဖြစ်လာမည့် အသည်းကင်ဆာများကို ကာကွယ်ပြီးသားဖြစ်သွားသည်။ အသည်းရောင်အသားဝါစီပိုးအတွက် ကာကွယ်ဆေးမရှိသေးပေ။ အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေး၏ အစွမ်းအာနိသင်ကိုသိလာကြသည့်အတွက် ယနေ့ ကမ္ဘာ့နိုင်ငံအားလုံးလိုလိုတွင် မွေးကင်းစကလေးငယ်များမှစတင်၍ ဘီပိုးကာကွယ်ဆေးကို အခမဲ့ထိုးနှံပေးနေကြသည်။

ယခုလည်း သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးအတွက် လိင်အင်္ဂါကြွက်နို့ကာကွယ်ဆေးကို နိုင်ငံအများအပြားတွင် အခမဲ့ထိုးနှံပေးနေကြပါပြီ။ အသက်ကိုးနှစ်မှစတင်၍ ထိုးနှံပေးနိုင်ပါက သားအိမ်ခေါင်းကင်ဆာရောဂါကို ၉၀ ရာခိုင်နှုန်းကျော် ကာကွယ်ပေးနိုင်သည်။ အိမ်ထောင်ကျပြီးသူအမျိုးသမီးများတွင်လည်း ရာခိုင်နှုန်းများများ မကာကွယ်နိုင်သော်လည်း အတိုင်းအတာတစ်ခုထိကာကွယ်နိုင်မည်ဟု မျှော်မှန်းလျက်ထိုးနှံနိုင်သည်။ လိင်ဆက်ဆံမှုမပြုဖူးသေးသူမိန်းကလေးငယ်များကို နှစ်ကြိမ်ထိုးနှံရပြီး အိမ်ထောင်ကျပြီးသူအမျိုးသမီးများကို သုံးကြိမ်ထိုးနှံရသည်။ သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးဟု အလွယ်ဆိုနေကြသော်လည်း မွေးလမ်းကြောင်းနှင့် မွေးလမ်းကြောင်းအဝမှာဖြစ်သည့် ကင်ဆာများကိုပါ ကာကွယ်ပေးနိုင်သည်။

လိင်အင်္ဂါကြွက်နို့ကာကွယ်ဆေး သို့မဟုတ် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးကို အမျိုးသားများတွင်လည်း ထိုးနှံသင့်သည်။ လိင်အင်္ဂါကြွက်နို့ ဗိုင်းရပ်က လည်ပင်းနှင့်ဦးခေါင်းတစ်ဝိုက်ကင်ဆာ အထူးသဖြင့် အာခေါင်နောက်ပိုင်းကင်ဆာများ၊ စအိုကင်ဆာနှင့်အမျိုးသားများတွင် လိင်တံကင်ဆာဖြစ်စေနိုင်သည်။ ၎င်းကာကွယ်ဆေးထိုးနှံထားပါက လိင်အင်္ဂါကြွက်နို့ဗိုင်းရပ်ကြောင့်ဖြစ်ရသည့် အထက်ပါကင်ဆာရောဂါများကို ၉၀ ရာခိုင်နှုန်းကျော်ကာကွယ်နိုင်သည်။

သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးများမှာ လိင်အင်္ဂါကြွက်နို့ဗိုင်းရပ်မျိုးကွဲလေးမျိုးကို ကာကွယ်နိုင်မည့်လေးမျိုးစပ်ဆေး၊ ဗိုင်းရပ်မျိုးကွဲကိုးမျိုးကို ကာကွယ်နိုင်မည့် ကိုးမျိုးစပ်ဆေးဟူ၍ရှိသည်။ လေးမျိုးစပ်ဆေးထိုးပါက သားအိမ်ခေါင်းကင်ဆာကို ၉၀ ရာခိုင်နှုန်းကျော်ကာကွယ်ပေးနိုင်သည်။ မကြာသေးမီက အိန္ဒိယနိုင်ငံတွင် Cervavac အမည်ရှိ လေးမျိုးစပ် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးထုတ်လုပ်တော့မည်ဟူသော သတင်းကြားရသည်။ အိန္ဒိယသွေးရည်ကြည်တက္ကသိုလ်နှင့် အိန္ဒိယအစိုးရ ဇီဝနည်းပညာဌာနတို့ပေါင်းစပ်ပြီးထုတ်လုပ်မည်ဖြစ်သည်။

❖ သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးအတွက် လိင်အင်္ဂါကြွက်နို့ကာကွယ်ဆေးကို နိုင်ငံအများအပြားတွင် အခမဲ့ထိုးနှံပေးနေကြပါပြီ။ အသက်ကိုးနှစ်မှစတင်၍ ထိုးနှံပေးနိုင်ပါက သားအိမ်ခေါင်းကင်ဆာရောဂါကို ၉၀ ရာခိုင်နှုန်းကျော် ကာကွယ်ပေးနိုင်သည်။ အိမ်ထောင်ကျပြီးသူ အမျိုးသမီးများတွင်လည်း ရာခိုင်နှုန်းများများ မကာကွယ်နိုင်သော်လည်း အတိုင်းအတာတစ်ခုထိကာကွယ်နိုင်မည်ဟု မျှော်မှန်းလျက် ထိုးနှံနိုင်သည်။ လိင်ဆက်ဆံမှုမပြုဖူးသေးသူ မိန်းကလေးငယ်များကို နှစ်ကြိမ်ထိုးနှံရပြီး အိမ်ထောင်ကျပြီးသူအမျိုးသမီးများကို သုံးကြိမ်ထိုးနှံရသည်။ ❖

Cervavac သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးကို အိန္ဒိယနိုင်ငံအတွင်း လက်တွေ့စမ်းသပ်သုတေသနပြုနေသည်မှာ အဆင့် (၂)၊ အဆင့် (၃) ထိပင်ရောက်နေပြီ။ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် အိန္ဒိယဆေးဝါးထိန်းချုပ်မှုဌာနက Cervavac ဆေးကို အသက်ကိုးနှစ်မှ ၂၆ နှစ်ကြား အမျိုးသား၊ အမျိုးသမီးများကို ထိုးနှံခွင့်ပြုခဲ့သည်။ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် အိန္ဒိယနိုင်ငံတစ်ဝန်း တရားဝင် စတင်ထိုးနှံခဲ့သည်။

Cervavac ထိုးဆေးတစ်လုံးကို အိန္ဒိယရူပီးငွေ ၂၀၀ မှ ၄၀၀ ကြား (စတာလင်ပေါင် ငါးပေါင်ခန့်) ကျသင့်သည်။ မြန်မာငွေအနေဖြင့် ငွေကျပ်ငါးသောင်းမှ တစ်သိန်းအတွင်းရှိသည်။ ၎င်းကုန်ကျစရိတ်က လက်ရှိထိုးနှံနေကြသည့် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးများထက် အလွန်သက်သာသည်။ Cervavac သည် ဝင်ငွေနိမ့်ပါးသည့်နိုင်ငံများအတွက် သားအိမ်ခေါင်းနှင့်ဆက်စပ်ကင်ဆာများ အမြစ်ပြတ်နိုင်ရေး မျှော်လင့်ချက်ဖြစ်လာမလားဟု အားရဝမ်းသာကြိုဆိုကြသူများလည်း ရှိလာသည်။

အခြားနိုင်ငံများကိုမဆိုထားနှင့် အိန္ဒိယနိုင်ငံအတွင်းမှာပင် Cervavac က အလွန်အသုံးတည့်နေသည်။ အိန္ဒိယနိုင်ငံတွင် သားအိမ်ခေါင်းကင်ဆာဖြစ်ပွားနှုန်းက အလွန်မြင့်မားနေသောကြောင့်ဖြစ်သည်။ ကမ္ဘာပေါ်တွင် သားအိမ်ခေါင်းကင်ဆာလူနာများ၏ ငါးပုံတစ်ပုံမှာ အိန္ဒိယနိုင်ငံတွင်ရှိနေသည်။ တစ်နှစ်ကို သားအိမ်ခေါင်းကင်ဆာလူနာသစ် ၁၂၄၀၀၀ ကျော်ရှိပြီး သားအိမ်ခေါင်းကင်ဆာကြောင့် သေဆုံးရသူဦးရေ ၇၅၀၀၀ ရှိနေသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ်မှ ယနေ့အချိန်ထိ အိန္ဒိယနိုင်ငံအတွင်း သားအိမ်ခေါင်းကင်ဆာကြောင့် ကွယ်လွန်သူအမျိုးသမီး ၄ ဒသမ ၁ သန်းထိရှိနေပြီဟု ဖော်ပြထားသည်။ သားအိမ်ခေါင်းကင်ဆာထိန်းချုပ်ရေးဆောင်ရွက်မှုများမရှိပါက ၂၀၇၀ ပြည့်နှစ်တွင် သေဆုံးသူ ၅ ဒသမ ၇ သန်းထိရှိလာလိမ့်မည်ဟုဆိုသည်။

သားအိမ်ခေါင်းကင်ဆာထိန်းချုပ်ရေး၊ လျှော့ချနိုင်ရေးအတွက် အိန္ဒိယနိုင်ငံအနေဖြင့် ဆောင်ရွက်ချက်များရှိခဲ့သည်။ လုံလောက်မှုတော့မရှိခဲ့ပေ။ အိန္ဒိယနိုင်ငံတွင် အမျိုးသားအဆင့်ကာကွယ်ဆေးထိုးစီမံချက် ဖော်ဆောင်ရန်ကြိုးပမ်းခဲ့ကြသော်လည်း ဘေးထွက်ဆိုးကျိုးအပေါ် စိုးရိမ်မှုများကြောင့်လည်းကောင်း၊ စရိတ်စကမတတ်နိုင်ခြင်းကြောင့်လည်းကောင်း မအောင်မမြင်ဖြစ်ခဲ့ရသည်။

ယခုလက်ရှိ ပြည်တွင်းထုတ် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးကို အိန္ဒိယအစိုးရက တာဝန်ယူအကုန်အကျခံပြီး ပြည်နယ်အစိုးရများထံ ဖြန့်ဝေထိုးနှံသွားကြမည်ဖြစ်သည်။ အသက်ကိုးနှစ်မှ ၁၄ နှစ်ကြား အမျိုးသမီးငယ် သန်း ၅၀ နီးပါးအတွက် အလုံအလောက်ထိုးနှံပေးနိုင်ရေး စီမံဆောင်ရွက်ထားသည်။ ထို့ပြင် ပြည်တွင်းပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနှင့် ပြည်ပနိုင်ငံများသို့ပါ ထုတ်လုပ်ရောင်းချရန် စီစဉ်ထားသည်။

သားအိမ်ခေါင်းကင်ဆာများ၏ ၉၉ ရာခိုင်နှုန်းက လိင်အင်္ဂါကြွက်နို့ဗိုင်းရပ်ပိုးကြောင့်ဖြစ်ရသည်။ လိင်အင်္ဂါကြွက်နို့ဗိုင်းရပ်ကာကွယ်ဆေးထိုးစီမံချက်များ ဖော်ဆောင်ခြင်းက သားအိမ်ခေါင်းကင်ဆာကာကွယ်ရေးအတွက် နိုင်ငံတိုင်းလုပ်ဆောင်သင့်သည့်အစီအမံတစ်ခုဖြစ်သည်။ သို့သော်လည်း အိန္ဒိယနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံတချို့အပါအဝင် တောင်အာရှဒေသများ၌ သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးထိုးစီမံချက်များက နှေးကွေးနေဆဲဖြစ်သည်။ သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးထိုးစီမံချက်မရှိခြင်းသာမက သားအိမ်ခေါင်းကင်ဆာနှင့်ပတ်သက်သည့် အသိပညာဗဟုသုတနည်းပါးခြင်း၊ သားအိမ်ခေါင်းကင်ဆာကြိုတင်ရှာဖွေစစ်ဆေးသည့်အလေ့အထနည်းပါးခြင်းတို့ကြောင့် သားအိမ်ခေါင်းကင်ဆာဖြစ်ပွားမှုကို ထိန်းချုပ်မရနိုင်ဘဲဖြစ်နေကြသည်။

တောင်အာရှဒေသတွင်း အချို့သောနိုင်ငံများတွင် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးထိုးစီမံချက်များ စတင်နေကြပါပြီ။ ဘူတန်နိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်၊ ထိုင်းနိုင်ငံတွင် ၂၀၁၇ ခုနှစ်၊ သီရိလင်္ကာနိုင်ငံတွင် ၂၀၁၇ ခုနှစ်နှင့် မော်လ်ဒိုက်နိုင်ငံတွင် ၂၀၁၉ ခုနှစ်များမှစတင်၍ အမျိုးသားအဆင့် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးထိုးစီမံချက်ကို စတင်နိုင်ခဲ့ကြသည်။ ၂၀၁၉ ခုနှစ်အတွင်း သားအိမ်ခေါင်းကင်ဆာရောဂါကြောင့် အမျိုးသမီးဦးရေ ၇၄၁၀၀၀ ခန့်သေဆုံးခဲ့ရသည့် ပါကစ္စတန်နိုင်ငံတွင် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးထိုးစီမံချက် စတင်နိုင်ခြင်းမရှိသေးသည်ကို ဝမ်းနည်းဖွယ်တွေ့ရသည်။ နှိုင်းယှဉ်ကြည့်မည်ဆိုပါက ဗြိတိန်နိုင်ငံတွင် ၂၀၁၉ ခုနှစ်အတွင်း သားအိမ်ခေါင်းကင်ဆာကြောင့် သေဆုံးမှုဦးရေ ၈၅၀ သာရှိကြောင်းတွေ့ရသည်။ တောင်အာရှဒေသတွင်း အချို့သောနိုင်ငံများတွင် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးထိုးရန်မပြောနှင့် သားအိမ်ခေါင်းကင်ဆာကြောင့် မည်မျှသေဆုံးကြရသည်ကိုပင် မသိရသေးသည့်နိုင်ငံတချို့ရှိနေသေးသည်။

နီပေါနိုင်ငံတွင် သားအိမ်ခေါင်းကင်ဆာသည် နိုင်ငံတွင်းမှာ ဒုတိယအဖြစ်များဆုံးကင်ဆာဖြစ်သော်လည်း ရန်ပုံငွေမလောက်ငမှုကြောင့် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးထိုးစီမံချက်ကိုရပ်ဆိုင်းခဲ့ရသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၄၂ နိုင်ငံတွင် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးကို အမျိုးသမီးငယ်များမှာသာမက အမျိုးသားများမှာပါ ထိုးနှံပေးနေကြသည်။ (အမျိုးသားများတွင် လိင်အင်္ဂါကြွက်နို့ဗိုင်းရပ်ပိုးသည် လိင်တံကင်ဆာ၊ စအိုကင်ဆာနှင့် အာခေါင်နောက်ပိုင်းကင်ဆာများဖြစ်စေတတ်သည်) လိင်အင်္ဂါကြွက်နို့ဗိုင်းရပ်ပိုးကိုအမြစ်ပြတ်စေရန် အမျိုးသမီးများကိုသာမက အမျိုးသားငယ်များကိုပါ ထိုးနှံပေးသင့်ကြောင်း ပညာရှင်တချို့က ဆိုကြသည်။ လိင်အင်္ဂါကြွက်နို့ဗိုင်းရပ်မှာ လိင်ဆက်ဆံရာမှတစ်ဆင့် ကူးစက်တတ်သည့်ရောဂါတစ်ခုဖြစ်ရာ အမျိုးသားများဆီမှာပါ ဗိုင်းရပ်ပိုးမရှိမှ အမြစ်ပြတ်နိုင်မည့်သဘောဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် သားအိမ်ခေါင်းကင်ဆာရောဂါကို အမြစ်ဖြတ်နိုင်ရန် ဦးဆောင်လှုပ်ရှားနေသည့် တိုင်းပြည်ဖြစ်သည်။ နေသဟာယနိုင်ငံပေါင်း ၅၄ နိုင်ငံတွင် ကမ္ဘာ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်း နေထိုင်ကြသည်။ ကမ္ဘာပေါ်မှ သားအိမ်ခေါင်းကင်ဆာလူနာများ၏ ၄၀ ရာခိုင်နှုန်းနှင့် ကမ္ဘာအရပ်ရပ် သားအိမ်ခေါင်းကင်ဆာကြောင့် သေဆုံးမှု၏ ၄၃ ရာခိုင်နှုန်းမှာ ၎င်း ၅၄ နိုင်ငံတွင် ရှိနေသည်။

သားအိမ်ခေါင်းကင်ဆာရောဂါသည် ကမ္ဘာ့နိုင်ငံများအားလုံးတွင် ပြည်သူ့ကျန်းမာရေးအမြင်ဖြင့် ထိန်းချုပ်ကြရမည့်ရောဂါတစ်ခုဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးထုတ်လုပ်လာနိုင်သည့်အတွက် ဈေးနှုန်းသက်သာမျှတသည့် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးများကို ကမ္ဘာတစ်ဝန်း အထူးသဖြင့် ချို့တဲ့သည့်နိုင်ငံများတွင် ထိုးနှံလာနိုင်တော့မည်ဖြစ်သည်။ အမျိုးသားအဆင့် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးထိုးစီမံချက်သာမက အမျိုးသားအဆင့်တစ်နိုင်ငံလုံးလွှမ်းခြုံသားအိမ်ခေါင်းကင်ဆာကြိုတင်ရှာဖွေစစ်ဆေးရေးစီမံချက်ကိုပါ ချမှတ်ဆောင်ရွက်နိုင်ပါက သားအိမ်ခေါင်းကင်ဆာကြောင့် သေဆုံးမှုနှုန်းလျော့ကျလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**


**- HPV vaccination in south Asia: new progress, old challenges from Lancet Oncology, Oct 2022**

ဒေါက်တာလွှမ်းမိုးဟန်

0 w K d @

# မေတ္တာအစုန်ခရီး

ဆလိုင်းသန်းဇော်ဝင်း




(၁)

မုံရွာကို ကျွန်တော် စရောက်ကတည်းက အပတ်စဉ် စနေနေ့တိုင်း ဈေးဝယ်ထွက်ဖြစ်တယ်။ ဈေးမဝယ်တောင် အလုပ်ကိစ္စတစ်ခုခုနဲ့ အပြင်ကိုထွက်နေကျ။ ကျွန်တော် အပြင်ထွက်တိုင်းလဲ သူတို့မိသားစုကို သတိထားမိနေကျပါ။ သူတို့မိသားစုလို့ဆိုပေမဲ့ များသောအားဖြင့် ဖခင်ဖြစ်သူကိုတော့ မတွေ့ရတတ်ဘူး။ မတွေ့ရတာက များပါတယ်လေ။ သူတို့ခြံဝင်းလေးက ကျွန်တော် ဖြတ်သန်းသွားနေကျလမ်းရဲ့ ညာဘက်အစွန်မှာကပ်လို့။ မနက်အချိန်တွေဆို သူတို့သားအမိနှစ်ယောက် ခြံရှေ့ထွက်ပြီး လေညင်းခံရင်ခံ ဒါမှမဟုတ် နေပူဆာလှုံလေ့ရှိကြတယ်။ အစကတော့ ကျွန်တော်လဲ သတိမထားမိခဲ့ဘူးရယ်။ နောက်တော့မှ တဖြည်းဖြည်းသတိထားမိလာခဲ့တာ။ ခြောက်နှစ်အရွယ် သမီးလေးရယ်။ ဘီးချဲပေါ်မှာထိုင်နေတဲ့ အောက်ပိုင်းမသန်တော့တဲ့ အမေဖြစ်သူရယ်။ အမှတ်တမဲ့ကြည့်လိုက်ရင်တော့ သမီးငယ်လေးက ဘီးချဲလေးတွန်းပေးပြီး မိခင်ကို ပြုစုဂရုစိုက်နေတဲ့ပုံစံမျိုးပေါ့။ တကယ်တမ်းတော့ သမီးငယ်လေးဆော့ကစားချင်လို့ မိခင်ကစောင့်ထိန်းပေးရင်း အပြင်ထွက်လာခဲ့ကြရတာပါ။ ဒါကလဲ မိခင်ဖြစ်သူရဲ့စိုးရိမ်ပူပန်နေတဲ့ အမူအရာတွေ၊ ပြောပုံ၊ ဆိုပုံတွေကိုကြည့်ပြီး ကျွန်တော်က ကောက်ချက်ချရတာပါ။ သူတို့ရဲ့အသံတွေကို နားထောင်ကြည့်ပါအုံးလေ။

"မီးမီး တုတ်ကြီးနဲ့ မဆော့နဲ့နော် ခိုက်မိနေမယ်။ အဲဒီတုတ်ကြီး ချထားလိုက်"

"ဟင်း မခိုက်မိပါဘူး မေမေကလဲ"

"ဟဲ့ မီးမီး အဲဒီဘက်ကိုမသွားနဲ့လေ။ ခွေးကိုက်လိမ့်မယ်။ အို. . . ဒီကောင်မလေးနဲ့တော့။ ဟဲ့ လာလို့ ပြောနေတယ်လေ"

"မလာဘူး၊ မကိုက်ပါဘူးလို့ဆိုနေ"

"ကဲ. . . မီးမီးရေ နေလဲပူလာပြီ အိမ်ထဲဝင်ကြစို့။ မေမေလဲ နားချင်လှပြီ"

"ဟာ ဆော့လို့မဝသေးပါဘူး။ မေမေ့ဘာသာသွားတတ်ရင် သွားနှင့်လေ။ မီးမီးကတော့ နေအုံးမှာပဲ"

ဒါတွေက ကျွန်တော် ဖြတ်သွားဖြတ်လာလုပ်ရင်း တစ်စွန်းတစ်စကြားမိတဲ့စကားတွေပါ။ မိခင်ဖြစ်သူက အမြဲစိုးရိမ်ပူပန်နေတတ်သလို သမီးငယ်ကလဲ သူ့မေမေရဲ့စကားတွေကို တစ်ချက်ကလေးမျှ နားမထောင်ချင်။ သူ့အပြောအဆို၊ သူ့အမူအရာတွေက မိခင်အပေါ်မှာ နိုင်နိုင်စီးစီးနဲ့ အထင်သေးတဲ့သဘောမျိုး၊ အားမလိုအားမရတဲ့သဘောမျိုးတွေ ဆောင်နေတယ်။ ဒါကို မိခင်ဖြစ်သူကလဲ သိမှာပါလေ။ သမီးငယ်ရဲ့ ခွန်းတုံ့ပြန်တဲ့စကားလုံးတိုင်းက သူ့ရင်ထဲ၊ နှလုံးသည်းပွတ်ထဲမှာ ဘယ်လောက်တောင်များ နာကျင်ခံစားရမယ်ဆိုတာ တွေးကြည့်ရုံနဲ့ ကျွန်တော်သိပါတယ်။ မိခင်ဖြစ်သူက ခွင့်လွှတ်သည်းခံနိုင်တယ်ဆိုစေအုံးတော့ သားသမီးအတွက် အပြစ်ဖြစ်ရတယ်ဆိုတာ သူတို့သိအောင် ကျွန်တော်က သွားပြောပြလိုက်ချင်မိတယ်။ ဒါပေမဲ့ အဲဒီလိုသွားပြောဖို့ကလဲ ကျွန်တော်နဲ့က မရင်းနှီး။ ပြီးတော့ အကြောင်းကြောင်းကြောင့် ဘီးချဲပေါ်မှာမနေချင်ပါဘဲ နေရရှာသူ မိခင်အတွက်လဲ အားနာရသေးတယ်။ ဟိုတစ်လောတုန်းကလဲ သူတို့ပြောနေကြတာကို ကြားလိုက်ရပုံများဗျာ။

"မီးမီး သိပ်ဝမ်းနည်းတာပဲ မေမေရာ"

"ဟဲ့ အစမရှိ အဆုံးမရှိ။ ဘာဖြစ်ရပြန်တာတုံး မီးမီးရဲ့။ စနေနေ့ကျောင်းပိတ်ရက်တိုင်း အိမ်ရှေ့ထွက်ဆော့ရတာ မကျေနပ်သေးဘူးလားကွယ်"

"အဟင့် အဲဒါပြောတာမဟုတ်ပါဘူး။ သူများမေမေတွေဆိုရင် ကျောင်းကို နေ့တိုင်းလိုက်ပို့ပေးကြတယ်။ မုန့်စားဆင်းချိန်ဆိုရင်လဲ မုန့်တွေ လာလာပို့ကြတယ်"

"ဪ. . . ဘာများလဲလို့ မီးမီးရယ်။ ဖေဖေက နေ့တိုင်းလိုက်ပို့ပေးတာပဲလေ။ မုန့်ဖိုးလဲ အပြည့်အဝပေးတာပဲ"

"ဟာ မေမေကလဲ မီးမီးကို သူများတွေက ပြောတယ်သိလား။ နင့်မှာ မေမေမရှိဘူးလားတဲ့။ ဒီကိုလာတာလဲ မတွေ့ဘူးတဲ့။ ပြီးတော့ ပြီးတော့ အမြဲရန်စကြတယ်။ ပြီးတော့ နင့်မေမေက"

"တော်စမ်းမီးမီး။ မေမေက မလာချင်လို့မှ မဟုတ်ဘဲ။ မေမေရှိလို့ မီးမီးရှိလာတာလို့ ပြန်ပြောလိုက်ပေါ့"

"အဲဒါ မေမေ့ကြောင့် အမြဲမျက်နှာငယ်ရတယ်သိလား။ အဟင့် ဟင့် ဟင့်"

"အို. . . မေမေ့သမီးလေးရယ်"

အဲဒီနေ့က ကျွန်တော် ဈေးကိုဆက်မသွားတော့ဘဲ အဆောင်ကိုပဲ လှည့်ပြန်လာခဲ့လိုက်ရတယ်။ သူတို့ပြောနေတာတွေကိုလဲ ဆက်မကြားချင်တော့ဘူး။ ညှိုးငယ်ဝမ်းနည်းနေတဲ့ မိခင်ဖြစ်သူရဲ့ မျက်နှာကိုလဲ ကျွန်တော် ကြည့်မနေချင်တော့ဘူး။ စိတ်ပျက်လက်ပျက်နဲ့ ပြန်လာပြီး အဆောင်ကိုရောက်တော့ အိပ်ရာထဲ ခြေပစ်လက်ပစ် ဝင်လှဲလိုက်မိတာပါပဲ။

(၂)

အိပ်ရာထဲမှာ နဖူးပေါ် လက်တင်ကြည့်လိုက်တော့ ကျွန်တော့်အတွေးတွေက ဟိုးအဝေးဆီက အမေ့ကို သွားပြီး သတိရမိပြန်တယ်။ တောသူမကြီးအမေက အတန်းပညာလုံးဝမသင်ခဲ့ရဘူး။ ယာထဲ၊ ကိုင်းထဲကို ဆင်းပြီး ကျွန်တော်တို့ကို ကျောင်းထားပေးခဲ့တယ်။ ပြီးတော့ သား၊ သမီးတွေအပေါ်မှာ စိတ်ပူတတ်တာ၊

> ❖ "မီးမီး သိပ်ဝမ်းနည်းတာပဲ မေမေရာ" "ဟဲ့ အစမရှိ အဆုံးမရှိ။ ဘာဖြစ်ရပြန်တာတုံး မီးမီးရဲ့။ စနေနေ့ကျောင်းပိတ်ရက်တိုင်း အိမ်ရှေ့ထွက်ဆော့ရတာ မကျေနပ်သေးဘူးလားကွယ်" "အဟင့် အဲဒါပြောတာ မဟုတ်ပါဘူး။ သူများမေမေတွေဆိုရင် ကျောင်းကို နေ့တိုင်းလိုက်ပို့ပေးကြတယ်။ မုန့်စားဆင်းချိန်ဆိုရင်လဲ မုန့်တွေလာလာပို့ကြတယ်" "ဪ…ဘာများလဲလို့ မီးမီးရယ်။ ဖေဖေက နေ့တိုင်းလိုက်ပို့ပေးတာပဲလေ။ မုန့်ဖိုးလဲအပြည့်အဝပေးတာပဲ" "ဟာ မေမေကလဲ မီးမီးကို သူများတွေက ပြောတယ်သိလား။ နင့်မှာ မေမေမရှိဘူးလားတဲ့။ ဒီကိုလာတာလဲ မတွေ့ဘူးတဲ့။ ပြီးတော့ ပြီးတော့ အမြဲရန်စကြတယ်" ❖

အစိုးရိမ်လွန်ကဲတတ်တာမှာလဲ သူများတွေနဲ့ကို မတူဘူး။ သူငယ်ချင်းတွေနဲ့ ချောင်းထဲကို ရေကစားရအောင် သွားမယ်ဆိုတော့-

"မသွားချင်ပါနဲ့သားရယ်။ ရေနစ်နေပါ့မယ်"ဆိုပြီး မသွားခိုင်းခဲ့ဘူး။

တစ်ခါ "ဘောလုံးသွားကန်ချင်တယ်အမေ" ဆိုတော့လဲ-

"ထိမိ၊ ခိုက်မိနေမှာစိုးလို့မသွားပါနဲ့လားကွယ်"တဲ့ ပြောပြန်တယ်။ နောက်-

"မန်ကျည်းသီးတွေတက်ခူးချင်တယ်"လို့ပြောတော့-

"ဘယ်ဖြစ်မလဲ။ လိမ့်ကျလိမ့်မယ် သားရဲ့"တဲ့။

ဘာဆိုဘာမှကို လွတ်လွတ်လပ်လပ်ဆော့ကစားခွင့်မရခဲ့ပါဘူး။ အမေက သူ့မျက်စိအောက်ကကို အပျောက်ခံခဲ့တာမဟုတ်ဘူး။ ကျွန်တော်ဟာ ကလေးဘဝကနေအစပြုပြီး အတန်းပညာတွေမြင့်လာလေလေ အမေ့ကို အထင်သေး၊ အမြင်သေးလာလေလေပါပဲ။ အမေဟာ စာမတတ်လို့ အမြင်ကျဉ်းတယ်ဆိုပြီး အမြဲအပြစ်တင်ပြောဆိုခဲ့တယ်။ အမေ စာမတတ်တော့ ဘာကိုမှ အကျိုးသင့်၊ အကြောင်းသင့် မစဉ်းစားတတ်ခဲ့လို့ ကျွန်တော်ဟာ လူတောမတိုးရဲရတာဆိုပြီး အပြစ်တင်ဝေဖန်ခဲ့တယ်။ အမေကတော့ မျက်လွှာကလေးချပြီး ခေါင်းကလေးငုံ့လို့။ ကျွန်တော့်ကို ပြန်ပြောနိုင်လောက်တဲ့ စကားလုံးတွေ သူ့မှာမရှိဘူး။ ကျွန်တော်ကလဲ ဒါကိုပဲ ဂုဏ်ယူဝင့်ကြွားနေခဲ့မိသေးတယ်။ နောက်တော့ အမေက ညည်းရှာပြန်တယ်။

"သားကို ပညာတွေတတ်အောင် ကျောင်းထားပေးခဲ့တာ အမေတော့ မှားပြီထင်ပါရဲ့ကွယ်"တဲ့။

"ဘာဖြစ်လို့များလဲဗျာ"ဆိုတော့-

"အမေ့သားကြီးက ပညာတွေတတ်လာလေလေ အမေနဲ့ ပိုပြီးဝေးဝေးသွားလေပဲ။ နောက်ဆို သားက မြို့ကိုရောက်တော့မယ်။ အမေစိတ်မချပါဘူးကွယ်"တဲ့။

ငယ်ငယ်တုန်းကတော့ "စိတ်မချပါဘူးကွယ်"ဆိုပြီး အမေက ကျွန်တော့်ကို မျက်စိအောက်က လုံးဝအပျောက်မခံခဲ့ဘူး။ ယုယုယယပြုစုစောင့်ရှောက်ခဲ့တယ်။ အခု ပညာတွေစုံလို့ လုပ်ငန်းခွင်ကို ဝင်ရတော့မယ်လဲဆိုရော အမေ့မှာ-

"စိတ်မချပါဘူးကွယ်"လို့ ညည်းရှာသာညည်းနိုင်ပြီး မျက်စိစုံမှိတ်လို့ လက်လွှတ်လိုက်ရပါပြီ။ ကျွန်တော်ကတော့ ကျွတ်ပြီ၊ လွတ်ပြီအထင်နဲ့ ပျော်ရွှင်အူမြူးနေတဲ့ အချိန်မှာ အမေကတော့ စားလို့မဝင်၊ အိပ်လို့တောင် မပျော်ပါဘူးတဲ့လေ။ သားအတွက် စိတ်ပူလွန်းလို့တဲ့။ အဲဒီလိုနဲ့ပဲ အမေ့ရင်ခွင်ကို ခြေစုံကန်ပြီး ကျွန်တော် မုံရွာမြို့ကို ရောက်လာခဲ့တယ်ဆိုပါတော့လေ။

(၃)

ဒီနေ့မနက် အလုပ်ကိစ္စတစ်ခုနဲ့ အပြင်ကိုထွက်လာတော့ သူတို့သားအမိကို သတိထားမိပြန်တယ်။ ထူးထူးခြားခြား သမီးငယ်လေးကလဲ ပျော်ရွှင်မြူးထူးလို့။ မိခင်လုပ်သူရဲ့မျက်နှာမှာလဲ အပြုံးတွေဝေလို့။ နောက်တစ်ခုထူးခြားတာက မိခင်ရဲ့လက်ထဲမှာ လေးတောင်လောက်ရှည်တဲ့ ချိတ်ကောက်တစ်ချောင်းကို ကိုင်ထားတယ်။ ပထမတော့ မိခင်လုပ်သူက သမီးငယ်ကို တုတ်နဲ့ရိုက်ပုတ်ပြီး ဆုံးမလိုက်ပြီထင်တယ်ဆိုပြီး ကျွန်တော်တွေးလိုက်မိတယ်။ စိတ်မကောင်းဖြစ်မိတယ်။ ဒါမှမဟုတ် တုတ်ကောက်ကိုအားပြုပြီး လမ်းလျှောက်ကျင့်တော့မယ်ထင်တယ်ဆိုပြီး အတွေးဝင်လာမိပြန်တယ်။ နောက်တော့မှ သမီးငယ် ခိုက်မိမှာစိုးလို့ မိခင်က လုယူထားတယ်ဆိုတာကို ကျွန်တော် သိလာရပါတယ်။

စာမျက်နှာ ၂၇သို့ ➤

# ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ယခုဘဏ္ဍာနှစ် အောက်တိုဘာ ၁၄ ရက်ထိ ကျွဲ၊ နွားသားရေဆားနယ်အစို တင်ပို့ရောင်းချမှုမှ ကန်ဒေါ်လာ ၁ ဒသမ ၆၂၆ သန်း ရရှိခဲ့



**နေပြည်တော် နိုဝင်ဘာ ၂**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ယခုဘဏ္ဍာနှစ် အောက်တိုဘာ ၁၄ ရက်ထိ ကျွဲ၊ နွားသားရေဆားနယ်အစို တင်ပို့ရောင်းချပေးမှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၂၆ သန်းရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြန်မာနိုင်ငံက ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ပို့ကုန်များ တင်ပို့ရောင်းချပေးရာတွင် လယ်ယာထွက်ကုန် ပစ္စည်းများ၊ တိရစ္ဆာန်ထွက်ကုန်ပစ္စည်းများ၊ ရေထွက်ပို့ကုန်ပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ စက်မှုကုန်ချောပစ္စည်းများနှင့် အခြားပို့ကုန်များဟူ၍ အုပ်စု ခုနစ်ခု ခွဲခြားတင်ပို့ရောင်းချပေးနေခြင်းဖြစ်ကြောင်း၊ အဆိုပါ ပို့ကုန်အုပ်စုများမှ တိရစ္ဆာန်ထွက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချပေးရာတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ယခုဘဏ္ဍာနှစ် အောက်တိုဘာ ၁၄ ရက်ထိ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၂၆ သန်းဖိုးရှိ ကျွဲ၊ နွားသားရေဆားနယ်အစို ၃၅၃၅ ဒသမ ၇၇၆ တန် တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

ပြည်ပသို့ ကျွဲ၊ နွားသားရေဆားနယ်အစိုများကို တင်ပို့ရောင်းချပေးရာတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၄၆၄ သန်းဖိုးရှိ ကျွဲ၊ နွားသားရေဆားနယ်အစို ၈၅၈ တန်၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၂၄၆ သန်းဖိုးရှိ ကျွဲ၊ နွားသားရေဆားနယ်အစို ၄၉၂ တန်၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၈ သန်းဖိုးရှိ ကျွဲ၊ နွားသားရေဆားနယ်အစို ၁၆၀ ဒသမ ၇၇၆ တန်၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၅၇ သန်းဖိုးရှိ ကျွဲ၊ နွားသားရေဆားနယ်အစိုတန်ချိန် ၈၅၀၊ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၁၄ ရက်ထိ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၇၉ သန်းဖိုးရှိ ကျွဲ၊ နွားသားရေဆားနယ်အစို ၁၁၇၅ တန် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၂၆ သန်းဖိုးရှိ ကျွဲ၊ နွားသားရေဆားနယ်အစို ၃၅၃၅ ဒသမ ၇၇၆ တန် တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

SKL

# သရက်မြို့နယ် ဘန်းကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**သရက် နိုဝင်ဘာ ၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဘန်းကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် ဝန်ထမ်းများက သက်ဆိုင်ရာကုမ္ပဏီမှတာဝန်ခံများ၊ ကျေးရွာမှ လမ်းကော်မတီဝင်များနှင့်အတူ ဘန်းကုန်းကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကုန်ထုတ်လမ်းကို ရေရှည်တည်တံ့ခိုင်မြဲစေရေး ထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားသည်။



ဘန်းကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် နှစ်မိုင် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၈ ဒသမ ၇၈ သန်းဖြင့် စိုးမြင့်မိုရ်ကုမ္ပဏီက ဇွန်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်ထံမှ သိရသည်။

ကိုလှိုင်

➤ စာမျက်နှာ ၂၆မှအဆက်

ခါတိုင်းလိုပါပဲ သမီးငယ်ကတော့ ဟိုပြေးလိုက်၊ ဒီပြေးလိုက်နဲ့ မျက်စိနောက်အောင် ဆော့ကစားနေတယ်။ မိခင်ကလဲ အစပိုင်းတော့ ပြုံးပြုံးရွှင်ရွှင်နဲ့ ကြည့်နေသေးတယ်။ နောက်တော့ သူ့မျက်နှာက မပြုံးနိုင်တော့ပါဘူး။ ဟုတ်တယ်လေ။ သမီးငယ်အနားကနေ ကားတစ်စီးက ပွတ်ကပ်ပြီး မောင်းသွားတယ်။ ဘေးကကြည့်နေတဲ့ ကျွန်တော်တောင် ထိတ်ခနဲဖြစ်သွားမိတာ။ မိခင်ဆိုတာမှာလေ အော်လိုက်တာများ မပြောပါနဲ့တော့။ ငယ်သံတောင်ပါတယ်။ အဲဒါနဲ့ တစ်ဆက်တည်းမှာပဲ-

"မီးမီးရေ မသွားနဲ့၊ မသွားနဲ့၊ ဒီဘက်ကိုလာ၊ ဒီဘက်ကိုလာ"ဆိုပြီး ကမ္ဘာကယာ တစာစာခေါ်တော့တာပဲ။ သမီးလေးကလဲ နားမထောင်လိုက်ပုံမှာ နှစ်ယောက်မရှိဘူးပြောရမယ်။ နောက်ကိုတောင် လှည့်ပြန်လှည့်မကြည့်ဘူး။ ဆက်သွားနေတယ်။ လမ်းကို ဖြတ်ကူးဖို့ လုပ်နေတယ်။ ဒါနဲ့ မိခင်လုပ်သူမှာ ဗိုးချဲ့ကိုလဲ လှိမ့်တွန်းရင်း အော်လဲအော်ရင်းပေါ့။ ကားလမ်းမှာကလဲ တော်တော်လေးကိုရှုပ်နေတာ။ ကားတွေ၊ ဆိုင်ကယ်တွေက ပွတ်ကာသီကာလေးတွေ မောင်းမောင်းသွားကြတယ်။ လမ်းတစ်ဖက်အဝေးကနေမြင်နေရတဲ့ ကျွန်တော့်မှာလဲ ထိတ်ထိတ်ပျာပျာတွေကိုဖြစ်လို့။ အဲဒီလိုနဲ့ သမီးငယ်လေး လမ်းကို ဖြတ်ကူးလိုက်တဲ့အချိန်မှာ ဆိုင်ကယ်တစ်စီးကလဲ အရှိန်ပြင်းပြင်းနဲ့မောင်းအလာ။ အဝေးက ဆိုင်တစ်ဆိုင်ထဲမှာထိုင်နေတဲ့ကျွန်တော်တောင် ရှောရှောင်ပြီးအော်လိုက်မိတော့တာပေါ့။ တော်ပါသေးတယ်။ သမီးငယ်လေး ဘာမှမဖြစ်လိုက်ပါဘူး။ ဆိုင်ကယ်နဲ့တိုက်မိဖို့ စက္ကန့်အနည်းငယ်အလိုမှာ ဗိုးချဲ့ပေါ်က မိခင်က သမီးငယ်လေးရဲ့အင်္ကျီကို ချိတ်ကောက်နဲ့ လှမ်းဆွဲလိုက်မိလို့သာ။ နို့မို့ဆိုရင် မတွေးဝံ့စရာတွေ။ ဒီတော့မှ ကျွန်တော့်မှာလဲ ဟင်းခနဲ သက်ပြင်းချလိုက်ရတယ်။ အဲဒီအချိန်မှာပဲ ကျွန်တော့်ဆီကိုဖုန်းကဝင်လာတယ်။ ကျွန်တော်က ကောက်ကိုင်လိုက်တော့-

"ဟယ်လို သားလား အမေပါ"

"ဟုတ်အမေ သား အခုပဲ Wave Money ဆိုင်မှာ ရောက်နေတာ။ အမေလွှဲပေးလိုက်တဲ့ ငွေကျပ် ရှစ်သောင်းကို ထုတ်ပြီးပါပြီ"

"ဪ. . . အေးအေး သား။ တစ်နယ်တစ်ကျေးမှာ လိမ်လိမ်မာမာ နေနော်သား။ ဘာပဲလိုလို အမေ့ကိုပြောနော် ကြားလား။ အမေရအောင် ရှာပေးမယ်။ သားအတွက် အမေ စိတ်ပူလို့ပါ"

"အင်းပါ အမေရယ်။ နောက်ဆို လစာနဲ့လောက်အောင် သုံးပါ့မယ်။ အမေ့ဆီကိုလဲ ပို့ပေးနိုင်အောင် ကြိုးစားပါ့မယ်။ စိတ်ချပါဗျာ"

"အေးအေး။ အမေ့အတွက်က မလိုပါဘူးကွယ်။ သား အဆင်ပြေတာပဲ ကြားချင်ပါတယ်။ ဒါပဲနော် အမေဖုန်းချလိုက်ပြီ။ ယာထဲမှာမို့လို့"

ခါတိုင်းဆို ကျွန်တော့်ဆီက ဦးအောင်ဖုန်းချပစ်နေကျ။ အမေဘာပဲပြောဆိုနေနေ "ဒါပဲ"လို့ပြောပြီး ဖုန်းချပစ်နေကျ။ ဒီတစ်ခါတော့ အမေ့အသံကို မကြားရတော့တဲ့တိုင် ကျွန်တော် ဖုန်းမချသေးဘဲ အကြာကြီး ငေးမိုင်နေမိတယ်။ တကယ်တော့-

"ကျွန်တော့်မှာရှိတဲ့အတတ်ပညာတွေ၊ ဥစ္စာတွေဆိုတာ အမေ့ဟာတွေချည်းပါပဲ"လို့ ရေရွတ်နေမိတယ်။ ပြီးတော့ ပြီးတော့ အို. . . ကျွန်တော့် မျက်ဝန်းအိမ်မှာလဲ မျက်ရည်စတွေ ရစ်ဝဲလို့လာတယ်။

## လမ်းလျှောက်ကြစို့

- ဆောင်းရာသီ အစပျိုးပါလို့
နေခြည်မထိုး အေးချမ်းနေ၊
ငွေနှင်းမှုန် ဖွဲ့ဖွဲ့ကျ
ဆောင်းလတဲ့လေ၊
ဝန်းကျင်လုံး နှင်းဖွဲ့ဝေ
ဟေမန္တရဲ့ အငွေ့အသက်၊
မီးဖိုကာ အနွေးဓာတ်ကို
လှမ်းပတ်လို့ဆက်။

- ဆောင်းရာသီ အားလပ်ရက်
လမ်းလျှောက်ထွက် အေးအေးလူ၊
ငွေနှင်းတွေ ကျော့ဖြတ်ပြေးပါလို့
အေးမြခြင်းယူ၊
လေနုအေး တိုက်ခတ်အတူ
ဆောင်းဟူသည်က ချစ်စရာကောင်း၊
နေခြည်လာ မျှော်လင့်အားနဲ့
ပြေးလွှားစုပေါင်း။

- ဆောင်းသဘင် ရာသီအကြောင်းက
အတွေးမပြောင်း မြတ်နိုးတွယ်၊
ညဥ့်ရောက်သော် စောင်အထူလေးနဲ့
ထွေးပတ်ချင်တယ်၊
ဆောင်းအလှက ချစ်စဖွယ်
ချမ်းအေးတကယ် မီးဖိုဘေး၊
ဆောင်းနံနက်မှာလ
အနွေးဆက်ကာ လေ့ကျင့်ခန်းနဲ့
လမ်းလျှောက်စို့လေး။ ။

ဖြိုးထက်(ရေစကြို)

# စလင်းမြို့နယ် စွယ်တည်ရွာသစ်ကျေးရွာ၌ Level Survey ကွင်းဆင်းတိုင်းတာ

**စလင်း နိုဝင်ဘာ ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စွယ်တည်ရွာသစ်ကျေးရွာ၌ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် Level Survey တိုင်းတာခြင်းကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းတိုင်းတာခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းတိုင်းတာရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်စုစန္ဒာနှင့် အင်ဂျင်နီယာများက စွယ်တည်ရွာသစ်ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အိမ်တိုင်ရာရောက် ရေမီတာသုံး ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် မြေပြင်အနိမ့်အမြင့် Level Survey တိုင်းတာခြင်း၊ ရေမီတာတပ်ဆင်မည့် အိမ်ခြေစာရင်း ကောက်ယူခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စွယ်တည်ရွာသစ်ကျေးရွာ၌ အိမ်တိုင်ရာရောက် ရေမီတာသုံး ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၀၁ အိမ်နှင့် လူ ၄၇၅ ဦးအတွက် သန့်ရှင်းသောသောက်သုံးရေကို အချိန်ကုန်သက်သာစွာ အိမ်တိုင်ရာရောက် ရယူသုံးစွဲနိုင်မည်ဖြစ်သောကြောင့် သောက်သုံးရေလေလွင့်ဆုံးရှုံးမှုမှ ကာကွယ်နိုင်ခြင်း၊ အချိန်ကုန်သက်သာသည့်အတွက် မိသားစုစီးပွားရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ခြင်း၊ ရေမီတာစနစ်ဖြစ်၍ မိမိသုံးစွဲသော ရေဖိုးရေခကျသင့်ငွေ ပေးဆောင်ရသည့်အတွက် ရေအရင်းအမြစ်ကို တန်ဖိုးထားတတ်သော အလေ့အကျင့်ကောင်းများဖြစ်ထွန်းလာခြင်း စသည့် အကျိုးကျေးဇူးများစွာ ရရှိမည်ဖြစ်ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

အထွေး

# (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၃ ခုနှစ်၊ (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းနှင့်တပ်မတော်စာစဉ်တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ။**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်း၊ ပြည်ပရန်ဟူသမျှကိုချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့်လက်ရှိခေတ်ကာလတွင်ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ် စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာတွင်ပါဒ ၃၀၀ မှ ၄၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင် တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့်မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များမစုံလင်ခြင်းနှင့်သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၁၀၀၀၀၀ | ကျပ် |

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတိုစာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၆၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်စာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# ဆင်ပေါင်ဝဲမြို့နယ် ကြာအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၂**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ဝင် ကျေးရွာဖြစ်သည့် ကြာအင်းကျေးရွာအုပ်စု ကြာအင်းကျေးရွာတွင် စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို နိုဝင်ဘာ ၁ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးလာစေရန်၊ နေကြာအပါအဝင် အခြား ဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များဝယ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေများထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များကို ရန်ပုံငွေများစနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ပထမအကြိမ်အဖြစ် ဆင်ပေါင်ဝဲမြို့နယ်ကြာအင်းကျေးရွာတွင် နေကြာစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ ၆၆ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၂၀၀ ထုတ်ချေးပေးခဲ့ကြောင်း



ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးက ပြောပြ၍ သိရသည်။

**သန်းလွင်(မကွေး)**

# မြန်မာနိုင်ငံမှ အုန်းသီးများ ပြည်ပသို့ တစ်နှစ်ထက်တစ်နှစ် ပိုမိုတင်ပို့နေရ



**စစ်တွေ နိုဝင်ဘာ ၂**

မြန်မာနိုင်ငံမှ အုန်းသီးများကို ပြည်ပသို့ တစ်နှစ်ထက်တစ်နှစ် ပိုမိုတင်ပို့ရောင်းချပေးနေရကြောင်း စစ်တွေနယ်စပ်ကုန်သွယ်ရေးဈေးကွက် သတင်းများအရ သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံမြေထွက်ကုန်များကို တင်ပို့ရောင်းချပေးရာတွင် ကြက်သွန်နီ၊ မန်ကျည်းစေ့၊ ချင်းအစို၊ အုန်းသီး၊ နနွင်းတက်၊ ကွမ်းသီး၊ ဆီးသီးခြောက်၊ မြေပဲဆန်(အခွံမပါ)၊ စမုန်စပါး၊ ငရုတ်သီးခြောက်၊ နှမ်းနက်၊ ထန်းလျက်နှင့် သခွားမွှေးများကို တင်ပို့ ရောင်းချပေးနေခြင်းဖြစ်ကြောင်း၊ အဆိုပါပို့ကုန်များအနက် အုန်းသီးတင်ပို့မှုကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှ စတင်တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ပြီး ပြည်ပသို့ အုန်းသီးများကို စစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်း ရွှေမင်းဂံဆိပ်ကမ်းမှ တစ်ဆင့် တင်ပို့ရောင်းချပေးနေခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ အုန်းသီးများကို ပြည်ပသို့ စတင်တင်ပို့ရောင်းချပေးခဲ့သည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှစ၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် စက်တင်ဘာလကုန်ထိ အဆက်မပြတ် တင်ပို့ရောင်းချပေးနေရကြောင်း၊ ထို့ပြင် ပြည်ပ၏ဝယ်ယူမှု မြင့်တက်လာနေသဖြင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုတင်ပို့ရောင်းချပေးခဲ့ရကြောင်း၊ အုန်းသီးများစတင်တင်ပို့ရောင်းချပေးခဲ့သည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အုန်းသီးတန်ချိန် ၁၆ တန်သာ တင်ပို့ရောင်းချပေးခဲ့ရသော်လည်း ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလအတွင်း အုန်းသီးတန်ချိန် ၇၉၈ တန်ထိ တိုးမြင့်တင်ပို့ရောင်းချပေးခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလကုန်ထိ ခြောက်လတာကာလအတွင်း အုန်းသီးတန်ချိန် ၈၈၈ တန်ထိ တိုးမြင့်တင်ပို့ ရောင်းချပေးခဲ့ရကြောင်း သိရသည်။

ပြည်ပက အုန်းသီးများ ဝယ်ယူမှုရှိနေသည့်အပြင် ပြည်တွင်းစားသုံးသူဈေးကွက်များ၊ မုန့်လုပ်ငန်းများ၊ အုန်းဆီစက်များ၊ အလှကုန်ထုတ်လုပ်သည့်လုပ်ငန်းများ၏ ဝယ်ယူမှုမှာလည်း မြင့်တက်လျက်ရှိကြောင်း၊ ပြည်တွင်းရှိ အုန်းသီးထွက်ရှိရာ ပင်ရင်းဒေသများဖြစ်သည့် ရခိုင်ပြည်နယ် ပင်လယ်ကမ်းခြေဒေသများနှင့် ဧရာဝတီတိုင်းဒေသကြီး ပင်လယ်ကမ်းခြေဒေသများရှိ အုန်းသီးဈေးကွက်များမှာလည်း သွက်လက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ ပင်ရင်းဒေသများတွင် အောက်တိုဘာလမှစ၍ အုန်းသီးဈေးနှုန်းများ မြင့်တက်လာခဲ့ရာ အုန်းသီးတစ်လုံးလျှင် ငွေကျပ် ၂၀၀ သာ ပေါက်ဈေးရှိနေခဲ့ရာမှ ငွေကျပ် ၂၅၀ မှ ၃၀၀ ထိ ဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးဈေးကွက်များတွင်လည်း အုန်းသီးတစ်လုံးလျှင် ငွေကျပ် ၁၀၀၀ ထိ ပေါက်ဈေးရရှိကာ ဝယ်ယူမှုမြင့်တက်နေကြောင်း စစ်တွေနယ်စပ်ကုန်သွယ်ရေးဈေးကွက်သတင်းများအရ သိရသည်။

**ရှမ်း ရှမ်း**

# နောင်ချိုမြို့နယ် ကျောင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နောင်ချို နိုဝင်ဘာ ၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီသီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်အတွက် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီသီအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျောင်းကုန်းကျေးရွာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့နှင့်အတူ ကျောင်းကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၅၄၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီသီအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ ကျောင်းကုန်းကျေးရွာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

## စာပေမြင့်မှ လူမျိုးတင့်မည်









## မိခင်အမည်မှန်

ပုလိပ်မြို့၊ PECတက္ကသိုလ်ဝင်တန်းဘော်ဒါ၊ တက္ကသိုလ်ဝင်တန်း(စနစ်ဟောင်း)တွင် ပညာသင်ကြားနေသော မောင်ရှင်မင်းဟန် ၏ မိခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဒေါ်ရင်ရင်ဌေး (၉/စကတ(နိုင်)၀၆၉၇၀၇)ဖြစ်ပါကြောင်း။

**ဒေါ်ရင်ရင်ဌေး (၉/စကတ(နိုင်)၀၆၉၇၀၇)**

## အမည်ပြောင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ Future Rays ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-4 တွင် ပညာသင်ကြားနေသော (အဘ) ဦးဇော်ရိပ် (၁/တနန(နိုင်)၀၀၃၇၃၉)၏ သမီး မဂ္ဂာမိုင်အောင် အား မဇူးဇူးမြတ်ဇော် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မဇူးဇူးမြတ်ဇော်**

### ပျောက်ဆုံးကြောင်း

မအူပင်မြို့နေ စောအောင်မင်းမင်း (ဘ) ဦးခင်သန်း (၁၄/မအပ(နိုင်)၂၅၀၄၂၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၈၈၂၉၈၄၁၉၂

### ပျောက်ဆုံးကြောင်း

ရွှေသောင်ယံမြို့နယ်နေ ဝင်းပြည့်ဖြိုးဟန် (၁၄/ပသန(နိုင်)၃၁၃၆၁၆) ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၄၃၇၂၃၅၇

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတင်းအချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm
Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ စီးပွားရေး
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ လူမှုရေး
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ရေးရယူရာမှာ ပင်လုံစာချုပ်နဲ့ ပြည်ထောင်စုတစ်ခုလုံးကိုစုစည်းပြီး လွတ်လပ်ရေးရယူခဲ့ပါတယ်။ ပင်လုံစာချုပ်လို့ဆိုရာမှာ အနှစ်သာရက ပင်လုံစိတ်ဓာတ်ပါပဲ။ ပင်လုံစိတ်ဓာတ်ဆိုတာ ပြည်ထောင်စုစိတ်ဓာတ်ပါ။ ဒီစိတ်ဓာတ်ဟာအရင်းခံဖြစ်သလို ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ အနာဂတ်ပြည်ထောင်စုကြီးတည်ဆောက်ရေးရဲ့ အခြေခံအုတ်မြစ်ဖြစ်တဲ့ ပြည်ထောင်စုစိတ်ဓာတ်ပဲဖြစ်ပါတယ်။ ဒါ့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ တွေ့ဆုံဆွေးနွေးရာမှာ ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံပြီး ဒေသနဲ့တိုင်းပြည်အတွက် ပကတိလိုအပ်ချက်တွေကို ညှိနှိုင်းဆွေးနွေးမှုဆောင်ရွက်လျက်ရှိပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈လ) ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

**၁-၈-၂၀၂၂**

# ၂၀၂၂ ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၆ နှစ်အောက် ဘောလုံးပြိုင်ပွဲ တတိယလုပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်း အနိုင်ရ



**နေပြည်တော် နိုဝင်ဘာ ၂**

မြန်မာ့ဘောလုံးအားကစားလောက အဆင့်အတန်းဖွံ့ဖြိုးတိုးတက်လာစေရေးကို အထောက်အကူပြုစေရန်နှင့်မျိုးဆက်သစ်ဘောလုံးအားကစားသမားများပေါ်ထွက်လာစေရန်ရည်ရွယ်ပြီး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၂ ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၆ နှစ်အောက် ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲကို ယနေ့ညနေ ၃ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ကစားရာ တနင်္သာရီတိုင်းဒေသကြီးအသင်းက အနိုင်ရရှိခဲ့ပြီး တတိယဆုရရှိခဲ့ကြောင်း သိရသည်။

**စာမျက်နှာ ၂၂ ကော်လံ ၄** ☆

## ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသူများအတွက် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)သို့ ပထမနှစ်(ပထမနှစ်ဝက်) ဝင်ခွင့်ရစာရင်းကို ကြေညာထားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)**
**ကြေညာချက်**

၁။ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသူများအတွက် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)သို့ ပထမနှစ် (ပထမနှစ်ဝက်) ဝင်ခွင့်ရ ကျောင်းသား၊ ကျောင်းသူများစာရင်းကို နိုဝင်ဘာ ၃ ရက်တွင် ဝန်ကြီးဌာန **website https://mcrd.gov.mm** နှင့် ၎င်းတက္ကသိုလ်၏ **website https://ucmt.edu.mm** တို့တွင် ကြေညာထားမည်ဖြစ်ပါသည်။

၂။ ပထမနှစ်(ပထမနှစ်ဝက်)သင်တန်းကို နိုဝင်ဘာ ၂၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို နိုဝင်ဘာ ၁၀ ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)**
**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၄၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၇၅ သိန်း ဖမ်းဆီးရမိ

စာမျက်နှာ - ၂၂



## နိုဝင်ဘာ ၂ ရက်ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃၂ ဦး တွေ့ရှိ

စာမျက်နှာ - ၂၀

## မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက GFA အသင်းကို အနိုင်ရရှိ

စာမျက်နှာ - ၉


**Central Hotel**
*YANGON*
အမှတ် - (၃၅၃ ~ ၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၁၀၀၁ ~ ၈၂၄၁၀၀၇



ကုမ္ပဏီအခမ်းအနားများ
ပြင်ပအစည်းအဝေးပွဲများ
ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..